# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နောင်တတစ်ဖန် မပူပန်ရ**

မကောင်းမှုကို မပြုခြင်းသည် မြတ်၏။ မကောင်းမှုသည် နောင်အခါ ပူပန်စေတတ်၏။ ကောင်းမှုကိုပြုခြင်းသည်ကား မြတ်၏။ ယင်းကောင်းမှုကို ပြုခြင်းကြောင့် နောင်တ တစ်ဖန် မပူပန်ရ။

ခုဒ္ဒကနိကာယ် (ဓမ္မပဒ-၃၁၄)


၁၃၇၈ ခုနှစ်၊ ကဆုန်လကွယ်နေ့ | ၂၀၁၆ ခုနှစ်၊ ဇွန် ၅ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၅)၊ အမှတ် (၂၄၄)


## ပြည်သူ့အတွက် ပထမ ရက် ၁၀၀

**စာရင်းနဲ့ စာရင်းစစ် တိုးတက်မြင့်မားဖို့ ဆောင်ပုဒ်နဲ့အညီ ဆောင်ရွက်သွားမည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ပထမ ရက် ၁၀၀**


တွေ့ဆုံမေးမြန်း-သူရဇော်(သတင်းစဉ်) စာ-၁၆၊ ၁၇




# လှိုင်သာယာမြို့နယ်၌ မှုခင်းလျော့နည်းကျဆင်းရေး ရက် ၁၀၀ စီမံချက်ဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်မှုအပေါ် မြို့ခံပြည်သူတို့ အားရကျေနပ်လျက်ရှိ



**သတင်းမှတ်စု-သန်းထိုက်(လှိုင်သာယာ)**
**ဓာတ်ပုံ-စည်သူ**

**ရန်ကုန် ဇွန် ၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ မှုခင်းများလျော့နည်းကျဆင်းရေးအတွက် ရက် ၁၀၀ စီမံချက်ဖြင့် အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်နေရာ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ်ဝင်းနိုင်၊ တိုင်းဒေသကြီး ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းဗိုလ်နှင့် မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်လွင်တို့က ကြီးကြပ်၍ မေ ၃၀ ရက်မှ စတင်ကာ ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ မှုခင်းဖြစ်ပွားမှုများသည့်နေရာ ၃၁ နေရာတို့တွင် စစ်ဆေးရှာဖွေမှုများ ဆောင်ရွက်လျက်ရှိရာ မြို့ခံပြည်သူတို့ အားရကျေနပ်လျက်ရှိကြောင်း သိရသည်။

စက်မှုမြို့ဖြစ်သည့် လှိုင်သာယာမြို့နယ်အတွင်း ဒုစရိုက်မှုခင်းများနှင့် အမှုကြီးများလျော့နည်းကျဆင်းရေးအတွက် တိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့နှင့် နယ်မြေခံရဲတပ်ဖွဲ့တို့မှ စုစုပေါင်းအင်အား ၁၆၁ ဦးဖြင့် ညနေ ၆ နာရီမှ နံနက် ၅ နာရီ အထိ ရှင်းလင်းဆောင်ရွက်လျက်ရှိသည်။ မေ ၃၀ ရက်မှ ဇွန် ၄ ရက်အထိ မှုခင်းကြိုတင်ကာကွယ်ရေးဆောင်ရွက်ခဲ့ရာ မူးယစ်ဆေးဝါး နှစ်မှု၊ လက်နက်မှု ခုနစ်မှု၊လောင်းကစားမှု (ချဲ) နှစ်မှု၊


*စာမျက်နှာ ၈ ကော်လံ ၁* ❖


လှိုင်သာယာမြို့နယ်၌ မှုခင်းကျဆင်းရေးအတွက် စစ်ဆေးမှုများ ဆောင်ရွက်စဉ်

---

**ယောချောင်းရေများ၍ ဆိုင်ကယ်ကူးတံတားမျောပါပျက်စီး**


စာမျက်နှာ-၉


**ကမ္ဘာကျော်လက်ဝှေ့သမားကြီး မိုဟာမက်အလီကွယ်လွန်**


စာမျက်နှာ-၁၀


**တရုတ်နိုင်ငံ တောင်ပိုင်းဒေသ မိုးသက်မုန်တိုင်း ဝင်ရောက်တိုက်ခတ်နိုင်**


စာမျက်နှာ-၁၁





# သူတို့သည်လည်း ကမ္ဘာသားမို့

မြေကမ္ဘာ၏ သက်တမ်းမှာ နှစ်သန်းပေါင်း ၄၅၀၀ ကျော်ခဲ့ပြီ။ ကမ္ဘာပေါ်မှာ လူရယ်လို့ ပီပီပြင်ပြင် ပေါ်လာသည်မှာ လွန်ခဲ့သည့်နှစ်ပေါင်း တစ်သိန်းနှင့် နှစ်သိန်းခန့်ကမှ ဖြစ်သည်။

ရေမြေတောတောင်များ၊ သစ်ပင်များနှင့် သားငှက်တိရစ္ဆာန်များ၊ ဇီဝမျိုးစုံမျိုးကွဲတို့မှာကား ဆင့်ကဲဖြစ်စဉ်များနှင့်အတူ သဘာဝသမိုင်း တစ်လျှောက် လူတို့ထက် စောစွာကပင် တည်ရှိနေခဲ့ကြသည်။ မြေကမ္ဘာပေါ်မှာ တစ်နေရာနှင့်တစ်နေရာ ရာသီဥတုတို့ မတူ၊ ရေမြေအနေအထားတို့လည်းမတူ၊ ရေခံမြေခံ ဓာတ်သဘာဝတို့ကလည်းမတူ။ ထိုအခါ တစ်နေရာနှင့်တစ်နေရာ သဘာဝပေါက်ပင်တို့ကလည်း ကွဲပြားခြားနားကြသလို ရှင်သန်နေထိုင်ကျက်စားကြသည့် သားငှက်တိရစ္ဆာန်များ၊ ကုန်းနေရေနေသတ္တဝါများ၊ ပိုးမွှားများအထိ မတူညီဘဲ ကွဲပြားခြားနားကြသည်။ သဘာဝပတ်ဝန်းကျင်၊ အပင်နှင့် သတ္တဝါများ အပြန်အလှန် မှီခိုနေကြသည့် ဂေဟစနစ်များစွာတို့မှာ မျက်မှောက်ကာလတွင် လူတို့၏ ပယောဂကြောင့် အများအပြား ပျက်စီးလာနေပြီဖြစ်သည်။

လူသားတို့နေထိုင်ရာ မြေကမ္ဘာနှင့် သဘာဝတရားကြီးမပျက်စီးရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး လိုအပ်ချက်ကို တစ်ကမ္ဘာလုံးက အာရုံစိုက်လာစေရန် ရည်ရွယ်၍ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၇၂ ခုနှစ်မှစတင်ကာ ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို နှစ်စဉ် ဇွန်လ ၅ ရက်နေ့တိုင်း ကျင်းပကြရန် ကမ္ဘာ့နိုင်ငံများအား ဆော်ဩလျက်ရှိသည်။ ယခုနှစ်တွင်မူ သားရိုင်းတိရစ္ဆာန်များနှင့် ၎င်းတို့၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများ တရားမဝင် ရောင်းဝယ်ကုန်သွယ်မှုများကို တိုက်ဖျက်ရန် ရည်ရွယ်၍ "Go Wild for Life" ဟူသော ဆောင်ပုဒ်ကိုသတ်မှတ်ထားသည်။

အာရှဒေသသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီး လူလတ်တန်းစားနှင့် အထက်တန်းလွှာများ တိုးတက်များပြားလာသည်နှင့်အမျှ သားရိုင်းတိရစ္ဆာန် မှောင်ခိုကုန်သွယ်မှု၏ ဦးတည်ရာဈေးကွက်မှာ အာရှဒေသဖြစ်လာကြောင်း၊ အစွယ်ကိုရယူရန်အတွက် အာဖရိကမှ ဆင်ကောင်ရေ ၂၀၀၀၀ မှ ၂၅၀၀၀ အထိ၊ ဦးချိုကိုရယူရန်အတွက် ကြံ့ကောင်ရေ ၁၂၀၀ ကျော်တို့ နှစ်စဉ် သတ်ဖြတ်ခံနေကြရသည်။ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အထိ ကာလအတွင်း အာဖရိကဆင်ကောင်ရေ ငါးသိန်းခန့်ရှိသည့် အနက် တစ်သိန်းခန့် ဆုံးရှုံးခဲ့ရပြီဖြစ်သည်။ ထို့ပြင် ဗီယက်နမ်မှ ဂျာဗားကြံ့မျိုးစိတ်တစ်မျိုး၊ ကင်မရွန်းမှ ကြံ့နက်တစ်မျိုး၊ ဂမ်ဘီယာ၊ ဗာကီနာဖာဆို၊ ဘီနင်၊ တိုဂိုနိုင်ငံများရှိ တောများမှ လူဝံကြီးများ စသည်တို့မှာ မျိုးသုဉ်းပျောက်ကွယ်သည့် အခြေအနေသို့ ရောက်ရှိသွားပြီဖြစ်သည်။ တစ်နည်းအားဖြင့် ဧည့်ခန်းအလှဆင်ပစ္စည်းများ၊ ကာမအားတိုးဆေးအပါအဝင် တိုင်းရင်းဆေးဝါးများ၊ ဖက်ရှင်အသုံးအဆောင်များ၊ တန်ဖိုးကြီး ဟင်းလျာများအဖြစ်သို့ ဘဝပြောင်းသွားခဲ့ပြီဖြစ်သည်။

မိမိတို့နိုင်ငံမှ သားငှက်တိရစ္ဆာန်များမှာလည်း အကောင်လိုက် အရှင်၊ အသေ၊ အရိုး၊ အရေခွံ၊ အသွေး၊ အသား စသည်ဖြင့် မှောင်ခိုရောင်းချမှုများရှိနေရာ အရှေ့မြောက်ဒေသ နယ်စပ်မြို့တစ်မြို့မှ သားရိုင်းတိရစ္ဆာန် တရားမဝင်ဈေးကွက်မှာ ကမ္ဘာ့မီဒီယာများကပင် အာရုံစိုက်ခဲ့ကြသည့် ဈေးကွက်တစ်ခုဖြစ်သည်။ နိုင်ငံအတွင်းရှိ သစ်တောများအတွင်း တရားမဝင် အမဲလိုက်မှုများ၊ မှောင်ခိုသယ်ဆောင်ရောင်းချမှုများရှိနေကြောင်းကိုလည်း သတင်းများတွင် မကြာခဏ တွေ့မြင်ကြရသည်။ ခိုင်မာအားကောင်းသော မူဝါဒချမှတ်ခြင်း၊ ထိရောက်စွာလှုံ့ဆော်ခြင်း၊ ဒေသအလိုက်၊ ဒေသခံပြည်သူများကိုယ်တိုင်က သားငှက်တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်တတ်လာစေရန် စည်းရုံးပညာပေးခြင်း၊ ဥပဒေရေးရာအဖွဲ့အစည်းများအား အင်အားဖြည့်တင်းပေးခြင်း နည်းလမ်းများဖြင့် သားငှက်တိရစ္ဆာန်များ တရားမဝင် မှောင်ခိုရောင်းဝယ်ဖောက်ကားမှုကို တိုက်ဖျက်သွားကြရမည်ဖြစ်ပါကြောင်း။ ။




## ပြင်ဦးလွင်၌ မိုးရာသီအကြို စာပေဟောပြောပွဲကျင်းပမည်

**ပြင်ဦးလွင် ဇွန် ၄**

ပြင်ဦးလွင်မြို့နယ် စာရေးဆရာအသင်းနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်သည့် မိုးရာသီအကြို စာပေဟောပြောပွဲကို ဇွန် ၆ ရက်တွင်ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ ည ၇ နာရီတွင် ဆရာ ဒေါက်တာခင်မောင် ညို၊ ဆရာ အော်ပီကျယ်၊ ဆရာရင်လှတို့က စာပေရေးရာများကို ဟောပြောကြမည်ဖြစ်ပြီး စာပေ ဟောပြောပွဲနှင့်အတူ ပြင်ဦးလွင်မြို့နယ် စာရေးဆရာများက ရေးသားထုတ်ဝေထားသော သုတ၊ ရသစာအုပ်စာပေများ ကိုလည်း ခင်းကျင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစာပေဟောပြောပွဲသို့ စာပေချစ်မြတ်နိုးသူများနှင့်စိတ်ပါဝင်စားသူ မည်သူမဆို လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

## ကျေးရွာမြေငှားဂရန်ထုတ်ပေးရေး ကွင်းဆင်းဆောင်ရွက်

**ဆော ဇွန် ၄**

ဂန့်ဂေါခရိုင် ဆောမြို့နယ်တွင် ပြည်သူအတွက် ရက် ၁၀၀ လုပ်ငန်းတစ်ခုဖြစ်သည့် ကျေးရွာမြေများ မြေငှားဂရန် ထုတ်ပေးရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဝင်းနှင့် ကျေးရွာမြေများမြေငှားဂရန် ထုတ်ပေးနိုင်ရေးလုပ်ငန်းအဖွဲ့ဝင်များသည် မေလအတွင်းက ကြန်တောကျေးရွာအုပ်စု လယ်ကြီးအိုင့်ကျေးရွာသို့ သွားရောက် ကွင်းဆင်းပြီး ကျေးရွာနေပြည်သူများနှင့်တွေ့ဆုံကာ ခံစားရမည့်အကျိုးကျေးဇူးများ၊ လုပ်ငန်းများကိုရှင်းလင်း၍ လုပ်ငန်းလိုအပ်ချက် များကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

(၁၀၁)

**ထင်သာမြင်သာပြုပြင်စရာ**

## မူလွန်ကျောင်း ဆွေးမြည့်ပျက်စီးနေ၍ ပြုပြင်မည့်အန္တရာယ် စိုးရိမ်နေ



ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ ကွင်းတောင်ရပ်ကွက်ရှိ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ နေ့စဉ်ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူ တစ်ရာကျော်ခန့်ရှိကြောင်း သိရသည်။

အဆိုပါကျောင်းသည် လွန်ခဲ့သော ၃၆နှစ်ခန့်က ရပ်ကွက်နေပြည်သူများ၊ ကျောင်းသားမိဘများ၊ ကျောင်းအကျိုးတော်ဆောင်များက ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့သော ခြောက်ပင်၊ လေးပင် အုတ်ညှပ်သွပ်မိုးတစ်ထပ် ကျောင်းဆောင်ဖြစ်ပြီး ယခုအခါ အဆိုပါကျောင်းမှာ သစ်သားများ ဆွေးမြည့်ခြင်း၊ အုတ်များအက်ကွဲလာခြင်းနှင့်ယိမ်းယိုင်မှုများဖြစ်ပေါ်နေကြောင်း သိရသည်။

"ယခုဒီကျောင်းမှာ ကျောင်းသား ကလေးတွေ ၁၀၀ ကျော် စာသင်နေပါတယ်။ ကျောင်းက အခြေအနေတော်တော်ဆိုးနေတယ်။ ဘယ်နေ့ပြိုကျမလဲဆိုတာကိုပဲ စိုးရိမ်နေရတယ်။ပညာရေးဌာနကိုတော့ တင်ပြထားတာ ကြာပါပြီ။ ဘာမှလည်း အကြောင်းမထူးလို့ ကျွန်တော်တို့ ကျောင်းသားမိဘတွေ၊ ကျောင်းအကျိုးတော်ဆောင်တွေအနေနဲ့ တင်ပြချင်တာက သက်ဆိုင်ရာတာဝန်ရှိသူတွေ လာရောက်ကြည့်ရှုပြီး အမြန်ဆုံး ပြုပြင်ဆောင်ရွက်ပေးစေချင်ပါတယ်"ဟုကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးအောင်ကျော်ကပြောသည်။

**ခင်ကို(ကျောက်တံခါး)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၄-၆-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၇၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၄၉၀ / ၅၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၃၀ / ၅၅၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၉.၀ |
| ဥရောပ | တစ်ယူရို | ၁၃၁၇.၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၅၆.၄၉ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၄၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၃၈၂ |
| တရုတ် | တစ်ယွမ် | ၁၇၈.၉၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၆.၉၀ |

မြန်မာ့အလင်း
၁၂၇၇ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# တောင်သူလယ်သမားများ၏အကြံပြုတင်ပြချက်များအပေါ် အလေးထားစဉ်းစားပြီး နည်းပညာအပိုင်းက ကူညီဆောင်ရွက်ပေး

ရန်ကုန် ဇွန် ၄

**ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အားသာချက်၊ အားနည်း ချက်များ ရှိနိုင်ပါကြောင်း၊ အားနည်းချက်များကို နိုင်ငံတော်နှင့်ပြည်သူတို့ ပူးပေါင်းလက်တွဲပြီး အကောင်းဆုံး ဖြေရှင်းသွားကြရမည်ဖြစ်ပါကြောင်း ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် တကောကျေးရွာ တကောရေတံခါးအနီးတွင် ဒေသနေ တောင်သူလယ်သမားများနှင့်တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ဇနီး ဒေါ်စုစုလွင်က ပြောကြားသည်။** (ယာပုံ)



ဆက်လက်၍ နိုင်ငံတော်သမ္မတ၏ ဇနီးက နိုင်ငံတော်အနေဖြင့် တောင်သူလယ်သမားများအကျိုး၊ ပြည်သူများ အကျိုးကိုရှေးရှု၍ ဘက်စုံထောင့်စုံမှ အကောင်းဆုံး ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူ ပညာရှင်များ အပိုင်းကလည်း ဒေသနေတောင်သူလယ်သမားများ၏ အကြံပြုချက်၊ တင်ပြချက်များအပေါ် အလေးထားထည့်သွင်းစဉ်းစားကြပြီး နည်းပညာအပိုင်းမှ အကောင်းဆုံး ကြိုးစားအဖြေရှာ ကူညီဆောင်ရွက်ပေးကြစေလိုကြောင်း၊ နိုင်ငံတော် အစိုးရသစ် စတင်တာဝန်ယူသည့် အချိန်မှစ၍ ပြည်သူကိုအကျိုးပြုရန်အတွက် ပြည်သူတို့၏ လိုအပ်ချက်များအား အကောင်းဆုံးဖြည့်ဆည်းပေးနိုင်ရေးကို ရည်ရွယ်ပြီး အားထုတ်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တောင်သူလယ်သမားကြီးများကလည်း စိတ်တူကိုယ်တူဖြင့် ဝိုင်းဝန်းလက်တွဲကူညီ ဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒေသနေတောင်သူလယ်သမား ကိုယ်စားလှယ်များက လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို တစ်ဦးချင်းဆွေးနွေး တင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဤဒေသအတွင်း ကြုံတွေ့နေရသော ရေကြောင်းသွားလာရေး အခက်အခဲများ၊ ရေကြီးနစ်မြုပ်မှုများ၊ ဆားငန်ရည်ဝင်ရောက်ခြင်းနှင့် ကမ်းပါးများ ပြိုကျခြင်းစသည့် ဒေသနေပြည်သူများ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများအပေါ် ဖြေရှင်းကူညီပေးနိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးချက်များအရ ရေတံခါးများ ပြုပြင်ထိန်းသိမ်းမှု အားနည်းခဲ့ခြင်း၊ ယခင်ကဆောင်ရွက်ခဲ့သော ရန်ကုန်မြို့တော် မိုင် ၃၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းလုပ်ငန်းများ အပြီးသတ်မဆောင်ရွက်နိုင်ခဲ့ခြင်း၊ ရေလမ်းကြောင်းထိန်းသိမ်းရန် လိုအပ်နေခြင်း၊ ဝင်ပေါက်၊ ထွက်ပေါက်ပါရှိသော အဆင့်မြင့်ရေတံခါးများ တပ်ဆင်ရန်လိုအပ်နေခြင်းတို့ကို တွေ့ရှိရပါကြောင်း။

မိမိတို့အစိုးရသစ်အနေဖြင့် လက်ရှိအခြေအနေတွင် ရေတံခါးများ အသစ်ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် ဒေသနေပြည်သူများ ရေလမ်းကြောင်းအသုံးပြုသွားလာရေး အဆင်ပြေချောမွေ့ရန်အတွက် ပိတ်ဆို့ထားသော မူလတကောချောင်းကို ယာယီဖွင့်လှစ်ပေးမည်ဖြစ်သော်လည်း ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ ကိစ္စရပ်များကို ဆက်လက်လုပ်ဆောင်ပေးမည် ဖြစ်ပါကြောင်း၊ ချောင်းကော မြောင်းကောများကြောင့် ဖြစ်ပေါ်နေသည့် ထိခိုက်မှုများနှင့် ရေငန်ဝင်ရောက်မှုကြောင့် လယ်မြေများ ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရေးတို့အတွက် ဒေသတစ်ခုလုံး၏ အခြေအနေပေးမှုများကို ခြုံငုံသုံးသပ်ပြီး ဒေသနေပြည်သူများအတွက် အကောင်းဆုံးနှင့် အကျိုးအရှိဆုံးဖြစ်စေရေး ကြိုးပမ်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူလယ်သမားများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# သုံးနိုင်ငံချစ်ကြည်ရေး ကားမောင်းခရီးစဉ်အဖွဲ့ဝင်များ ရန်ကုန်မြို့ရောက်ရှိ

**ရန်ကုန် ဇွန် ၄**

အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးနှင့် ချစ်ကြည်ရေး ကားမောင်း ခရီးစဉ်အဖြစ် အိန္ဒိယနိုင်ငံသား Mr. Bijoy Phangcho PP No, M 1140747 ဦးဆောင်သောအဖွဲ့ဝင် ၃၁ ဦးတို့သည် မော်တော်ယာဉ်ကိုးစီးဖြင့် ဇွန် ၃ ရက် နံနက် ၈ နာရီ မိနစ် ၂၀ တွင် မြဝတီမြို့ အာရှအမြန်လမ်းမကြီးမှ တစ်ဆင့် မော်လမြိုင်-သထုံ-ပဲခူးဘုရားကြီး-ရန်ကုန် မော်တော်ယာဉ် လမ်းမကြီးအတိုင်း ထွက်ခွာလာကြရာ ည ၇ နာရီခွဲတွင် ရန်ကုန်မြို့သို့ရောက်ရှိပြီး ရန်ကုန်မြို့ ကိုးမိုင်ရှိ ROYAL PAVILION ဟိုတယ်၌ တစ်ညတာရပ်နားခဲ့ကြသည်။



**အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးနှင့် ချစ်ကြည်ရေး ကားမောင်း ခရီးစဉ်အဖွဲ့ရန်ကုန်မြို့သို့ ရောက်ရှိလာစဉ်**
ဓာတ်ပုံ-ဇော်မင်းလတ်

အဆိုပါချစ်ကြည်ရေးကားမောင်းခရီးစဉ်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် ကုမ္ပဏီညွှန်ကြားရေးမှူး ဦးကျော်ရင်နှင့် အတူ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဦးခိုက် ဖူးမြော်ကြည်ညိုကြသည်။

မွန်းတည့် ၁၂ နာရီတွင် ချစ်ကြည်ရေးကားမောင်းခရီးစဉ်အဖွဲ့သည် ခေတ္တတည်းခိုနေထိုင် သည့်ဟိုတယ်မှ ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးအတိုင်း ထွက်ခွာသွားကြပြီး နေပြည်တော်တွင် တစ်ညတာ ညအိပ်ရပ်နားမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် နေပြည်တော်-မုံရွာ-တမူး ခရီးစဉ်အတိုင်း ဆက်လက်ထွက်ခွာကာ ဇွန် ၈ ရက်တွင် တမူးမြို့မှတစ်ဆင့် အိန္ဒိယနိုင်ငံ မိုးရေးမြို့သို့ ပြန်လည်ထွက်ခွာသွားမည်ဖြစ်ကြောင်း ကုမ္ပဏီညွှန်ကြားရေးမှူး ဦးကျော်ရင်က ပြောသည်။

သုံးနိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ချစ်ကြည်ရေးကားမောင်းခရီးစဉ်ကို Bright View Travels & Tours Co., Ltd. နှင့် အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသ အာသံပြည်နယ်အခြေစိုက် North East Federation on International Trade NEFIT တို့၏ စီစဉ်ပေးမှုဖြင့်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ကိုကိုဇော်**

# အမျိုးသားသတင်းဆုပေးပွဲ ကျင်းပမည်

**ရန်ကုန် ဇွန် ၄**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ အမျိုးသားသတင်းဆု ရွေးချယ်ရေးကော်မတီမှ ကြီးမှူး၍ စတုတ္ထအကြိမ် အမျိုးသားသတင်းဆုပေးပွဲကို ဇူလိုင် ၇ ရက်တွင် ကျင်းပမည်ဖြစ်သည်။

အမျိုးသားသတင်းဆုချီးမြှင့်ရာတွင် သတင်းသူရဲကောင်းဆု၊ အကောင်းဆုံးသတင်းဆု၊ အကောင်းဆုံး သတင်းဆောင်းပါးဆု၊ အကောင်းဆုံး သတင်းဓာတ်ပုံဆု၊ အကောင်းဆုံးသတင်းကာတွန်းဆု၊ အကောင်းဆုံး ရုပ်/သံသတင်းဆုတို့ကို ပေးအပ်မည်ဖြစ်သည်။

သတင်းဆုရွေးချယ်ရေးကော်မတီသို့ ပေးပို့ရာတွင် သတင်းသမားကိုယ်တိုင်က မိမိရေးသားသည့် သတင်း၊ မိမိကိုယ်တိုင် ရိုက်ကူးသည့်ဓာတ်ပုံ၊ ကာတွန်းကို သော်လည်းကောင်း၊ အခြားသူမှ မိမိကြိုက်နှစ်သက်သည့် သတင်း၊ ဓာတ်ပုံ၊ ကာတွန်းကို ကိုယ်စားပေးပို့ခြင်း သော်လည်းကောင်း၊ သတင်းဌာနများမှ မိမိတို့ရေးသားထုတ်ဝေ၊ ထုတ်လွှင့်သည့် မြန်မာပြည်နှင့်ပတ်သက်သည့် မည်သည့်သတင်းသုံးပုဒ်ကိုသော်လည်းကောင်းပေးပို့နိုင်သည်။

ပြိုင်ပွဲဝင်စာမူများကို ဇွန် ၁၀ ရက်နေ့ နောက်ဆုံးထား၍ (info@mjournalistsa.org) သို့လည်းကောင်း၊ မြန်မာနိုင်ငံသတင်းစာ ဆရာအသင်း၊ အမှတ် (၁၇၃/၁၇၅)၊ ပန်းဆိုးတန်းလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့သို့လည်းကောင်း ပေးပို့နိုင်ကြောင်း သိရသည်။

**အောင်သူရ**

# ဗြိတိန်နိုင်ငံက ပတ်ဝန်းကျင်ထိန်းသိမ်းမှုစနစ် အဆင့်မီ ISO လက်မှတ်ချီးမြှင့်

**ရန်ကုန် ဇွန် ၄**

ဗြိတိန်နိုင်ငံကချီးမြှင့်သော ပတ်ဝန်းကျင်ထိန်းသိမ်းမှုစနစ် အဆင့်မီမှုအတွက် Environmental Management System ISO 14001:2004 လက်မှတ်ကို မြန်မာနိုင်ငံမှ Myanmar Distillery Co.,Ltd.၏ ရန်ကုန်နှင့် မန္တလေးရှိ စက်ရုံများကရရှိခဲ့ကြောင်း ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ အဆိုပါစက်ရုံ၌ကျင်းပသည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

Myanmar Distillery Co., Ltd. ဥက္ကဋ္ဌ ဦးအောင်မိုးကျော်က "ISO လက်မှတ်ရခဲ့တာက စက်ရုံကထွက်တဲ့ ရေဆိုးတွေကို သန့်စင်တဲ့လုပ်ငန်းစဉ် အဆင့်လေးဆင့်ခွဲပြီး စနစ်တကျဆောင်ရွက်ခဲ့လို့ပါ။ ရေဆိုးသန့်စင်တဲ့လုပ်ငန်းတွေကို လုပ်ဆောင်ရာမှာ ရေဆိုးကထွက်လာတဲ့အနံ့ဆိုးတွေကို စနစ်တကျ သန့်စင်နိုင်တဲ့အတွက် စက်ရုံပတ်ဝန်းကျင်အနီးမှာရှိတဲ့ ကျေးရွာတွေ၊ အန္တရာယ်ကင်းဝေးအောင် ထိန်းချုပ်နိုင်ခဲ့တာကြောင့်ဖြစ်ပါတယ်" ဟုပြောသည်။

"သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိဖို့ နိုင်ငံအကျိုးပြုအနေနဲ့ အခြားစက်ရုံလုပ်ငန်းတွေကိုပါ သိရှိလာပြီး လုပ်ဆောင်နိုင်အောင် ဆောင်ရွက်တာဖြစ်ပါတယ်။ အဲဒီရေဆိုးသန့်စင်ခြင်းလုပ်ငန်းအတွက် ကုန်ကျစရိတ်က ဒေါ်လာ ၁ ဒသမ ၈ သန်း ကုန်ကျခဲ့ပါတယ်"ဟု ၎င်းကဆိုသည်။

Myanmar Distillery Co., Ltd. ၏ Plant Manager ဦးစိုးမိုးက "ရေဆိုးတွေကို အရည်၊ အဖတ်ခွဲခြားပြီး ပထမဆုံးအဆင့်ဖယ်လိုက်တဲ့ အဖတ်တွေကို ငါးစာအနေနဲ့ရောင်းတယ်။ တွံတေးက ငါးကန်တွေနဲ့ မအူပင်က ငါးကန်တွေကိုပို့တယ်။ နောက်ဆုံးအဆင့်အမည်းဖတ်တွေကို ဇီဝမြေဩဇာအဖြစ် ငှက်ပျောပင်နဲ့ပန်းစိုက်တဲ့နေရာတွေမှာ ပြန်သုံးပါတယ်။ အဲဒါကိုတော့ အခမဲ့ပေးပါတယ်"ဟု ပြောသည်။

**ဗြိတိန်နိုင်ငံက ချီးမြှင့်သော ပတ်ဝန်းကျင်ထိန်းသိမ်းမှုစနစ် အဆင့်မီသဖြင့် ISO လက်မှတ်ရရှိ၍ စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပစဉ်**



ယခု ISO လက်မှတ်ရရှိခြင်းမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုပြီး မိမိနေထိုင်ရာ ပတ်ဝန်းကျင်ကိုလည်း သန့်ရှင်းသာယာလှပစေရန်ရည်ရွယ်၍ လုပ်ဆောင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကလေးပြုစုရေးဌာနရှိ ကလေးသူငယ်များ၏ ကိုယ်ခန္ဓာနှင့်ဉာဏ်ရည်ဖွံ့ဖြိုးရေး ပြုစုပျိုးထောင်ပေး

**နေပြည်တော် ဇွန် ၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ရွှေဂုံတိုင် ကလေးပြုစုရေးဌာနသို့ရောက်ရှိပြီး(**ယာပုံ**) မွေးကင်းစမှ အသက်သုံးနှစ်အရွယ်အတွင်း ကလေးသူငယ်များ၏ ကိုယ်ခန္ဓာဖွံ့ဖြိုးရေးနှင့် ဉာဏ်ရည်ဖွံ့ဖြိုးရေးသည် အရေးကြီးကြောင်း၊ ယင်းကလေးပြုစုရေးဌာန၌ ရောက်ရှိနေသော ကလေးသူငယ်များမှ အနာဂတ်ခေါင်းဆောင်များ၊ ပညာရှင်များဖြစ်ပေါ်လာနိုင်သဖြင့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒများနှင့်အညီ ပြုစုပျိုးထောင်ပေးရန်လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ အကျဉ်းဦးစီးဌာနမှ လွှဲပြောင်းပေးပို့သော HIV ပိုးရှိသူ အမျိုးသမီးများအား လက်ခံစောင့်ရှောက်ထားရှိသည့် တွံတေးမြို့နယ်ရှိ အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးဌာနသို့ ရောက်ရှိပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကော့မှူးမြို့နယ် ငှက်အော်စမ်းကျေးရွာရှိ ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းသို့ရောက်ရှိပြီး ပြစ်မှုကျူးလွန်၍ ကလေးသူငယ်တရားရုံးမှ ပြစ်ဒဏ်စီရင်ခြင်းခံရသော ကလေးသူငယ်များနှင့် ကာကွယ်စောင့်ရှောက်မှု လိုအပ်သော ကလေးသူငယ်များကို လူ့ဘောင်အဖွဲ့အစည်းအတွင်းသို့ ပြန်လည်ဝင်ဆံ့နိုင်စေရန်နှင့် အကျင့်စာရိတ္တကောင်းမွန်သူများအဖြစ် ရောက်ရှိလာစေရန် လူမှုဝန်ထမ်းနည်းလမ်းများဖြင့် ပြုစုပျိုးထောင်လေ့ကျင့်ပေးရန်လိုအပ်ကြောင်း၊ ကလေးသူငယ်များ၏ အခွင့်အရေးများကို နည်းဥပဒေနှင့်အညီ အပြည့်အဝခံစားနိုင်ရေး ကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်ကြောင်း၊ သင်တန်းကျောင်းတွင် ပြုစုစောင့်ရှောက်ခြင်းနှင့် အကာအကွယ်ပေးခြင်းဆိုင်ရာ စံချိန်စံညွှန်းများပြည့်မီရေး ဆောင်ရွက်ရန်လိုအပ်ကြောင်း လူငယ်ဆိုင်ရာ မူဝါဒရေးဆွဲဆောင်ရွက်လျက်ရှိပြီး ဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံချက်ပါလုပ်ငန်းများအား ရာနှုန်းပြည့်ပြီးစီးရေးဆောင်ရွက်ရန်လိုကြောင်း မှာကြားပြီး ကလေးများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။



မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ အသက် ၆ နှစ်မှ ၁၈ နှစ်အတွင်း ပညာသင်ကြားလိုသော မျက်မမြင်ကလေးသူငယ်များကို စာပေနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးနေသည့် ကြည့်မြင်တိုင်မျက်မမြင်ကျောင်းသို့ရောက်ရှိကာ မသန်စွမ်းသူတို့၏ ကျောင်းတွင်းပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားပေးရန် မှာကြားပြီး သင်တန်းသား/သင်တန်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ကျောင်းမှသင်ကြားပေးနေသည့် သက်မွေးပညာရပ်များဖြင့် မိမိဘဝ မိမိရပ်တည်ထူထောင်နိုင်ရေး ကြိုးစားသင်ယူဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**

# တောင်ကြီး၊ ကလောအပါအဝင် ရှစ်မြို့နယ်၌ ပြည်ပချေးငွေဖြင့် မြို့ရေပေးရေးစီမံကိန်းများဆောင်ရွက်

**နေပြည်တော် ဇွန် ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်သည် JICA Myanmar Office မှ Senior Representative Mr.Kyaosuke Inada နှင့်အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး၊ ပြည်နယ်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာအဖွဲ့များနှင့်အတူ မေလကုန်ပိုင်းက ပြည်နယ်အတွင်းရှိ တောင်ကြီး၊ ပင်းတယ၊ ရပ်စောက်နှင့် ရွှာငံမြို့များ၌ ဂျပန်ချေးငွေ (ODA Loan)ဖြင့် အကောင်အထည်ဖော်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးစီမံကိန်း(MY P-I)အောက်မှ မြို့ရေပေးရေး စီမံကိန်းများအား စစ်ဆေးသည်။ **(ဝဲပုံ)**



စီမံကိန်းတစ်ခုလုံးအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ် ၁၀ ခုရှိ မြို့ ၂၃ မြို့၌ မြို့ရေပေးရေးစီမံကိန်း ၂၃ ခုကိုလည်းကောင်း၊ ရှမ်းပြည်နယ်တစ်ခုတည်းအနေဖြင့် တောင်ကြီး၊ ကလော၊ ပင်းတယ၊ ရပ်စောက်၊ ရွှာငံ၊ ပင်လောင်း၊ နောင်တရားနှင့် ဖယ်ခုံ စုစုပေါင်းမြို့ရှစ်မြို့၌ မြို့ရေပေးရေးစီမံကိန်းရှစ်ခုကိုလည်းကောင်း အကောင်အထည်ဖော်လျက်ရှိသည်။ လက်ရှိတွင် တောင်ကြီးနှင့် ကလောမြို့ ရေပေးရေးလုပ်ငန်းများမှာ ရာနှုန်း ပြည့် ပြီးစီးပြီဖြစ်ပြီး ကျန်မြို့ခြောက်မြို့ရေပေးရေးလုပ်ငန်းများ မှာ ဆောင်ရွက်ဆဲဖြစ်သည်။ ၂၀၁၇ ခုနှစ် မတ်လတွင် ရှမ်းပြည်နယ်အပါအဝင် ကျန်တိုင်းဒေသကြီး/ ပြည်နယ်များရှိဆောင်ရွက်ဆဲ မြို့ရေပေးရေးလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးမည်ဖြစ်သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ဂျာမန်ဖွံ့ဖြိုးရေးဘဏ် (KfW) နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော တောင်ကြီးမြို့နယ်ရှိ တောင်နီ-တောင်လေးလုံးကျေးလက်လမ်း ၁၀ ဒသမ ၄၅ ကီလိုမီတာ ကတ္တရာလမ်းခင်းဆောင်ရွက်နေမှု၊ ဆီဆိုင်မြို့နယ်ရှိ ဆိုက်ခေါင်-နမ့်ပေါ်လိတ်လမ်း ၁၅ ဒသမ ၀၅ ကီလိုမီတာ ကျောက်ချော/ကတ္တရာလမ်းခင်းဆောင်ရွက်နေမှုနှင့် ရွှာငံမြို့နယ်ရှိ ရွှာငံ-နပန်းကြီးလမ်း ၄ ဒသမ ၅၃ ကီလိုမီတာ ကတ္တရာလမ်းခင်း ဆောင်ရွက်နေမှုတို့ကို နိုင်ငံတကာ နည်းပညာအကြံပေး Gauff Consultant အဖွဲ့ဝင်များနှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့ပြီး လုပ်ငန်းများ အရည်အသွေးပြည့်မီရေး၊ လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေး၊ လုပ်ငန်းများ အချိန်မီပြီးစီးရေးတို့ကို အသေးစိတ်ဆွေးနွေးမှာကြားသည်။ အဆိုပါလမ်းများ ပြီးစီးပါက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်အတွင်း ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေးများ ပိုမိုကောင်းမွန်လာမည်ဖြစ်ပြီး ဒေသထွက်ကုန်များ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်၍ ဒေသစီးပွားဖြစ်ထွန်းမှုအတွက် များစွာ အထောက်အကူဖြစ်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**

# မတ္တရာမြို့နယ်၌ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း ၆၀၇၀၀ ထုတ်ချေးမည်

**မတ္တရာ ဇွန် ၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ မိုးစပါးများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မတ္တရာမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ပေးလျက်ရှိရာ ဇွန် ၁ ရက်အထိ ကျေးရွာအုပ်စု ကိုးအုပ်စုမှ တောင်သူ ၉၅၄ ဦး၏ မိုးစပါးကေ ၃၇၉၅ ကေအတွက် ငွေကျပ် ၅၉၆ ၂၅၀၀၀၀ ကို ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မတ္တရာမြို့နယ်၌ ကျေးရွာအုပ်စု ၈၈ အုပ်စုမှ မိုးစပါးကေ ၄၀၀၀၀ နှင့် ပဲမျိုးစုံကေ ၃၅၀၀ အတွက် မိုးစပါးတစ်ကေလျှင် ငွေကျပ်တစ်သိန်းခွဲနှုန်း၊ ပဲမျိုးစုံအတွက် တစ်ကေလျှင် ငွေကျပ်နှစ်သောင်းနှုန်းကို အတိုးနှုန်း ရှစ်ရာခိုင်နှုန်းဖြင့် စိုက်ပျိုးစရိတ်ချေးငွေကျပ် သိန်းပေါင်း ၆၀၇၀၀ ကို ထုတ်ချေးသွားမည်ဖြစ်သည်။

မတ္တရာမြို့နယ်ဘဏ်ခွဲမှ မိုးရာသီစိုက်ပျိုးစရိတ် ထုတ်ချေးပေးမှုတွင် ကျေးရွာအုပ်စု ၈၀ အစုအဖွဲ့ ၂၈၃၁ ဖွဲ့မှ ၈၂၀၇ ဦး၏ မိုးစပါးနှင့်ပဲမျိုးစုံကေ ၃၈၅၃၄ ကေအတွက် ငွေကျပ်သိန်း ၃၇၃၈၀ ဒသမ ၄ ကို ထုတ်ချေးပေးနိုင်ခဲ့သည်။ စိုက်ပျိုးစရိတ်ချေးငွေများကို မေလမှစ၍ ဇက်တင်ဘာလကုန်အထိ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။
**စိုးကျော်သူထွေး(မတ္တရာ)**

# မြိတ်မြို့၌ ကုန်သွယ်မှုမြှင့်တင်ရေးစည်းဝေး

**မြိတ် ဇွန် ၄**

တနင်္သာရီတိုင်းဒေသကြီး နယ်စပ်ကုန်သွယ်ရေးစခန်း(မြိတ်) အနေဖြင့် မြိတ်ဒေသအတွင်း ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးကို ဇွန် ၃ ရက် နံနက် ၁၀ နာရီက မြိတ်ခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နယ်စပ်ကုန်သွယ်ရေးစခန်း(မြိတ်) ဒုတိယညွှန်ကြားရေးမှူး ဦးနန္ဒက ကုန်သွယ်မှုလုပ်ငန်းအခြေအနေများကို ဆွေးနွေးပြီး သက်ဆိုင်ရာဌာနများက ကဏ္ဍအလိုက် ကုမ္ပဏီလုပ်ငန်းရှင်များ၊ သွင်းကုန်ထုတ်ကုန်လုပ်ငန်းရှင်များနှင့် ရေလုပ်ငန်းရှင်များက ဆွေးနွေးခဲ့ကြသည်။

နယ်စပ်ကုန်သွယ်ရေးစခန်း(မြိတ်)အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကုန်သွယ်မှုပမာဏ ပို့ကုန်လျာထားချက် အမေရိကန်ဒေါ်လာသန်း ၁၄၀ နှင့် သွင်းကုန်လျာထားချက် အမေရိကန်ဒေါ်လာသန်း ၄၀ လျာထားခဲ့ရာ ကုန်သွယ်မှုပမာဏ တစ်နှစ်လုံးလျာထားချက်အပေါ် ဧပြီနှင့်မေလတို့တွင် ဆောင်ရွက်နိုင်မှုမှာ ပို့ကုန်အနေဖြင့် အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၄၂၈ သန်း ရာခိုင်နှုန်းအားဖြင့် ၁၄ ဒသမ ၅၉ ရာခိုင်နှုန်းနှင့် သွင်းကုန်အနေဖြင့် အမေရိကန်ဒေါ်လာသန်း ၅ ဒသမ ၄၉၁ ရာခိုင်နှုန်းအားဖြင့် ၁၃ ဒသမ ၇၂ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပြီး စုစုပေါင်း ကုန်သွယ်မှုပမာဏ ရာခိုင်နှုန်းအားဖြင့် ၁၄ ဒသမ ၄၀ ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့ကြောင်း နယ်စပ်ကုန်သွယ်ရေးစခန်း(မြိတ်)မှ သိရသည်။
**ခိုင်ထူး(မြိတ်)**

# ကြည့်မြင်တိုင်မြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

**ရန်ကုန် ဇွန် ၄**

မိုးရာသီသို့ ကျရောက်လာပြီဖြစ်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ ရပ်ကွက်များ၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့က မြို့နယ်များရှိ ရပ်ကွက်များအတွင်း ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် မြို့နယ်အလိုက် ရေစီးရေလာကောင်းမွန်ရေး ကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းပြီး ဆောင်ရွက်စေခဲ့သည်။

ကြည့်မြင်တိုင်မြို့နယ်၌ မြစ်အတွင်းသို့ စီးဝင်သော အဓိကမြစ်ထွက်ပေါက်ကြီး ၁၀ ခုရှိသည်။ ထိုမြစ်ထွက်ပေါက်များသို့ ရပ်ကွက်အသီးသီးရှိ ရေနုတ်မြောင်းများက စီးဝင်လျက်ရှိနေသည်။ ယင်းစီးဝင်လျက်ရှိသော ရေနုတ်မြောင်းများအနက် မိုးရာသီကာလ အဓိကရေကြီးရေလျှံမှုဖြစ်ပေါ်နိုင်သည့် အဓိကနေရာများဖြစ်သည့် ကမ်းနားလမ်းတစ်လျှောက်နှင့် အထက်ကြည့်မြင်တိုင်လမ်းမကြီးများပေါ်ရှိ မြောင်းမကြီးများ ရေစီးရေလာကောင်းမွန်ရေးအတွက် ကြီးကြပ်မှုကော်မတီက လုပ်ငန်း ၁၀ ခုကို ရွေးချယ်၍ အဆိုပြုတင်ပြခြင်းဖြစ်သည်။

အဆိုပြုလုပ်ငန်းများ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ခွင့်ပြုငွေကျပ်သိန်း ၃၀၀ ဖြင့် ဇွန် ၂ ရက်မှ လုပ်ငန်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

လုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ လုပ်ငန်းများ အဆင်ပြေစွာဆောင်ရွက်နိုင်ရေးနှင့် မလိုလားအပ်သောကိစ္စရပ်များ မဖြစ်ပေါ်စေရေးအတွက် ကြည့်မြင်တိုင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသော ဦးကျော်နန္ဒအောင်၊ ဦးခင်ဝင်းနှင့် မြို့နယ်ရေစီးရေလာကောင်းမွန်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးရဲလင်းအောင်နှင့်အဖွဲ့ဝင်များက ဇွန် ၃ ရက်တွင် ကွင်းဆင်းကြီးကြပ်ခဲ့သည်။

အထက်ပါလုပ်ငန်း ၁၀ ခုကို မြို့နယ်ရေစီးရေလာကောင်းမွန်ရေးကြီးကြပ်မှုကော်မတီက မြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များအား ပုတ်ပြတ်ကန်ထရိုက်စနစ်ဖြင့် ဇွန် ၂ ရက်က စာချုပ်ချုပ်ဆို၍ လုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။
**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## မုတ်သုံလေ အားအသင့်အတင့်ရှိ

**နေပြည်တော် ဇွန် ၄**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေသည်။
(မိုး/ဇလ)

# မြန်မာပြည်စီးပွားရေးဖွံ့ဖြိုးမှု

**ဒေါက်တာကျော်လတ်**

တိုင်းပြည်တို့၏ စီးပွားဖွံ့ဖြိုးမှုကို ဖော်ပြခြင်းတွင် Per Capita Gross Domestic Product ခေါ် သက်ဆိုင်ရာတိုင်းပြည်တို့၏ တစ်ဦးချင်းထုတ်လုပ်မှုတန်ဖိုးသည် အရေးကြီးအချက်တစ်ချက်ဖြစ်ပေသည်။ ထိုတစ်ဦးချင်း ထုတ်လုပ်မှုတန်ဖိုးသည် World Bank, IMF, CIA Facebook စသော အဖွဲ့အစည်းများက သီးခြားစီ တွက်ချက်ကြသော်လည်း အကြမ်းအားဖြင့်၊ ပမာဏအားဖြင့် များစွာကွာဟမှုများမရှိပါ၍ ဤဆောင်းပါးတွင် အသုံးချထားသော ကိန်းများမှာ CIA Facebook မှဖြစ်ပါသည်။မြန်မာပြည်၏အထက်ပါ Per Capita GDP တစ်ဦးချင်း ထုတ်လုပ်မှုတန်ဖိုးသည် ၂၀၁၀ ခုနှစ်မတိုင်မီ၊ ဦးသိန်းစိန်အစိုးရမတိုင်မီ အချိန်က၊ မိမိတို့ ASEAN နိုင်ငံများအထဲတွင် အနိမ့်ကျဆုံး၊ နှစ်စဉ်တစ်ဦးလျှင်ဒေါ်လာ ၂၀၀၀ ဝန်းကျင်သာရှိခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် နှစ်ဆကျော်

အသေးစိတ်အကြောင်းများကိုဖော်ထုတ်ရန် သုတေသနလုပ်ငန်းများလိုအပ်ပေမည်။ သို့သော်အကြမ်းအားဖြင့် သမ္မတဟောင်း ဦးသိန်းစိန်၏ မူဝါဒများဖြစ်သော အစစအရာရာခွင့်ပြုခြင်း၊ လျှော့ပေါ့ခြင်းများကြောင့် ဖြစ်ပေမည်။ ဥပမာနိုင်ငံခြားငွေလဲလှယ်မှု၊ နိုင်ငံခြားမှ ပစ္စည်းတင်သွင်းခွင့်စသော လျှော့ပေါ့မှုများကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်ခြင်း၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများလည်းတိုးပွားလာခြင်းစသော အချက်များကြောင့် ဖြစ်နိုင်ပေမည်။

သို့သော် Per Capita GDP ဆိုသည်မှာ တစ်တိုင်းပြည်လုံးစုစုပေါင်း GDP ကို တိုင်းပြည်လူဦးရေနှင့် စားထားသော ကိန်းသာဖြစ်၍ တိုင်းပြည်၏ အထွေထွေစီးပွားရေးပမာဏမြင့်မားလာခြင်းကိုသာ ဖော်ပြပြီး တိုင်းပြည်တိုးတက်ခြင်းတွင် အထက်ပါ Per Capita GDP ကိန်းတစ်မျိုးတည်းအပေါ် အခြေခံ၍ မရပေ။ အရေးကြီးသည်မှာ ဤကိန်းမြင့်မားလာခြင်းအားဖြင့် မိမိတို့ပြည်သူလူထုအများစု

(ဇယား-၁)

| Selected ASEAN countries | Population living below poverty line in % A | Per capita GDP in 2014, PPP in US$ B | Percentage of GDP in Primary sector (% ) C | Percentage of GDP in secondary sector (%) D | Percentage of GDP in Tertiary sector (%) E | Percentage of labour force in primary sector (%) F | Percentage of labour force in secondary sector (%) G | Percentage of labour force in tertiary sector (%) H |
|---|---|---|---|---|---|---|---|---|
| Singapore | NA | 85700.0 | 0.0 | 23.8 | 76.2 | 1.3 | 14.8 | 83.9 |
| Brunei | NA | 79700.0 | 0.9 | 66.8 | 32.3 | 4.2 | 62.8 | 33.0 |
| Malaysia | 3.8 | 26600.0 | 8.9 | 35.0 | 56.1 | 11.0 | 36.0 | 53.0 |
| Thailand | 12.6 | 15600.0 | 10.4 | 37.7 | 51.9 | 32.2 | 16.7 | 51.1 |
| Indonesia | 11.3 | 11300.0 | 13.6 | 42.8 | 43.6 | 38.9 | 13.2 | 47.9 |
| Philippines | 25.2 | 7500.0 | 10.7 | 31.6 | 57.6 | 30.0 | 16.0 | 54.0 |
| Vietnam | 11.3 | 6100.0 | 17.4 | 38.8 | 43.7 | 48.0 | 21.0 | 31.0 |
| Laos | 22.0 | 5400.0 | 23.1 | 33.4 | 43.5 | 73.1 | 6.1 | 20.6 |
| Myanmar | 32.7 | 5200.0 | 36.1 | 22.3 | 41.6 | 70.0 | 7.0 | 23.0 |
| Cambodia | 17.7 | 3500.0 | 28.6 | 27.9 | 43.6 | 48.7 | 19.9 | 31.5 |

**ASEAN နိုင်ငံများအတွင်း အဆင်းရဲဆုံးအခြေအနေထက် ပိုမိုနိမ့်ကျစွာ နေထိုင်ကြရသောသူများရာခိုင်နှုန်း၊ တစ်ဦးချင်းထုတ်လုပ်မှုတန်ဖိုး GDP တွင် ကဏ္ဍအလိုက် ပါဝင်မှုအချိုးများ၊ ကဏ္ဍအလိုက်လုပ်သားအင်အားဖြန့်ဖြူးမှုတို့ကို ဖော်ပြသောဇယား (CIA Facebook မှ အချက်များကိုအခြေခံ ပြုစုထားခြင်းဖြစ်ပါသည်။)**

နှင့်ဒေါ်လာ ၄၄၀၀ အထိ မြင့်မားတိုးတက်ခဲ့ပြီး နောက်ဆုံးရရှိသော ကိန်းများအရ ၂၀၁၄ ခုနှစ်တွင် နှစ်စဉ်တစ်ဦးလျှင် ဒေါ်လာ ၅၂၀၀ ဖြစ်ရာ ASEAN နိုင်ငံများတွင် ကမ္ဘောဒီးယားနိုင်ငံသည် အနိမ့်ကျဆုံးအဖြစ်သို့ ကူးပြောင်းသွားသည်ကို တွေ့ရှိရသည်။ **(ပူးတွဲပါဇယား-၁)** ထိုသို့ ထူးဆန်းစွာမြင့်မားတိုးတက်ခဲ့ခြင်း၏

**မိမိတို့တိုင်းပြည်၏ GDP သည် ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ် တို့တွင် နှစ်ဆကျော်တိုးမြှင့်ခဲ့သော်လည်း ဆင်းရဲစွာနေကြရသူများ ရာခိုင်နှုန်းသည် လျော့နည်းမသွား၊ ထို့ကြောင့် မိမိတို့ပြည်သူလူထုအများစုအတွက် များစွာအကျိုးသက်ရောက်မှုမရှိ**

တို့အတွက် အကျိုးကျေးဇူးမည်သို့ မည်မျှရရှိသည်ကို လေ့လာကြရပေမည်။ မိမိတို့ပြည်သူလူထုအများစုတို့၏ အခြေအနေကို ပထမဦးစွာထင်ရှားစွာဖော်ပြသောကိန်းမှာ Percentage of people living below poverty line ခေါ် အဆင်းရဲဆုံးအခြေအနေထက် ပိုမိုနိမ့်ကျစွာနေထိုင်ကြရသောသူများ ရာခိုင်နှုန်းကိန်းဖြစ်သည်။ ဤကိန်းနှင့်ပတ်သက်ပါမူ မိမိတို့မြန်မာပြည်သည် လွန်ခဲ့သော ၂၀၀၇ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ အဆင်းရဲဆုံးအခြေအနေထက် ပိုမိုနိမ့်ကျစွာ နေထိုင်ကြရသောသူများရာခိုင်နှုန်း ၃၂% ခန့်နှင့် ASEAN နိုင်ငံများအထဲတွင် အမြင့်မားဆုံးသာမကပါဘဲ ကမ္ဘာပေါ်တွင်ပင် ဆင်းရဲမှု အမြင့်မားဆုံးသော တိုင်းပြည်များထဲတွင် ပါဝင်ပါသည်။

ဤအချက်ကြောင့် မိမိတို့နိုင်ငံ Per Capita GDP နှင့် Total GDP တို့ လွန်ခဲ့သောနှစ်များအတွင်း မြင့်မားလာသော်လည်း မိမိတို့ပြည်သူလူထုအများစုတို့အတွက် အကျိုးကျေးဇူးများ၊ များစွာမရရှိခဲ့ဆိုသည်မှာ ထင်ရှားပေသည်။ ဤအချက်ကို ဆက်လက်လေ့လာရန် မိမိတို့တိုင်းပြည်မှ ထုတ်လုပ်သော GDP အတွင်းကဏ္ဍအလိုက် ပါဝင်မှုအချိုးများ Sectorial contribution in the GDP ကို လေ့လာကြရပေမည်။ မိမိတို့၏ GDP တွင် Primary sector contribution ခေါ် ပထမမူလကဏ္ဍ(စိုက်ပျိုးမွေးမြူရေး၊ သစ်တောထွက်နှင့် တွင်းထွက်ပစ္စည်း) များပါဝင်မှုသည် ၃၆.၁% နှင့် လွန်စွာမြင့်မားနေသည်။ (**ပူးတွဲပါဇယား-၁ မှ အတန်း C,D & E တွင် အခြားနိုင်ငံများနှင့်လည်း နှိုင်းယှဉ်နိုင်ပါသည်**) မိမိတို့ မြန်မာနိုင်ငံ၏ GDP တွင် တင်ပြခဲ့သည့် Primary sector contribution မြင့်မားခြင်းမှာ နိုင်ငံ၏ သစ်တောထွက်ပစ္စည်းများ၊ သယံဇာတများ၊ လယ်ယာနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍမှ ကုန်ကြမ်းများထုတ်လုပ်မှုသည် မြင့်မားခြင်းကို ဖော်ပြသည်။ ထိုအချက်မှာလည်း တိုင်းပြည်၏သစ်တောများပြုန်းတီးခြင်း၊ သယံဇာတများ လျော့နည်းရခြင်း၊ ပတ်ဝန်းကျင်ပျက်စီးခြင်းစသည့်အကျိုးဆက်များရှိကြသည်။

ထိုခံယူချက်ကို ထောက်ခံနေသော အခြားလွန်စွာအရေးကြီးအချက်တစ်ရပ်မှာ မြန်မာပြည်မှပို့ကုန်တို့၏ Composition ခေါ် ပါဝင်မှုအချိုးပင်ဖြစ်သည်။ မြန်မာပြည်မှ နှစ်စဉ်ပို့ကုန်တို့တွင်လည်း တင်ပြခဲ့သည့် Primary sector products များသည် ၈၅% ထက်ပင် ပိုမိုနေကြောင်းတွေ့ရှိရသည်။ မြန်မာပြည်မှ ပျမ်းမျှနှစ်စဉ်ပို့ကုန်တို့တွင် ၄၂% သည် Petroleum gas ခေါ် ရေနံဓာတ်ငွေ့၊ ၁၁% သည် သစ်လုံးများ၊ ၁၀% သည် ပဲအမျိုးမျိုးတို့ဖြစ်သည်။ Value added items ခေါ် လူအင်အားပါဝင်သော ပစ္စည်းများဖြစ်သည့် အဝတ်အထည်များနှင့် ကျောက်မျက်ရတနာများတင်ပို့ခြင်းတို့၏ တန်ဖိုးပါဝင်မှုမှာ ၁၄.၈% သာရှိကြောင်းတွေ့ရှိရသည်။ **(ပူးတွဲပါဇယား-၂)** အထက်ပါ ရေနံဓာတ်ငွေ့ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများစသည့် Primary sector products ပို့ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းတွင် မိမိတို့၏လုပ်သားအင်အားကိုများစွာမလိုအပ်သောကြောင့် မိမိတို့တိုင်းပြည်၏အများပြည်သူတို့အတွက် အလုပ်အကိုင်များ များစွာတိုးပွားလာခြင်းမရှိပါ၍ မိမိတို့နိုင်ငံတွင် အလုပ်အကိုင်များ ဆက်လက်ရှားပါးလျက်ရှိသည်။ ထိုအချက် နှင့်တွဲဖက်၍ ဆင်းရဲမွဲတေမှုသည်လည်း ဆက်လက်မြင့်မားလျက်ရှိသည်။ သုံးသပ်နိုင်သည်မှာ မိမိတို့တိုင်းပြည်၏ GDP သည် ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ်တို့တွင် နှစ်ဆကျော် တိုးမြှင့်ခဲ့သော်လည်း ဆင်းရဲစွာနေကြရသူများ ရာခိုင်နှုန်းသည်လျော့နည်းမသွား၊ ထို့ကြောင့် မိမိတို့ပြည်သူလူထုအများစုအတွက် များစွာအကျိုးသက်ရောက်မှုမရှိဟု ပင်ဖြစ်ပါသည်။

(ဇယား-၂)

| Export Items from Myanmar in 2013 | Percentage (%) |
|---|---|
| Petroleum gas | 42.0% |
| Rough timber | 11.0% |
| Dried legumes | 10.0% |
| Rubber | 2.8% |
| Others | 19.4% |
| Primary sector products | 85.2% |
| Precious stones | 2.2% |
| Textiles & garments | 12.6% |
| Value added products | 14.8% |
| Total | 100.0% |

**မြန်မာပြည် ပြည်ပပို့ကုန်တို့ပါဝင်မှုရာ ခိုင်နှုန်းများ Source: Observatory of economic complexity**

ထိုအချက်များကြောင့် မိမိတို့ကြိုးစားသင့်ကြသည်မှာ မိမိတို့တိုင်းပြည်တွင် အလုပ်အကိုင်များ တိုးပွားလာရေးကိုရည်ရွယ်၍ စက်ရုံအလုပ်ရုံများပေါ်ပေါက်လာရန် ဖြစ်ပေသည်။ ဤလုပ်ငန်းရပ်မှာလည်း သင့်လျော်သော ဖွံ့ဖြိုးရေးဒေသများ သတ်မှတ်၍ အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ စွမ်းအင်များပေးခြင်းစသောလုပ်ငန်းရပ်တို့ဖြစ်ပေမည်။ ထိုလုပ်ငန်းရပ်တို့မှတစ်ဆင့် မိမိတို့နိုင်ငံကိုရေရှည်အားဖြင့် စက်မှုနိုင်ငံဖြစ်ရန် ကြိုးစားသင့်ကြပေသည်။

## ခေါင်လန်ဖူးဒေသသို့ တပ်မတော်ရဟတ်ယာဉ်များဖြင့် ရိက္ခာများဆက်လက်ပို့ဆောင်

**နေပြည်တော် ဇွန် ၄**

ခေါင်လန်ဖူးဒေသရှိ ဒေသခံပြည်သူများ စားသောက်ရေးအဆင်ပြေစေရေးအတွက် ရာသီဥတုအခြေအနေ ဆိုးရွားလျက်ရှိသည့်ကြားမှ ပူတာအိုမှ ခေါင်လန်ဖူးဒေသသို့ ဇွန် ၃ ရက်နှင့် ယနေ့တွင် တပ်မတော်ရဟတ်ယာဉ်များဖြင့် စားနပ်ရိက္ခာများကို အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ယနေ့တွင် ခေါင်လန်ဖူးသို့ တပ်မတော်ရဟတ်ယာဉ်များဖြင့် ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသော ဆန်အိတ် ၈၀၊ ကြက်သွန်နီ ပိဿာ ၇၀၊ ငါးခြောက်ပိဿာ ၄၀ နှင့် ဆားအထုပ် ၁၀၀ တို့ကို ပို့ဆောင်ပေးနိုင်ခဲ့သည်။

ထို့အပြင် တပ်မတော်မှ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ထားသော မငွေဇရွာရှိ ဆန်အိတ် ၂၅၀ ကိုလည်း ခေါင်လန်ဖူးဒေသသို့ အမြန်ဆုံးရောက်ရှိစေရေး ဆက်လက်ပို့ဆောင်လျက်ရှိသည်။

ယခုအခါ ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသည့် ဆန်အိတ် ၁၆၀၊ ကြက်သွန်နီ ၁၀၅ ပိဿာ၊ အာလူး ၃၅ ပိဿာ၊ ခေါက်ဆွဲခြောက် ၁၀ဖာ၊ ကြာဆံပိဿာ ၃၀၊ ကြက်ဥအလုံး ၃၀၀နှင့် ဆားအထုပ် ၂၀၀ တို့ကို ခေါင်လန်ဖူးဒေသရှိ ဒေသခံပြည်သူများလက်ဝယ်သို့ အရောက်ပေးပို့နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။
(မြဝတီ)





# အပြောအရေး ကွာဟမှုများ (၁၃)

■ မောင်ခင်မင်(ဓနုဖြူ)

"ဆရာ။ အသံအမျိုးအစားကိုပြောတဲ့အခါ သုံးတဲ့အခေါ်အဝေါ်တွေက ဆင်တူယိုးမှားတွေဖြစ်နေတော့ သမီးတို့တစ်ခါတစ်ခါ ရောရောသွားပါတယ်ဆရာ"

"ဟုတ်ပါတယ် ဆရာ"

"ဆင်တူယိုးမှားဆိုပေမယ့် အသံတွေရဲ့ လက္ခဏာကိုကြည့်ပြီး ခေါ်တဲ့အခေါ်တွေမို့ ကွဲပြားပါတယ်ကွယ်။ ကွဲပြားအောင်ဂရုစိုက်ပြီး မှတ်ရမှာပေါ့"

"ဟုတ်ကဲ့ပါ"

"အခုပြောနေတဲ့ အသံပြောင်းပုံဥပဒေသအရဆိုရင်တော့ အသံလေးမျိုး ခွဲပြီးမှတ်ရင် လုံလောက်ပါတယ်။ ပထမဆုံးခွဲမှတ်ရမှာက 'သံပြင်း' နဲ့ 'သံညင်း' ပဲ။ သံပြင်းဆိုတာက အသံပြင်းပြင်းထွက်ရတဲ့အသံမျိုး။ လည်မျိုထဲက အသံကြိုးတွေလှုပ်သွားတဲ့အသံမျိုးပေါ့။ 'ဂ၊ ဇ၊ ဒ၊ ဗ၊ သ' ဆိုတဲ့ အသံတွေ 'ဂ' ဆိုတော့ 'ဂျ' လည်းပါတာပေါ့"

"ဟုတ်ကဲ့ပါဆရာ"

"သံညင်းကတော့ အသံညင်ညင်သာသာထွက်ရတဲ့အသံမျိုး။ အဲဒီအသံတွေထွက်တဲ့အခါ သံပြင်းလိုအသံကြိုးမလှုပ်ဘူး။ က၊ ခ၊ စ၊ ဆ၊ တ၊ ထ၊ ပ၊ ဖ၊ သ ဆိုတဲ့အသံတွေပဲ 'က၊ ခ'ဆိုတော့ 'ကျ၊ ချ' လည်းပါတာပေါ့"

"ရှင်းပါတယ်ဆရာ"

"အဲဒီသံညင်းကို နှစ်မျိုးထပ်ခွဲတယ်။ 'က၊ စ၊ တ၊ ပ' ဆိုတဲ့အသံတွေက ဟသံမပါဘဲ လေအားလျော့လျော့ဆိုရလို့ သံလျော့လို့ ခေါ်တယ်။ ခ၊ ဆ၊ ထ၊ ဖ ဆိုတဲ့အသံတွေက သံလျော့တွေကို ဟသံတွဲပြီး လေအားတင်းတင်းဆိုရလို့

**အသံပြောင်းပုံဥပဒေသအရဆိုရင်တော့ အသံလေးမျိုး ခွဲပြီးမှတ်ရင် လုံလောက်ပါတယ်။ ပထမဆုံး ခွဲမှတ်ရမှာက 'သံပြင်း' နဲ့ 'သံညင်း' ပဲ။ သံပြင်းဆိုတာက အသံပြင်းပြင်းထွက်ရတဲ့အသံမျိုး။ လည်မျိုထဲက အသံကြိုးတွေလှုပ်သွားတဲ့အသံမျိုးပေါ့။ 'ဂ၊ ဇ၊ ဒ၊ ဗ၊ သ' ဆိုတဲ့ အသံတွေ 'ဂ' ဆိုတော့ 'ဂျ' လည်းပါတာပေါ့"**

သံတင်းလို့ ခေါ်တယ်။ အဲဒီသံလျော့ရော သံတင်းရောဟာ သံညင်းထဲမှာ ပါတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဆရာ"

"ကဲ...ဒီတော့ ပထမအဆင့်မှာ သံညင်းနဲ့ သံပြင်းခွဲတယ်။ ဒုတိယအဆင့်မှာ သံညင်းကိုထပ်ပြီး သံလျော့နဲ့ သံတင်းခွဲတယ်။ ဒါပဲလေ"

"ဟုတ်ကဲ့ပါ"

"ပါဠိအခေါ်တွေ၊ အင်္ဂလိပ်အခေါ်တွေနဲ့ပါတွဲပြီး မှတ်ထားရင် ပိုကောင်းတာပေါ့။ သံညင်းက ပါဠိလို အဃောသလို့ ခေါ်တယ်။ အင်္ဂလိပ်လိုတော့ Voiceless ပေါ့။ သံပြင်းက 'ဃောသ' Voiced ပေါ့။ သံလျော့က 'သိထိလ' Unaspirated ပေါ့။ သံတင်းက 'ဓနိတ' Aspirated ပေါ့။ ခွဲပြီးမှတ်ပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ကဲ...ရှေ့ဆက်ကြဦးစို့။ အရင်အပတ်ကပြောတဲ့ 'ငါးခြောက်' တို့၊ 'ငါးခူ' တို့မှာ အသံတစ်ဝက်ဆိုရတဲ့ 'င'က အသံမပြောင်းတဲ့ဗျည်းနော်။ က-ခ၊ စ-ဆတို့လို သံလျော့-သံတင်း အတွဲမရှိဘူးမဟုတ်လား။ ကဲ...အခု ရှေ့ကဗျည်းရော နောက်ကဗျည်းရော အသံပြောင်းတတ်တဲ့ဗျည်းနဲ့ မပြောင်းတတ်တဲ့ ဗျည်းတွေတွဲပြီး စဉ်းစားကြမယ်"

"ဟုတ်ကဲ့ပါ"

"ရှေ့အသံက အသံတစ်ဝက်ပြောင်းတဲ့အခြေအနေမှာ ရှေ့ဗျည်းရော နောက်ဗျည်းရော သံလျော့ (သိထိလ) ဗျည်းတွေဖြစ်နေရင် ဘယ်လိုနေမလဲ။ ကဲ ... ဆရာ နမူနာပြမယ်။ ဒါကို ဘယ်လိုအသံထွက်မလဲ" ('ကစား' ဟု ရေးပြလိုက်သည်။)

"/ဂဇား/လို့ထွက်ပါတယ် ဆရာ"

"ဟုတ်တယ်။ 'ကစား' ကိုကြည့်ရင် နှစ်သံစလုံး သံလျော့တွေချည်းပဲနော်။ အသံထွက်တော့ နှစ်သံစလုံး သံပြင်း(ဃောသ) ဖြစ်သွားတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ဒါတောင် ရှေ့အသံက နဂိုကတည်းကအသံတစ်ဝက်ဖြစ်နေတာမျိုးလေ။ ကဲ...အသံတစ်ဝက်ကိုပြောင်းတဲ့ အသံမျိုးကြည့်ရအောင်။ ခုစာအုပ်တွေတင်ထားတဲ့ ခုံကြီးကို /ဇဗွဲ/ လို့အသံထွက်တယ်မဟုတ်လား။ ရေးတော့ဘယ်လိုရေးရသလဲ"

"'စားပွဲ' လို့ ရေးရပါတယ်ဆရာ"

"'စား'ရော၊ 'ပွဲ' ရော သံလျော့တွေလေ။ နှစ်သံစလုံးသံပြင်းကိုပြောင်းသွားတာတွေ့တယ်မဟုတ်လား"

"တွေ့ပါတယ် ဆရာ"

"အဲဒီလိုပါပဲ။ 'ကမ်းပါး' လို့ရေးပြီး /ဂဗား/လို့အသံထွက်တယ်။ 'ပါးစပ်' လို့ရေးပြီး /ဗဇတ်/လို့ အသံထွက်တယ်။ 'သူကြီး' လို့ ရေးပြီး /သုဂျီး/ လို့အသံထွက်တယ်။ အများကြီးပါ။ အဲဒါကို ဘယ်လိုဥပဒေသထုတ်မလဲ၊ ထုတ်ကြည့်စမ်းပါ"

"ဟုတ်ကဲ့ပါ။ အသံနှစ်သံကို တစ်ဆက်တည်းပြောလို့ ရှေ့အသံက အသံတစ်ဝက်ကို ပြောင်းတဲ့အခြေအနေမှာ ရှေ့ဗျည်းသံရော နောက်ဗျည်းသံပါ သံလျော့တွေဖြစ်နေရင် နှစ်သံစလုံး သက်ဆိုင်ရာသံပြင်းကိုပြောင်းတယ်လို့ ဥပဒေသထုတ်ရမှာပါ ဆရာ"

"ဟုတ်ပါပြီ။ ဟုတ်ပါပြီ။ နောက်အခြေအနေတစ်မျိုးကို ကြည့်ရအောင်။ ရှေ့ဗျည်းသံရော နောက်ဗျည်းသံပါ သံတင်းတွေဖြစ်နေရင်ရော ဘယ်လိုဖြစ်မလဲ။ သမီးတို့မိန်းကလေးတွေ ဆံပင်ရှည်ကို ခေါင်းပေါ်မှာ စုထုံးထားတာကို ဘယ်လိုခေါ်သလဲ"

"/ဇဒုံး/ လို့ ခေါ်ပါတယ် ဆရာ"

"အေး ... အသံထွက်က /ဇဒုံး/ပေါ့။ ရေးတော့ ဘယ်လိုရေးသလဲ"

"'ဆံထုံး'လို့ ရေးပါတယ် ဆရာ"

"အေး .... 'ဆံ' ရော၊ 'ထုံး'ရော နှစ်သံစလုံး သံတင်းတွေမဟုတ်လား၊ အသံပြောင်းတော့ ဘယ်အသံကို ပြောင်းသွားတာလဲ"

"/ဇဒုံး/ဆိုတော့ နှစ်သံစလုံးသံပြင်းတွေ ဖြစ်သွားပါတယ် ဆရာ"

"ဟုတ်ပါပြီ။ အဲဒီလိုပဲ။ 'ဆန်ခါ'က /ဇဂါ/ ဖြစ်တယ်။ အသုံးတော့ နည်းမလားမသိဘူး။ ကလေးကို ခါးပေါ်ခွပြီး ချီထားတာကို 'ခါးထစ်ခွင်'လို့ရေးတာ အသံထွက်တော့ /ဂဒစ်ခွင်/လို့ ထွက်ရတယ်မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ဒီတော့ ဒီအခြေအနေကို ဥပဒေသထုတ်ကြည့်ပါဦး"

"ဟုတ်ကဲ့။ ရှေ့အသံက အသံတစ်ဝက်ကို ပြောင်းတဲ့အခြေအနေမှာ ရှေ့ဗျည်းရော နောက်ဗျည်းပါ သံတင်းတွေဖြစ်နေရင် နှစ်သံစလုံး သက်ဆိုင်ရာ သံပြင်းကို ပြောင်းပါတယ် ဆရာ"

"ဟုတ်ပြီနော်။ ကဲ.... တစ်မျိုးပြီး တစ်မျိုး မရိုးရအောင်ပေါ့။ နောက်တစ်မျိုး စဉ်းစားရအောင်။ အဲဒီအခြေအနေမှာ ရှေ့အသံက သံတင်း၊ နောက်အသံက သံလျော့ဖြစ်နေရင်ရော ဘယ်လိုပါလိမ့်"

"ကျွန်တော်ပြောကြည့်ပါ့မယ်။ 'ဆံပင်' လို့ရေးတာကို /ဇဗင်/လို့ အသံထွက်ပါတယ်။ 'ဆံ'က သံတင်း၊ 'ပင်'က သံလျော့ပါ။ အဲဒီမှာလည်း နှစ်သံစလုံး/ ဇဗင်/ဆိုပြီး သံပြင်းကို ပြောင်းပါတယ်ဆရာ"

"ကဲ... သမီးရော ပြောကြည့်ပါဦး။ ကဲ... ဆရာကပဲ စမေးပါမယ်။ ယောကျ်ားတွေခြင်းလုံးခတ်ရင် ပုဆိုးကို-----"

"သြော်... ဟုတ်ကဲ့။ ခါးတောင်းကျိုက်တာ မဟုတ်လားဆရာ။ အဲဒီမှာ ရေးတော့ 'ခါးတောင်း'လို့ ရေးပေမယ့် အသံထွက်တော့ /ဂဒေါင်း/လို့ အသံထွက်ပါတယ်။ 'ခါး' က 'သံတင်း'၊ 'တောင်း'က 'သံလျော့' ပါ။ ပြောင်းတော့ နှစ်သံစလုံး သံပြင်းကို ပြောင်းပါတယ်"

"ဟုတ်ပါတယ်။ ဒီတော့ ဥပဒေသထုတ်ရင်....

"အဲဒီအခြေအနေမှာ ရှေ့ဗျည်းက သံတင်း၊ နောက်ဗျည်းက သံလျော့ဖြစ်နေရင် နှစ်သံစလုံး သံပြင်းကို ပြောင်းတယ်လို့ ဥပဒေသထုတ်ရမှာပါ ဆရာ"

"ရှေ့က ဥပဒေသနဲ့ နှစ်ခုဆက်စပ်ကြည့်ရင် ဘယ်လိုပြောနိုင်မလဲ"

"သြော်...ဟုတ်ကဲ့ အသံနှစ်သံကို တစ်ဆက်တည်းပြောလို့ ရှေ့အသံက အသံတစ်ဝက်ကို ပြောင်းတဲ့အခြေအနေမှာ ရှေ့ဗျည်းသံက သံတင်းဖြစ်နေရင် နောက်ဗျည်းသံက သံတင်းဖြစ်ဖြစ်၊ သံလျော့ဖြစ်ဖြစ် သက်ဆိုင်ရာ သံပြင်းကို ပြောင်းသွားတယ်လို့ ပြောရမယ်ထင်ပါတယ် ဆရာ"

"ထင်ပါတယ် မဟုတ်ပါဘူး။ ဟုတ်ပါတယ်ကွ။ အဲဒီလိုပဲ ပြောရမှာပေါ့"

"ဟုတ်ကဲ့ပါ"

"ကဲ....နောက်အခြေအနေတစ်ခုကျန်သေးတယ်။ ရှေ့အသံက သံလျော့၊ နောက်အသံက သံတင်းဖြစ်နေရင်ရော"

"ရုတ်တရက် စဉ်းစားလို့မရသေးပါဘူးဆရာ"

"ရှေ့က'တစ်'ဆိုတဲ့ ကိန်းဂဏန်းက နောက်ကတစ်ခုခုတွဲရင် အသံတစ်ဝက်ပြောင်းတယ်မဟုတ်လား။ အဲဒီ'တစ်'ကိုမှုတည်ပြီး စဉ်းစားကြည့်ပါလား"

"ဟုတ်ကဲ့။ နောက်က သံတင်းဖြစ်ရမယ်ဆိုတော့ 'တစ်ခု' ဆိုရင်/တခု/ လို့ပဲအသံထွက်တယ်။ ဗျည်းသံတွေမပြောင်းပါဘူး။

"'တစ်ထုပ်' ဆိုရင်လည်း /တထုတ်/လို့ပဲအသံထွက်တယ် ဗျည်းသံတွေ မပြောင်းပါဘူး"

"ဟုတ်ကဲ့။ 'ပုဆိန်' လို့ရေးပေးမယ့်/ပဆိန်/လို့ပဲ အသံထွက်တာမို့ ဗျည်းသံတွေ အသံမပြောင်းပါဘူး"

"ဒီတစ်ခါတော့ ဆရာကပဲ ဥပဒေသထုတ်ကြည့်ပါမယ်။ အဲဒီအခြေအနေမှာ ရှေ့ဗျည်းသံက သံလျော့၊ နောက်ဗျည်းသံက သံတင်းဖြစ်နေရင် နှစ်သံစလုံးအသံမပြောင်းဘူးလို့ မှတ်ရမှာပေါ့"

"ဟုတ်ကဲ့ပါ"

"ကဲ...ဆင်တူယိုးမှား မျက်စိလည်စရာတွေ ကွဲပြားအောင်ခွဲခြားပြီး မှတ်ကြပေတော့ကွယ်"

---

## အီလက်ထရွန်နစ်ငွေကြေးစနစ် အခွန်တိမ်းရှောင်မှုများကိုကာကွယ်နိုင်မည်

ရန်ကုန် ဇွန် ၄

ငွေသားကိုအခြေခံသည့် ငွေကြေးစနစ်မှ အီလက်ထရွန်နစ် ငွေကြေးစနစ်သို့ပြောင်းလဲလာခြင်းဖြင့် ငွေကြေးခဝါချမှုနှင့် အခွန်တိမ်းရှောင်မှုများကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း ငွေကြေးပညာရှင်တစ်ဦးကပြောသည်။

"အခုဟာက ကျွန်တော်တို့နိုင်ငံမှာ ငွေသားအခြေခံ (Cash base) တွေပဲ တွင်ကျယ် နေတာပါ။ ပိုက်ဆံတွေကို Card တွေထဲထည့်အသုံးပြုတဲ့ အီလက်ထရွန်နစ်စနစ်ကိုရောက်ဖို့ လိုအပ်နေပါသေးတယ်။ ဒါကိုပြည်တွင်းဘဏ်တွေကတော့ လုပ်နေပါပြီ။ ငွေသားကိုင်ပြီး သုံးတာထက် ကတ်တွေကိုကိုင်ပြီး သုံးတာက ပိုပြီးလုံခြုံစိတ်ချရပါတယ်။ လုယက်မှုတွေ၊ ခါးပြတိုက်မှုတွေကို ကတ်စနစ်က ရှောင်ရှားနိုင်ပါတယ်။ ငွေဖြူငွေမည်းလုပ်တာတွေ၊ ငွေကြေး ခဝါချမှုတွေ၊ အခွန်တိမ်းရှောင်တာတွေကို ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အီလက်ထရွန်နစ်ငွေကြေးစနစ်က ဘဏ်မှာစာရင်းပေါ်နေတဲ့အတွက် အခွန်တိမ်းရှောင် လို့မရပါ ဘူး"ဟု ဇွန် ၃ ရက်မှ ၅ ရက် အထိ တပ်မတော်ခန်းမ၌ ကျင်းပသော Money Expo 2016 ပြပွဲတာဝန်ခံ ဒေါက်တာ ဇာနည်မောင်မောင်က သတင်းထောက်များအားရှင်းပြသည်။

မြန်မာနိုင်ငံတွင် ယင်းကဲ့သို့ငွေကြေးဆိုင်ရာဝန်ဆောင်မှု ပြပွဲများကို များများပြုလုပ်သင့်ကြောင်းလည်း ၎င်းကပြောသည်။ ယင်းပြပွဲတွင် ငွေကြေးဆိုင်ရာ ကုမ္ပဏီပေါင်း ၃၀ မှ ပြခန်းပေါင်း ၇၀ ပြသထားသည်။

ယခုအခါ ပြည်တွင်းပုဂ္ဂလိကဘဏ်များက သမားရိုးကျ ဘဏ်လုပ်ငန်းများအပြင် အီလက်ထရွန်နစ် ဘဏ်ဝန်ဆောင်မှု အမျိုးမျိုး ဆောင်ရွက်လာကြသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတစ်ရပ်အဖြစ် စက္ကူသုံးစွဲမှုလျှော့ချရေး အစီအစဉ်တစ်ရပ်ဖြစ်သော e Savings Account ဝန်ဆောင် မှုကိုလည်း စတင်နေပြီဖြစ်သည်။ ဘဏ်လုပ်ငန်းဝန်ဆောင်မှု အားလုံးကို အချိန်မရွေးအသုံးပြုနိုင်သော i Banking Services ဝန်ဆောင်မှုကိုလည်း အသုံးပြုလာပြီဖြစ်သည်။ မည်သည့်နေရာရောက်သည်ဖြစ်စေ ၂၄ နာရီ ဘဏ်ဝန်ဆောင်မှု ပေးနိုင်သော Mobile Banking စနစ်ကိုလည်း စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။

ပြည်ပနိုင်ငံများသို့ခရီးသွားသူများအတွက် ငွေသားများကို သယ်ယူသွားရန်မလိုအပ်ဘဲ လွယ်ကူသက်သာလုံခြုံစိတ်ချစွာ ကိုင်ဆောင်သွားနိုင်သော EASI Travel Union Pay Card စနစ်ကိုလည်း သုံးစွဲလာနိုင်ပြီဖြစ်သည်။

ယင်းကဲ့သို့ အီလက်ထရွန်နစ်ငွေကြေးစနစ်ကို ပုဂ္ဂလိကပိုင်းက ငွေကြေးအရင်းအနှီးမြောက်မြားစွာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေသကဲ့သို့ နိုင်ငံတော်အစိုးရပိုင်းနှင့် သုံးစွဲသူများ အပိုင်းက ပူးပေါင်းလုပ်ဆောင်နိုင်မှသာ အောင်မြင်လာမည်ဖြစ်ပြီး ငွေစက္ကူများရိုက်ထုတ်နေရမှု လျော့နည်းလာမည်ဖြစ်ကြောင်း ပညာရှင်များက သုံးသပ်ထားသည်။




သတင်း-မြင့်မောင်စိုး

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

# အရိုးစွဲလာသည့် ကွမ်းစားသုံးမှုဓလေ့ ပပျောက်အောင်ဆိုလျှင် ....

**သတင်း-ဝင်းဝင်းမော်၊ နန္ဒာဝင်း**
**ဓာတ်ပုံ-ဖိုးထောင်**

ကွမ်းကိုဆယ်ကျော်သက်အရွယ်ကစပြီး စွဲစွဲမြဲမြဲစားလာခဲ့သူ ကိုကျော်ဇင်မြင့်တစ်ယောက် အနှစ် ၂၀ လောက်ကြာသည့် ယခုအချိန်မှာ ကွမ်းဆက်မစားဖို့ ယတိပြတ် ဆုံးဖြတ်လိုက်ပါသည်။ လျှာတွေထူ၊ ပါးတွေရောင်နေပြီး အစားအသောက်ပျက်လာကာ ရေပင် ခက်ခက်ခဲခဲမျိုချရနေရတဲ့အတွက် ယခုလို




ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

"ပါးစပ်တွေ ပေါက်လာတယ်။ ထမင်းစားလို့ အပူ၊ အစပ်နည်းနည်းစားမိရင် မျက်ရည်ပေါက်ပေါက် ကျရလောက်အောင် ခံစားရတယ်။ ဘယ်လိုမှ မနေနိုင်လို့ နောက်ဆုံးမှာ ကွမ်းဖြတ်ဖို့ ဆုံးဖြတ်လိုက်တယ်"ဟု ကွမ်းယာကြောင့် ခံစားရသည့် ဒုက္ခများကိုပြောပြသည်။

ရှေးယခင်က ကွမ်းကို မိရိုးဖလာနည်းဖြင့် ကိုယ်တိုင်ယာစားခဲ့သော်လည်း ယခုအခါ နိုင်တီတူး၊ ဖိုးတီဖိုက်၊ ဟန်ဒရက်၊ ဘုရင်မ၊ နှပ်ဆေး၊ ဆေးပေါင်းစသည့် ပြည်ပမှ တင်သွင်းလာသော ကွမ်းစားဆေးတို့ဖြင့် ကွမ်းကို ဆေးအမျိုးမျိုး ပုံစံအမျိုးမျိုးဖြင့် စားသုံးလာကြသည်။

သို့သော် ကိုကျော်ဇင်မြင့်ကဲ့သို့ ကွမ်းဖြတ်သူများမှာ အနည်းစုသာဖြစ်ပြီး အများစုမှာ ကွမ်းယာကို နှစ်ခြိုက်စွာ စားသုံးနေကြဆဲပင်ဖြစ်သည်။

ကွမ်းယာဆိုင်များကိုလည်း ကားမှတ်တိုင်များ၊ လူစည်ကားသောနေရာများ၊ လမ်းများ၊ ရပ်ကွက်များရှိ မည်သည့်လမ်းဘေးဆိုင်မဆို အလွယ်တကူ ဝယ်ယူစားသုံးနိုင်သည်။

"စားတဲ့သူတွေရှိနေသရွေ့ ရောင်းတဲ့သူကတော့ ရှိနေဦးမှာပဲ။ ဘတ်စ်ကားတစ်မှတ်တိုင်မှာတောင် ကွမ်းယာဆိုင်သုံးခုလောက်ရှိပါတယ်"ဟု ဗဟန်းမြို့နယ် ကွမ်းယာရောင်းသူတစ်ဦးက ပြောသည်။

ကွမ်းကို ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် စိုက်ပျိုးလျက်ရှိပြီး ရန်ကုန်မြို့ရှိ သီရိမင်္ဂလာဈေး ကွမ်းကုန်စည်ဒိုင်များသို့ ပန်းတနော်၊ ကျောင်းကုန်း၊ ဟင်္သာတ၊ ညောင်တုန်းမြို့နယ်တို့မှ ကွမ်းရွက်များ အဓိကဝင်ရောက်လျက်ရှိသည်။ နေ့စဉ်ကွမ်းခြင်းအလုံး ၂၀၀ ဝန်းကျင် ရောင်းအားရှိနေသည်ဟုလည်း ကွမ်းကုန်သည်တစ်ဦးက ပြောသည်။

အင်းစိန်မြို့နယ်ရှိ ရွှေညာသားကွမ်းယာဆိုင်ကတော့ တစ်နေ့ကိုကွမ်းရှစ်ပိဿာမှ ၁၀ ပိဿာဝန်းကျင် ရောင်းချနေရသည်ဟု ဆိုသည်။

ယနေ့ခေတ်ကာလတွင် ကွမ်းကို သက်ကြီးရွယ်အိုများသာမက လူငယ်များလည်း စားသုံးနေကြရာ ကွမ်းယာရောင်းချခြင်းသည် မိသားစုဘဝရပ်တည်ရေးအတွက် တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။ သာမန် ကွမ်းယာဆိုင်တစ်ဆိုင်၏ ရောင်းအားမှာ ပျမ်းမျှ သောင်းဂဏန်းဝန်းကျင် ရှိပြီးနာမည်ရ ကွမ်းယာဆိုင်များဆိုလျှင် ရောင်းအားသိန်းချီ၍ပင်ရှိကြောင်း သိရသည်။ ကွမ်းယာရောင်းခြင်းသည် အရင်းအနှီးနည်းနည်းဖြင့် အမြတ်များများရသည့် လုပ်ငန်းတစ်ခုလည်းဖြစ်၍ ရပ်ကွက်အတွင်းရှိလမ်းတိုင်းတွင် ကွမ်းယာဆိုင်များ လက်ညှိုးထိုးမလွဲဖြစ်လာသည်။

"ကျွန်မသားလေးကို ကွမ်းရောင်းပြီးတော့ ကျောင်းထားလာတာ အခုဆို GTC တောင်ပြီးသွားပြီ"ဟု အင်းစိန်မြို့နယ်တွင် ဆယ်စုနှစ်တစ်ခုကြာ ကွမ်းရောင်းချလာသူ မမိုးမိုးကပြောသည်။

ကွမ်းယာကို စွဲစွဲလမ်းလမ်းစားတတ်သူတစ်ယောက်၏ တစ်နေ့ကုန်ကျငွေမှာ ပျမ်းမျှတစ်ထောင်ဝန်းကျင် ရှိသည်ဟုလည်း ကွမ်းစားသုံးသူများက ဆိုကြသည်။

"အရသာက ကောင်းလို့ရယ် မဟုတ်ဘူး။ စိတ်ခံစားမှုတစ်ခုအနေနဲ့ စားတာပါ။ အစားတစ်ခုခုစားပြီးတိုင်း ပါးစပ်ထဲ ကွမ်းလေးထည့်လိုက်ရရင် ကျေနပ်သွားတယ်။ ပြည့်စုံသွားသလိုလည်းခံစားရတယ်"ဟု သဃ်္ဃန်းကျွန်းမြို့နယ် (ဂ) ရပ်ကွက်နေ ကိုကျော်ဇင်မြင့်က ဆက်လက်ပြောပြသည်။

ကွမ်းကြောင့် ငွေကြေးကုန်ကျမှုသာမက နောက်ဆက်တွဲရောဂါများအဖြစ် သွားနှင့်ပတ်သက်သည့် ရောဂါများ၊ ရေရှည်စားသုံးမည်ဆိုပါက လျှာကင်ဆာ၊ ပါးစောင်ကင်ဆာ၊ သွားဖုံးကင်ဆာ၊ လည်ချောင်းကင်ဆာများအပြင် ထုံးကြောင့် ဆီးလမ်းကြောင်း ကျောက်တည်ခြင်း၊ ကျောက်ကပ် ကျောက်တည်ခြင်းတို့ဖြစ်စေနိုင်ကြောင်း မြန်မာနိုင်ငံဆရာဝန်အသင်းမှ သိရသည်။

"ကွမ်းရဲ့သဘာဝကိုက လူကိုစွဲစေတယ်။ ကွမ်းစားဆေးတွေပါတာကြောင့်လည်း စွဲလမ်းပြီး ဖြတ်ရခက်တော့တာပေါ့။ ကွမ်းစားတာ ကျန်းမာရေးအတွက်လည်း အကျိုးမရှိဘူး၊ ကြည့်ရတာလည်း ရုပ်ဆိုးတယ်။ ကွမ်းတံတွေးကို စနစ်တကျမထွေးရင်လည်း ပတ်ဝန်းကျင်ကို ညစ်ပတ်စေတယ်"ဟု ဒေါက်တာ စိုးထွန်းကပြောသည်။

ကျန်းမာရေးဆိုးကျိုးများသာမက စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးခြင်းကြောင့် ပတ်ဝန်းကျင်သန့်ရှင်းမှုကို ထိခိုက်စေနိုင်သဖြင့် အစိုးရသစ်လက်ထက် တွင် ကွမ်းစားသုံးမှု လျှော့နည်းပပျောက်ရေး စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ နိုင်ငံတစ်ဝန်းလုံးရှိ ဌာနဆိုင်ရာရုံးများ၊ ကျောင်းများ၊ အဖွဲ့အစည်းများတွင် တာဝန်ချိန်အတွင်း ဝန်ထမ်းများ ကွမ်းစားသုံးမှု မရှိစေရေး၊ ဌာနဆိုင်ရာအဆောက်အအုံနှင့် ပရိဝုဏ်အတွင်းတွင် ကွမ်းယာဆိုင်များ မရှိစေ


စည်းကမ်းမဲ့ စွန့်ပစ်ထားသည့် ကွမ်းတံတွေးနှင့်ကွမ်းယာအိတ်

ရေးအတွက်လည်း အကောင်အထည် ဖော်ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ကွမ်းယာနှင့် ဆက်စပ်ပစ္စည်းရောင်းသူဗဟန်းမြို့နယ်နေ မဝင်းဝင်းလှိုင်က "ကွမ်းစားသုံးမှု လျှော့နည်းပပျောက်ရေးဆောင်ရွက်မယ်ဆိုတာက ကွမ်းယာဆိုင်တစ်ခုတည်း ပပျောက်အောင် ဆောင်ရွက်လို့ မရပါဘူး ။ မြန်မာတစ်နိုင်ငံလုံးက ကွမ်းစိုက်တောင်သူတွေ၊ ကွမ်းပွဲရုံတွေ၊ ကွမ်းယာရောင်းသူတွေရဲ့ ဘဝရပ်တည်ရေးအတွက်ကိုလည်း စဉ်းစားရမှာ ဖြစ်ပါတယ်။ အခြားအစားထိုးအလုပ်တွေ စဉ်းစားပေးမယ်လို့ဆိုတယ်။ တစ်ကယ်တော့မလွယ်ဘူး။ အခုတောင် အလုပ်အကိုင်ကရှား၊ စားဝတ်နေရေးခက်


ကွမ်းယာရန် အသင့်ပြင်ထားသည့် ကွမ်းယာခုံတစ်ခုကို တွေ့ရစဉ်

နေတာ" ဟု ပြောသည်။

"ကွမ်းစားသုံးခြင်း၏ အကျိုးဆက်အန္တရာယ်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် စည်းရုံးပညာပေးခြင်းများ ဆောင်ရွက်ရန်လိုသလို၊ ကွမ်းမစားရနယ်မြေ၊ ကွမ်းမရောင်းရ နယ်မြေ သတ်မှတ်ခြင်းများသာ ဆောင်ရွက်သင့်သည်ဟု ၎င်းက ဆက်လက်အကြံပြုသည်။

"ကွမ်းစားသုံးမှုကို လုံးဝပပျောက်အောင်ကတော့ မဖြစ်နိုင်ဘူးထင်ပါတယ်။ တဖြည်းဖြည်းတော့ လျှော့နည်းအောင် လုပ်လို့ရမယ်"ဟု ရန်ကုန်မြို့ရှိ ကွမ်းကုန်သည်တစ်ဦးဖြစ်သူ ဦးမောင်ဦးက ပြောသည်။

မန္တလေးမြို့တွင် ကွမ်းစားသုံးမှု လျှော့နည်းပပျောက်ရေး လှုပ်ရှားမှုတစ်ခုအဖြစ် စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးသူများ ပပျောက်စေရန် ပြီးခဲ့သည့် မေ ၂၈ ရက်ကစတင်၍ ကွမ်းတံတွေးထွေးရန် ပလတ်စတစ်ဘူးများကို ဝမ်းတူဝမ်းပြည်သူ့ကူညီရေး အဖွဲ့များကလည်း လူစည်ကားသည့် နေရာများနှင့် ကွမ်းယာဆိုင်များတွင် ကွမ်းတံတွေးဘူးများကို လိုက်လံဝေငှပေးခဲ့သည်။

ရန်ကုန်မြို့နေ ကိုတင်လှိုင်ထူးက "ကွမ်းစားတဲ့သူတွေရဲ့ ဒုက္ခက ကွမ်းတံတွေးထွေးခြင်းပါပဲ၊ ကျွန်တော်ကိုယ်တိုင်လည်းစည်းကမ်းမဲ့ ကွမ်းတံတွေးထွေးဖြစ်တယ်ဆိုတာကိုလည်း ဝန်ခံပါတယ်"ဟု ဆိုသည်။

မြန်မာနိုင်ငံတွင် ကွမ်းယာစားသုံးမှုတွင်ကျယ်လာသည်နှင့်အမျှ လမ်းများ၊ ပလက်ဖောင်းများ၊ ရေမြောင်းများ၊ လှေကားချောင်များ၊ သစ်ပင်၊ ပန်းပင်များ အပါအဝင် နေရာအနှံ့အပြားတွင် ကွမ်းတံတွေးများကို ရုပ်ဆိုးအကျည်းတန်စွာ မြင်တွေ့နေရသည်။

မြန်မာနိုင်ငံတွင်သာမက မြန်မာအများစု သွားရောက်အလုပ်လုပ်ကိုင်နေသည့် စင်ကာပူ ၊ မလေးရှားနှင့် ကိုရီးယားနိုင်ငံများတွင်လည်း စည်းကမ်းမဲ့ ကွမ်းသွေးထွေးခြင်းများကြောင့် သက်ဆိုင်ရာနိုင်ငံများမှ အာဏာပိုင်များနှင့် ပြည်သူများ၏ ငြိုငြင်မှုများကိုလည်း ကြားသိနေရသည်။

**ကွမ်းကြောင့် ငွေကြေးကုန်ကျမှုသာမက နောက်ဆက်တွဲရောဂါများအဖြစ် သွားနှင့်ပတ်သက်သည့် ရောဂါများ၊ ရေရှည်စားသုံးမည်ဆိုပါက လျှာကင်ဆာ၊ ပါးစောင်ကင်ဆာ၊ သွားဖုံးကင်ဆာ၊ လည်ချောင်းကင်ဆာများအပြင် ထုံးကြောင့် ဆီးလမ်းကြောင်း ကျောက်တည်ခြင်း၊ ကျောက်ကပ် ကျောက်တည်ခြင်းတို့ဖြစ်စေနိုင်**

မြန်မာရာဇဝင် သမိုင်းများအရ ကွမ်းစားသုံးသည့် ဓလေ့မှာ ယခင်ကတည်းက ရှိခဲ့သည်။ ကွမ်း၊ ထုံး၊ ကွမ်းသီးများကို ကြေးကွမ်းအစ်၊ ယွန်းကွမ်းအစ်များဖြင့် တခမ်းတနား တည်ခင်းညှော်ခံလေ့ရှိသည်မှာ မြန်မာတို့၏ ရှေးရိုးအစဉ်အလာတစ်ခုလည်း ဖြစ်ခဲ့သည်။

ရခိုင်ဘုရင်မင်းထီး (သက္ကရာဇ် ၆၄၁ - ၇၃၆ )လက်ထက်တွင် မှူးမတ်တို့သည် ကွမ်းစားပြီးလျှင် နန်းတော်တိုင်ကို အမှတ်မဲ့ ထုံးသုတ်လေ့ရှိကြသည်။ ဘုရင်ကထုံးသုတ်သူကိုတွေ့လျှင် သုတ်သည့်လက်ချောင်းကို ဖြတ်မည်ဟု အမိန့်ထုတ်ခဲ့သည်။ တစ်နေ့၌ ဘုရင်မင်းထီးသည် နန်းတော်တိုင်ကို ထုံးသုတ်ခဲ့မိသဖြင့် မှူးမတ်ဗိုလ်ပါ အများသူငါရှေ့တွင် မိမိလက်ညှိုးကိုကိုယ်တိုင်ဖြတ်ကာ စည်းကမ်းလိုက်နာခဲ့သည့်သာဓကများလည်း ရှိခဲ့သည်။

**တံတားဦးက ကွမ်းနုဝါ၊ ငမြောကဆေး၊ ကွမ်းသီးတောင်ငူနှင့် ကိုင်းထုံးဖြူ၊ ပြည်ရွာ၊ သာဝါးလို့ထွေး** စသည်ဖြင့် ကွမ်းနှင့်ပတ်သက်၍ ချစ်မြတ်နိုးစရာ မြန်မာ့ဓလေ့ပေါ်လွင်အောင် ရေးဖွဲ့ထားသောကဗျာများ၊ ရာဇဝင်များနှင့်အတူ အရိုးစွဲလာခဲ့သည့် မြန်မာတို့၏ ကွမ်းစားသုံးမှုဓလေ့အား အမှန်တကယ် လျှော့နည်းပပျောက်အောင် အားလုံးက အသိစိတ်ဓာတ်ရှိရှိဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမှသာ ..........။

# ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေးဆောင်ရွက်

**မန့်ဟီးရိုး ဇွန် ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မန့်ဟီးရိုးမြို့၌ ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် စုပေါင်းသန့်ရှင်းရေးကို ဇွန် ၄ ရက် နံနက် ၈ နာရီက ဌာနဆိုင်ရာဝန်ထမ်းများ၊ နယ်မြေခံတပ်စခန်းမှ တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်သုံးခုမှ အုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၉၈ ဦးဖြင့် ကျောင်းပတ်ဝန်းကျင်ရှိ ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ယင်းလုပ်ဆောင်မှုများအပေါ် အထက်တန်းပြဆရာမ ဒေါ်နန်းဖြူဖြူဝင်းက "ကျောင်းပတ်ဝန်းကျင်ကို အခုလိုသန့်ရှင်းရေး စုပေါင်းဆောင်ရွက်ပေးခဲ့တဲ့အတွက် အထူးဝမ်းသာမိပါတယ်။ ခုအချိန်က သွေးလွန်တုပ်ကွေးရာသီဖြစ်သလို၊ အယ်နီညိုကြောင့်လည်း သွေးလွန်တုပ်ကွေးရောဂါ ပိုမိုဖြစ်မယ်လို့ ဖတ်ရတဲ့အတွက် ကလေးတွေအပေါ်စိုးရိမ်နေတာ သန့်ရှင်းရေးကြောင့် စိတ်သိပ်ပူစရာ မလိုတော့ဘူး။ ဒါပေမယ့် တာဝန်ရှိသူတွေနဲ့ ညှိနှိုင်းပြီး ခြင်ဆေးဖျန်းတာကို ဆက်လက်လုပ်ဆောင်သွားမယ်။ မြို့အတွင်းမှာရှိတဲ့ ကျန်တဲ့ကျောင်းတွေကိုလည်း အခုလိုဆက်လက်လှုပ်ရှားဆောင်ရွက်သွားမှာပါ" ဟု ပြောကြားခဲ့သည်။

**အယ်လ်စိုး (ပြန်/ဆက်)**

# အစိုးရနဲ့ပူးပေါင်းပြီး ကိုယ့်ဒေသဖွံ့ဖြိုးတိုးတက်အောင်၊ တည်ငြိမ်အေးချမ်းအောင် အထောက်အကူပေးသွားမယ်

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဒေသခံပြည်သူများ၏ လိုလားချက်၊ မျှော်လင့်ချက်များနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။



ဦးတင်လေး



ဦးထွန်းရွှေ



ဦးထွန်းသန့်ကျော်



ဦးဝင်းအေး



ဦးစောလွင်

**ဦးတင်လေး**

**ဥက္ကဋ္ဌ**

**သံတွဲမြို့နယ် စည်ပင်သာယာရေးကော်မတီ**

အစိုးရအဖွဲ့ တာဝန်ရှိသူတွေ အနေနဲ့ သံတွဲမြို့ကိုလာပြီးတော့ လိုအပ်တာတွေ ဖြည့်ဆည်းပေးတဲ့အတွက် ကျွန်တော့်အနေနဲ့ အထူးပဲဝမ်းသာပါတယ်။ ကျွန်တော်ကတော့ စည်ပင်နဲ့ ပတ်သက်ပြီး လမ်းလေးခုလောက် ပြင်ဖို့ အစီအစဉ်လုပ်ထားပါတယ်၊ သံတွဲက သဘာဝဘေးအန္တရာယ်တွေ၊ ရေဘေးတွေက နှစ်စဉ်နှစ်တိုင်းရှိတယ်၊ အဲဒီတော့ ဒီမှာရှိတဲ့ ကတ္တရာလမ်းက ရေတိုက်စားရင် တစ်နှစ်တစ်ခါ ပြန်ပါသွားတယ်၊ အခု ကျွန်တော့်အနေနဲ့ ကွန်ကရစ်လမ်းလေးခုကို တည်ဆောက်ပေးဖို့အတွက် တင်ပြဖို့ အစီအစဉ်ရှိပါတယ်။ ကွန်ကရစ်လမ်းကတော့ ရေကြီးပေမယ့် အနည်းဆုံး လေးငါးနှစ်လောက်တော့ ခံပါတယ်။

**ဦးထွန်းရွှေ**

**ဥက္ကဋ္ဌ**

**ဂွမြို့နယ် စည်ပင်သာယာရေးကော်မတီ**

ကျွန်တော်ကတော့ ကျန်းမာရေးကိစ္စကို တင်ပြဖို့ အဓိကထားပါတယ်။ ကျွန်တော်တို့ ဂွမြို့မှာ ခုတင် ၅၀ ဆံ့ ဆေးရုံတစ်ရုံရှိပါတယ်။ ဒါပေမယ့် ဆရာဝန်က နှစ်ဦးပဲရှိတယ်။ အဲဒါကြောင့် လိုအပ်တဲ့ဆရာဝန်တွေကို တိုးချဲ့ပြီးခန့်ထားပေးဖို့အတွက် တင်ပြဖို့ စီစဉ်ထားပါတယ်။ နောက်တစ်ခုကလည်း ကျေးလက်ကျန်းမာရေးဌာနတွေမှာ မြေရှိပြီးတော့ အဆောက်အအုံမရှိတာတွေ ရှိပါတယ်။ အဲဒါကြောင့် ကျေးလက်ကျန်းမာရေးဌာနတွေမှာ လိုအပ်တဲ့ အဆောက်အအုံတွေကို ဆောက်လုပ်ပေးနိုင်ဖို့ တင်ပြဖို့ တစ်ချက်ပါပါတယ်။ ဒါကတော့ အထောက်အကူဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံတော်မှာ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေရော ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ပါ ဒေသရဲ့ ဖွံ့ဖြိုးရေးအခြေအနေ လိုအပ်ချက်တွေကို လာပြီးတော့ ဖြည့်ဆည်းပေးမယ့် အနေအထားဖြစ်ပါတယ်။ အဲဒါကြောင့် ဒေသကနေတင်ပြလိုက်တဲ့ အချက်အလက်တွေပေါ်မှာလည်း အရေးတယူလုပ်ပြီးတော့ ဆောင်ရွက်ပေးလိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်။

**ဦးထွန်းသန့်ကျော်**

**မြို့မိမြို့ဖ၊ သံတွဲမြို့**

ဒေသခံတွေရဲ့ အခက်အခဲတွေကို တင်ပြခွင့်ရတဲ့အတွက် ကျွန်တော်တို့အနေနဲ့ အများကြီးဝမ်းသာပီတိဖြစ်မိပါတယ်။ မှတ်ပုံတင်မရှိတဲ့သူတွေကို စနစ်တကျ စိစစ်ဆေးစေချင်တယ်။ နောက်တစ်ချက်ကတော့ ၁၉၈၂ နိုင်ငံသားဥပဒေကို အကောင်အထည်ဖော်မယ်လို့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင်လည်း အတိအလင်းပြောကြားတဲ့ အတွက် ကျွန်တော်တို့ တိုင်းရင်းသားတွေအနေနဲ့ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်။ အမြန်ဆုံးလည်း အကောင်အထည်ဖော်စေချင်ပါတယ်။

**ဦးဝင်းအေး**

**ဥက္ကဋ္ဌ**

**သံတွဲမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ**

ကျွန်တော်တို့ ရခိုင်ပြည်နယ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ငြိမ်အေးချမ်းရေးအတွက် ဖွဲ့စည်းတဲ့အဖွဲ့ကို ကျွန်တော်တို့ ကြိုဆိုပါတယ်။ အစိုးရနဲ့ ပူးပေါင်းပြီးတော့လည်း ကိုယ့်ဒေသဖွံ့ဖြိုးတိုးတက်အောင်၊ တည်ငြိမ်အေးချမ်းအောင် အထောက်အကူပေးသွားမယ်လို့လည်း ကတိပြုပါတယ်။ ပညာရေးကဏ္ဍအနေနဲ့ ကျောင်းနှစ်ကျောင်းရဲ့ ကိစ္စကို တင်ပြဖို့ရှိပါတယ်။ ကျောင်းကတော့ အထက(ခွဲ)ကျောင်းတစ်ကျောင်းကို အထကကျောင်းအဖြစ် တိုးမြှင့်ဖို့ ကျောင်းသား၊ စာသင်ခန်း အခက်အခဲဖြစ်နေတဲ့ ကျောင်းတစ်ကျောင်းကို စာသင်ဆောင်တိုးချဲ့ဖို့ တင်ပြသွားမယ့် အစီအစဉ်ရှိပါတယ်။ နောက်အရေးကြီးဆုံးအချက်ကတော့ ကျွန်တော်တို့သံတွဲမှာ နှစ်စဉ်နှစ်တိုင်း ရေကြီးရေလျှံမှု သဘာဝဘေးအန္တရာယ်နဲ့ ကြုံနေရပါတယ်။ အဲဒါ သံတွဲချောင်းနဲ့ တိမ်ကောလာမှုနဲ့ သံတွဲမြို့ကို ရစ်ပတ်ကွေ့ကောက် စီးဆင်းနေတဲ့ ချောင်းရဲ့ အနေအထားပေါ်မှာ ချောင်းဖြောင့်မြောင်းတစ်ခုကို တူးပေးဖို့ အရင်အစိုးရလက်ထက်ကလည်း တင်ပြခဲ့ဖူးပါတယ်။ အခုအစိုးရကိုလည်း ကျွန်တော်တို့ တင်ပြပြီးတော့ ဒီချောင်းဖြောင့်ဖောက်လိုက်ရင် သံတွဲမြို့ရဲ့ နှစ်စဉ် ရေကြီးရေလျှံမှုကို ကာကွယ်နိုင်မှာဖြစ်တဲ့အတွက် ဒါကို တင်ပြဖို့စီစဉ်ထားပါတယ်။

**ဦးစောလွင်**

**ဥက္ကဋ္ဌ**

**ငပလီမြို့စည်ပင်သာယာရေးကော်မတီ**

ငပလီကမ်းခြေဟာ ၂၀၁၅ ခုနှစ် စစ်တမ်း ကောက်ယူလိုက်တဲ့အခါ အရှေ့တောင်အာရှမှာ အဆင့်(၁)၊ ကမ္ဘာမှာ အဆင့်(၈) သတ်မှတ်ခံရတဲ့ သဘာဝကမ်းခြေတစ်ခုဖြစ်တာကြောင့် ငပလီကမ်းခြေဒေသရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နံပါတ်(၁)အနေနဲ့ ငပလီကမ်းခြေဒေသမှာ နိုင်ငံခြားသားတွေနဲ့ ပြည်သူပြည်သားတွေ လာရောက်တဲ့အချိန် အလွယ်တကူဝယ်ယူနိုင်ဖို့အတွက် ခေတ်မီတဲ့ဈေးတစ်ခု တည်ဆောက်ပေးဖို့ တင်ပြမှာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ဒေသမှာ ပြည်တွင်းခရီးသွားတွေ၊ နိုင်ငံခြားခရီးသွားဧည့်သည်တွေ လာရောက်တဲ့အခါ လွတ်လပ်စွာ အပန်းဖြေနိုင်ဖို့အတွက် အပန်းဖြေနေရာတစ်ခု တည်ဆောက်နိုင်ဖို့အတွက် တင်ပြမှာဖြစ်ပါတယ်။

**သတင်းအဖွဲ့**

---

❖ ရှေ့ဖုံးမှ

ယစ်မျိုးမှု ၃၉ မှု၊ နာမည်ရှိလူမိုက်များ အပါအဝင် ခြေချုပ်ကိုးမှု၊ မော်တော်ယာဉ်ဥပဒေ ခုနစ်မှု၊ ရဲအက်ရှစ်မှုနှင့် ကျင့်(၅၄) သုံးမှုတို့ကို အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မေ ၁ ရက်မှ ၃၁ ရက်အထိ အမှုကြီးကိုးမှုတွင် လူသတ်မှု လေးမှု၊ လုယက်မှု တစ်မှုနှင့် မုဒိမ်းမှု လေးမှုဖြစ်ပွားခဲ့ရာ မုဒိမ်းမှုမှာ ဧပြီလထက် ခြောက်မှုလျော့နည်းသွားခဲ့ကြောင်း၊ ဧပြီလတွင် လက်နက်ပုန်း ၅၈ မှုမှ မေလတွင် ၁၇ မှုအထိ လျော့ကျသွားကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

မြို့နယ်အတွင်းအမှုဖြစ်ပွားမှု အများဆုံးဖြစ်ပေါ်နေသော နေရာများ၌ မီးတန်းယာဉ်၊ လှည့်ကင်း၊ ရပ်ကင်းနှင့် ရှောင်တခင်စစ်ဆေးခြင်းတို့ဖြင့် ဟန်ချက်ညီစွာရပ်ရွာအေးချမ်းသာယာရေးအတွက် စစ်ဆေးဆောင်ရွက်လျက်ရှိရာ လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းမြင့်ဦးက ရက် ၁၀၀ စီမံချက်တွင် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်အင်အားဖြင့် ညပိုင်းတွင် မြို့ဝင်၊ မြို့ထွက်နှင့် မှုခင်းဖြစ်ပွားမှုများသောနေရာ ၃၁ နေရာတို့တွင် တပ်ဖွဲ့ဝင်အစု၊ အဖွဲ့တို့ဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိသည့်အတွက် ရက်ပိုင်းအတွင်း မှုခင်းကျဆင်းသွားကြောင်း ပြောကြားသည်။

မြို့နယ်အတွင်း လိုင်စင်အရက်ဆိုင် ၇၀၀ ရှိပြီး အရက်ပုန်းဆိုင်များ အစီအရီရှိသောကြောင့် လိုင်စင်ဆိုင်များပါမကျန် ရှောင်တခင်စစ်ဆေးဖမ်းဆီးခဲ့ရာ နဝဒေးရှော့ဟောက်စ်တန်းရှိ စားသောက်ဆိုင်နှင့် ဆိုင်အချို့၌ ပြည်ပမှ ဝင်ရောက်သော အရက်ကတ်ဖာများကိုလည်း သိမ်းဆည်းနိုင်ခဲ့၍ ယခုပတ်အတွင်း ယစ်မျိုး ၃၉ မှု ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

"ဒုစရိုက်မှုက အရင်ထက်ကျသွားတယ်။ မေ ၃၁ ရက်က လက်နက်အများဆုံးမိခဲ့ပြီတော့ ဇွန် ၃ ရက်မှာ ဖမ်းမိတာ မတွေ့ခဲ့ဘူး။ လွန်ခဲ့တဲ့နှစ်တွေမှာ မြေယာကိစ္စ၊ ကျူးကျော်တဲကိစ္စနဲ့ ဒုစရိုက်မှုတွေမှာ နာမည်ကြီးခဲ့တဲ့လူတွေကို တစ်ပတ်တစ်ခါ ခံဝန်ခြေချုပ်နဲ့ စခန်းမှာ လက်မှတ်ထိုးခိုင်းထားတဲ့ အတွက် မြေယာပြဿနာတွေ ငြိမ်သလောက်ဖြစ်သွားပါပြီ။ ၂၀၁၅ ခုနှစ်မှာ မူးယစ်မှု ရှစ်မှုရှိခဲ့ပြီးတော့ ဒီနှစ်ဇွန်လထိ ၁၃ မှု ဖမ်းဆီးပြီးပါပြီ။ ရက် ၁၀၀ စီမံချက်ရဲ့ ပူးပေါင်းဆောင်ရွက်နိုင်တဲ့ အကျိုးရလဒ်ပါ။ လောင်းကစားမှုရှိလို့ သတင်းပေးရင် ချက်ချင်းဆောင်ရွက်ပါတယ်။ ရပ်ကွက်အုပ်ချုပ်ရေးပိုင်းက ပူးပေါင်းဆောင်ရွက်တဲ့အတွက် အရင်ကထက် လုပ်ကိုင်ရတာ အဆင်ပြေတာကြောင့် မှုခင်းကျဆင်းသွားတာလည်းပါပါတယ်။ ဒုစရိုက်မှုမဖြစ်ပွားအောင် အချက် သုံးချက်ကို ဆောင်ရွက်နေပါတယ်" ဟု နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကျော်ခိုင်သက်က ပြောသည်။

လှိုင်သာယာမြို့နယ်၌ ပြီးခဲ့သည့်နှစ်ပိုင်းက ငွေပင်လယ် စက်မှုဇုန် လှိုင်မြစ်အတွင်း မျောလာသော မူးယစ်ဆေးပြားနှစ်သိန်းကို ပိုင်ရှင်မဲ့သိမ်းဆည်းနိုင်ခဲ့ပြီး ယင်းရက်ပိုင်းအတွင်း၌လည်း စက်မှုဇုန်(၁) သပြေရိပ်စားသောက်ဆိုင်အနီးတွင် မူးယစ်ဆေး ၂၉၉ ပြားနှင့် အောင်ဇေယျကြိုးတံတားအဆင်း၌ ဆိုင်ကယ်ဘောက်အတွင်းမှ မူးယစ်ဆေးပြားအချို့ ဖမ်းဆီးနိုင်ခဲ့ကာ ကျန်ရှိနေသော ဒုစရိုက်မှုများလည်း လျော့နည်းသွားသည့်အတွက် ရက် ၁၀၀ စီမံချက်၏ မှုခင်းကျဆင်းရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်မှုကြောင့် အေးချမ်းစွာ နေထိုင်လုပ်ကိုင်သွားလာနိုင်မှုအပေါ် ဒေသခံပြည်သူတို့ ကျေနပ်အားရလျက်ရှိကြောင်း သိရသည်။



လှိုင်သာယာမြို့နယ်အတွင်း မှုခင်းဖြစ်ပွားမှု လျော့နည်းရေး၊ မှုခင်းအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများ စစ်ဆေးဆောင်ရွက်နေမှုကို တွေ့ရစဉ်

---

# ပလိပ်ပန်ဒါချည်မျှင်နှင့်အထည်အချောကိုင်စက်ရုံ အလုပ်ရှင်နှင့် ဆန္ဒပြအလုပ်သမားများ ပြေလည်မှုရရှိရေးညှိနှိုင်းဆွေးနွေး

**စဉ့်ကိုင် ဇွန် ၄**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပလိပ်ပန်ဒါချည်မျှင်နှင့် အထည်အချောကိုင်ပန်ဒါကုမ္ပဏီဝင်းအတွင်း စက်ရုံမြေ မြောက်ဘက်ဂိတ်၌ စက်ရုံအလုပ်သမားများ အင်အား ၃၀၀ ခန့်သည် ထိုင်၍ဆန္ဒပြမှုဖြစ်ပေါ်ခဲ့သဖြင့် ဇွန် ၄ ရက် မွန်းလွဲ ၂ နာရီတွင် အလုပ်ရှင်နှင့် ဆန္ဒပြအလုပ်သမားများ ပြေလည်မှုရရှိရေး စဉ့်ကိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ညှိနှိုင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပလိပ်ပန်ဒါကုမ္ပဏီ၌ အလုပ်ရှင်နှင့် အလုပ်သမားများ ချုပ်ဆိုထားသော EC စာချုပ်အရ အလုပ်သမားများ အလုပ်တက်ချိန် အဆိုင်း သုံးဆိုင်းရှိသည့် အနက် နှစ်ဆိုင်းမှာ အလုပ်သမားများသည် အလုပ်ချိန် ခြောက်ရက်ဆင်းပြီး တစ်ရက်နား၍ ကျန် တစ်ဆိုင်းမှ အလုပ်သမားများမှာ အလုပ်ချိန် ငါးရက်ဆင်းပြီး နှစ်ရက်နားစနစ်ဖြင့် လုပ်ငန်းများ လည်ပတ်လျက်ရှိရာ ပန်ဒါစက်ရုံမှ အဆိုပါအလုပ်ဆင်းချိန်အဆိုင်း သုံးဆိုင်းကို အလုပ်ချိန် ခြောက်ရက်ဆင်းပြီး တစ်ရက်နားစနစ်ဖြင့် ပြောင်းလဲသတ်မှတ်ကာ လုပ်ငန်းများဆောင်ရွက်စေခဲ့သည်။

သို့သော် အလုပ်သမားများသည် အလုပ်ချိန်အား ငါးရက်ဆင်းပြီး နှစ်ရက်နားစနစ်ဖြင့်သာ အလုပ်ဆင်းခဲ့သောကြောင့် ၂၀၁၆ ခုနှစ် ဧပြီလတွင် တစ်ပတ်လျှင် တစ်ရက် အလုပ်ပျက်ကွက်ခဲ့သည့်ရက်များအတွက် ပန်ဒါကုမ္ပဏီက လစာဖြတ်တောက်ခဲ့မှုအပေါ် စက်ရုံဝန်ထမ်းများက ယခုကဲ့သို့ စက်ရုံဝင်းအတွင်း ထိုင်၍ ဆန္ဒပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ အလုပ်ရှင်နှင့် ဆန္ဒပြအလုပ်သမားများ ပြေလည်မှုရရှိရေး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေနှင့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များ၊ ပန်ဒါကုမ္ပဏီအထွေထွေမန်နေဂျာ ဒေါ်တင်တင်ရွှေနှင့် တာဝန်ရှိသူများ၊ ဆန္ဒပြအလုပ်သမားအဖွဲ့မှ အလုပ်သမားခေါင်းဆောင်သမဂ္ဂဥက္ကဋ္ဌ ဦးဝင်းထွန်းညွန့်နှင့် အလုပ်သမားသမဂ္ဂအဖွဲ့ဝင်များက ညှိနှိုင်းဖြေရှင်းရာ ပြေလည်မှုမရရှိသဖြင့် ဆန္ဒပြအလုပ်သမားများက စက်ရုံဝင်းအတွင်း ထိုင်လျက် ဆက်လက်ဆန္ဒပြလျက်ရှိကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

# ကုသိုလ်တော်ဘုရားဝင်းအတွင်း အရိပ်ရပင်များစိုက်ပျိုးလှူဒါန်းမည်

**မန္တလေး ဇွန် ၄**

မန္တလေးတိုင်းဒေသကြီး မြန်မာအမျိုးသမီးများစီးပွားရေးနှင့် လူမှုရေးအသင်းမှ ဇွန် ၄ ရက် မွန်းလွဲ ၂ နာရီတွင် ကုသိုလ်တော်ဘုရားဝင်းအတွင်း အရိပ်ရပင်များ စိုက်ပျိုးလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအချိန်အခါသည် မန္တလေးမြို့ပြကြီးအား အစိမ်းရောင်မြို့တော်(Green City)အဖြစ် တည်ဆောက်နေသည့် ကာလတွင် အသင်းအနေဖြင့်လည်း တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း အဆိုပါအသင်းအတွင်းရေးမှူး ဒေါ်အေးအေးအောင်က ပြောကြားသည်။



"ကျွန်မတို့အသင်းကို ၂၀၁၅ ခုနှစ် ဩဂုတ်လမှာ စတင်ဖွဲ့စည်းခဲ့ပြီး ဥက္ကဋ္ဌအဖြစ် ဒေါ်ခင်လေးမြင့်က ဦးဆောင်ပြီး စီးပွားရေးနဲ့ လူမှုရေးလုပ်ငန်းတွေကို တွဲဖက်လုပ်ဆောင်နေတဲ့ အသင်းဖြစ်ပါတယ်။ ဒီလက သစ်ပင်စိုက်ပျိုးတဲ့လဖြစ်တဲ့အတွက် လူမှုရေးလှုပ်ရှားမှုအနေနဲ့ ဘုရားဖူးတွေ အရိပ်ကောင်းကောင်းရအောင် ကုသိုလ်တော်ဘုရားမှာ အရိပ်ရပင်တွေ စိုက်ပျိုးလှူဒါန်းသွားမှာ ဖြစ်ပါတယ်"ဟု ၎င်းကဆိုသည်။

စိုက်ပျိုးမည့်အပင်များမှာ နှစ်ရှည်ပင်များဖြစ်သည့် ခရေပင်များကို အဓိကထား၍ အခြား သရက်ပင်၊ ပိတောက်ပင်များနှင့် အသင်းဝင်များဆန္ဒရှိရာ အပင်များကို စိုက်ပျိုးလှူဒါန်းသွားမည်ဖြစ်ကြောင်းနှင့် ကုသိုလ်တော်ဘုရားအနီးရှိ ရေကန်ပတ်လည်တွင် လိုအပ်နေသည့် သံပန်းများကိုလည်း အသင်းဝင်တစ်ဦးချင်းကလည်းကောင်း၊ စုပေါင်း၍လည်းကောင်း ထပ်မံလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# သိမ်းဆည်းလယ်မြေများအတွက် နစ်နာကြေးပေးအပ်

**ကြံခင်း ဇွန် ၄**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်၌ ကြံခင်း-ပခုက္ကူ မီးရထားလမ်းပိုင်းအသုံးပြုသိမ်းဆည်းမြေများအတွက် နစ်နာကြေးပေးအပ်ပွဲကို ဇွန် ၃ ရက် နံနက် ၁၀ နာရီက ဧရာဦး ခန်းမတွင် ကျင်းပသည်။

လျော်ကြေးပေးအပ်မှုနှင့်ပတ်သက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်က ၂၀၁၆-၂၀၁၇ တွင် စတင်ဖောက်လုပ်ခဲ့သော ကြံခင်း-ပခုက္ကူလမ်းပိုင်းတွင် ကြံခင်းမြို့နယ်မှ ရပ်ကွက်ကျေးရွာ ကိုးအုပ်စုရှိ လယ်မြေ ယာမြေ၊ ဥယျာဉ်ခြံမြေများအတွက် မိုးရာသီစိုက်ပျိုးရေးအမီ နစ်နာကြေးပေးအပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါပေးအပ်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမန်းဂျော်နီ၊ လွှတ်တော်ဥက္ကဋ္ဌဦးအောင်ကျော်ခိုင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးလှကျော်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဂါ့မိုးမြတ်မြတ်သူနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လျော်ကြေးရတောင်သူများတက်ရောက်ကြပြီး ကြံခင်းလမ်းပိုင်းအသုံးပြုမှုမြေဧက ၂၇၃ ဒသမ ၃၀ အတွက် နစ်နာကြေးငွေများ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံသစ်ဖွင့် ဒေသခံများ အဆင်ပြေ

**တပ်ကုန်း ဇွန် ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ဗျိုင်းအင်းကျေးရွာအုပ်စု ကံသာကျေးရွာတွင် ဂျပန်နိုင်ငံမှ စေတနာရှင် Mr . Maeda (NTT Finance, Chairperson)မှ ဆောက်လုပ်လှူဒါန်းသည့် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၃ရက် နံနက် ၁၀နာရီက အဆိုပါအဆောက် အအုံသစ်ရှေ့၌ ကျင်းပသည်

ဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်ကောင်စီဝင်ဦးတင်ထွဋ်၊ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးဒေါက်တာလှုလှုကြည်၊ အခြေခံကျန်းမာညွှန်ကြားရေးမှူး ဒေါက်တာသူဇာချစ်တင်၊ ဂျပန်နိုင်ငံမှ Mr. Maeda၊ Mr.Oda၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရည်မွန်၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းထွန်းနှင့် ကျန်းမာရေးဆရာ ဆရာမများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အဆိုပါ အဆောက်အအုံသစ်ကို နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်၊ နေပြည်တော် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ အခြေခံကျန်းမာညွှန်ကြားရေးမှူး၊ ဂျပန်နိုင်ငံမှ Mr. Maeda တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

"ကျွန်မတို့ကျေးရွာမှာ ကျေးလက်ဆေးပေးခန်းဖွင့်ပေးတဲ့အတွက် ဒေသခံပြည်သူတွေရဲ့ကျန်းမာရေး ပိုမိုစိတ်ချရပါတယ်။ အရင်ကဆို ဒေသခံပြည်သူတွေ နာမကျန်းဖြစ်၍လည်းကောင်း၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများလည်း သားဖွားရေးကိစ္စများ ပေါ်ပေါက်၍လည်းကောင်း မြို့တက်ပြသရာမှာ မြင်းလှည်း၊ နွားလှည်း ငှားရမ်းအသုံးပြုရတဲ့အတွက် ငွေကုန်ကြေးကျများခဲ့ပါတယ်။ အခုကိုယ့်ကျန်းမာရေးဆရာမနဲ့ ကိုယ့်ဆေးပေးခန်းဆိုတော့ ဒေသခံတွေ အခက်အခဲမရှိတော့ပါဘူး။ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ် ဖွင့်လှစ်ပေးတဲ့အတွက် တစ်ရွာလုံးလည်းဝမ်းသာကြပါတယ်"ဟုကံသာကျေးရွာမှ မမွေးကြည်က ပြောပြသည်။

ထိုကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်သည် သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး ကြီးကြပ်-၂၊ ဆေးသိုလှောင်ခန်း၊ လူနာစမ်းသပ်ခန်း၊ သားဖွား ခန်း၊ ရုံးခန်းပါရှိပြီး၊ ဝန်ထမ်းအိမ်ရာ၊ ရေစက်၊ ရေစင်၊ အိမ်သာ၊ ခြံစည်းရိုးများဖြင့် တည်ဆောက်ထားကြောင်း သိရသည်။ **တင်စိုးလွင်( ပြန်/ဆက်)**

# ယောချောင်းရေများ၏ ဆိုင်ကယ်ကူးတံတားမျောပါပျက်စီး

**ပေါက် ဇွန် ၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ်တောင်ပိုင်း တဲတော်ယာကျေးရွာအုပ်စု ပြစ်ထဲကျေးရွာနှင့် လယ်လန်းကျေးရွာအုပ်စု သီးချောက်ကျေးရွာကြားရှိ ယောချောင်းဆိုင်ကယ်ကူးတံတားသည် မိုးများရွာသွန်းမှုကြောင့် ယောချောင်းရေ ပိုမိုစီးဆင်းခဲ့သဖြင့် ဇွန် ၃ ရက် နံနက် ၅နာရီခန့်က မျောပါပျက်စီးသွားကြောင်း သိရသည်။

အဆိုပါ တံတားသည် ၂၀၁၅ခုနှစ်ဒီဇင်ဘာလတွင် ပြစ်ထဲကျေးရွာမှ ရွာသူရွာသားများဦးဆောင်မှုဖြင့် ကိုင်းလယ်၊ချောင်းနား၊ တပ်ကုန်း၊ ထန်းတောလယ်ဇီးတောတောင်ဘက်နှင့် အနီးဝန်းကျင်ကျေးရွာသူ ကျေးရွာသားများ၏ ငွေအားလုပ်အားဖြင့် ဝိုင်းဝန်းစုပေါင်းကာ အလျားပေ ၂၄၀၊အကျယ် ၅ပေ၊ အမြင့်၄ ပေခန့်ရှိပြီး ဒေသထွက်သစ်လုံးမျောဝါးများဖြင့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ထိုဆိုင်ကယ်ကူးတံတားမျောပါပျက်စီးခဲ့၍ ဒေသရှိ ဆိုင်ကယ်ဖြင့် ခရီးသွားသူများ သစ်ညီနောင်၊ ပုသိမ်- မုံရွာ ကားလမ်းနှင့် အုန်းတော(ယောချောင်း)တံတားတို့ကို ကွေ့ပတ်ပြီး ပေါက်မြို့သို့သွားလာရ၍ ခုနစ်မိုင်ခန့် ပိုမိုဝေးကွာခြင်း၊ အချိန်ပိုမိုကြန့်ကြာခြင်း စသောအခက်အခဲများဖြင့် ကြုံတွေ့သွားလာနေရကြောင်း သိရသည်။

**ဖိုးသားလေး(ယောမြေ)**



# သောင်ရင်းမြစ်ကမ်းပါး မြေထိန်းနံရံ တည်ဆောက်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မြဝတီ ဇွန် ၄**

မြစ်ရေစီးကြောင်း ပြောင်းလဲတိုက်စားပြီး မိမိပိုင်နယ်မြေ ဆုံးရှုံးမှုမရှိစေရန်အတွက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ဇွန် ၄ ရက် နံနက် ၆ နာရီခွဲက မြဝတီမြို့ သောင်ရင်းမြစ်ကမ်းပါးတစ်လျှောက်ရှိ မြေထိန်းနံရံ တည်ဆောက်ရေး လုပ်ငန်းများအား လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ မြဝတီမြို့ အမှတ်(၅)ရက်ကွက် သံတံတားကွေ့အနီးရှိ သောင်ရင်းမြစ် ကမ်းပါးနေရာတွင်လည်းကောင်း၊ အမှတ် (၂)ရပ်ကွက်၊ သဲပုံဂိတ်(ကျွန်းတောကွေ့)နေရာတွင်လည်းကောင်း၊ အမှတ် (၁)ရပ် ကွက်ရှိ စီးဂဲဂိတ်နေရာများတွင် မြစ်ကမ်းပါးပြိုကျမှုမရှိစေရေးနှင့် ရေတိုက်စားခြင်းမှ ကာကွယ်ရန်အတွက် မြေထိန်းနံရံများ တည်ဆောက်ရန် လိုအပ်သည်များ ကြည့်ရှုစစ်ဆေးရာ မြဝတီခရိုင် မြစ်ကြောင်း ထိန်းသိမ်းရေးနှင့် နယ်နိမိတ်ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် တာဝန်ရှိသူများက မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့် သံတံတားကွေ့အနီးရှိနေရာတွင် အလျားပေ ၇၂၀ ခန့်နှင့် သဲပုံဂိတ်နေရာတွင် အလျား ပေ ၉၀၀ ခန့်ရှိ မြေထိန်းနံရံများ တည်ဆောက်ရန် လိုအပ်ကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှတ်(၁)ချစ်ကြည်ရေးတံတားသို့ သွားရောက်ပြီး တံတားပေါ်ရှိ လမ်းပျက်စီးမှုအခြေအနေနှင့် တံတားပေါ်မှ ရေလယ်ကျွန်းနှင့် ရေလမ်းကြောင်းစီးဆင်းမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့သည်။ ဝန်ကြီးချုပ်က သောင်ရင်းမြစ်ကမ်းပါးများတွင် မြေထိန်းနံရံများတည်ဆောက်မည့်အခြေအနေများ၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# မစ်မြန်မာဝေါလ် ၂၀၁၆ Winner ဆုရှင် အလှမယ် မြတ်သီရိလွင် ဆွတ်ခူး

**ရန်ကုန် ဇွန် ၄**

မစ်မြန်မာဝေါလ် ၂၀၁၆ ပြိုင်ပွဲ နောက်ဆုံး Winner ဆုရှင် ရွေးချယ်ပွဲကို ရန်ကုန်မြို့မရမ်းကုန်းမြို့နယ် Gandamar wholesale ၏ Grand Ballroom ၌ ယနေ့ည ၇ နာရီက ကျင်းပရာ ၂၀၁၆ မစ်မြန်မာဝေါလ်အလှမယ် Winner ဆုကို အလှမယ် မြတ်သီရိလွင် (ခ) Balla က ဆွတ်ခူးရရှိသွားသည်။ ယနေ့နောက်ဆုံး Winner ဆုရွေးချယ်မှုကို နောက်ဆုံးဆန်ခါတင်အလှမယ် ၂၀ ထဲမှ Round ငါးခုဖြင့် ယှဉ်ပြိုင်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ Round ငါးခုအပြီးတွင် FinaList top (၁၀)ကို ရွေးချယ်ခဲ့ပြီး ယင်းမှ top ငါးဦးမှတစ်ဆင့် နောက်ဆုံး Winner၊ 1st Runner Up နှင့် 2nd Runner Up တို့ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ မစ်မြန်မာဝေါလ် ၂၀၁၆ ၏ Winner ဆုကို ခါးနံပတ် ၂ မြတ်သီရိလွင်(ခ) Balla၊ 1st Runner Up ကို ခါးနံပါတ် ၅ Mဂျာဆိုင်းနှင့် 2nd Runner Up ကို ခါးနံပါတ် ၉ လရိပ်ပြာက ရရှိခဲ့ခြင်းဖြစ်သည်။

ယနေ့ မစ်မြန်မာဝေါလ် ၂၀၁၆ ပြိုင်ပွဲတွင် Winner ဆုရှင် အလှမယ်အား Amon ၏ Phuket Pearl မှ ငွေသိန်း ၃၇၀ တန်ဖိုးရှိ Crown နှင့် Organization မှ ချီးမြှင့်သော ငွေသိန်း ၁၀၀၊ Thai Air Asia မှ ချီးမြှင့်သော အမေရိကန်ဒေါ်လာ ၁၇၅၀၀ တန်ဖိုးရှိသော Air Ticket နှင့် Balance Fitness တစ်နှစ်စာ Member ကတ်များကို ချီးမြှင့်ခြင်းခံရပြီး 1st Runner Up အလှမယ်ဆုရရှိသူအား Amon ၏ Phuket Pearl မှ ငွေသိန်း ၂၅၀ တန်ဖိုးရှိ Crown နှင့် Organization မှ ချီးမြှင့်သော ငွေသိန်း ၃၀၊ Thai Air Asia မှ ချီးမြှင့်သော အမေရိကန်ဒေါ်လာ ၁၅၀၀ တန်ဖိုးရှိသော Air Ticket တို့ကိုရရှိခဲ့ပြီး အလားတူ 2nd Runner Up အလှမယ်ဆုရရှိသူကိုလည်း Amon ၏ Phuket Pearl မှ ငွေသိန်း ၂၅၀ တန်ဖိုးရှိ Crown နှင့် Organization ကချီးမြှင့်သော ငွေသိန်း ၂၀၊ Thai Air Asia မှ ချီးမြှင့်သော အမေရိကန်ဒေါ်လာ ၁၅၀၀ တန်ဖိုးရှိသော Air Ticket တို့ကို ရရှိခဲ့သည်။ Winner ဆုရှင် မြတ်သီရိလွင်(ခ)Balla သည် Air Asia မှချီးမြှင့်သော Miss Personality ဆုကိုလည်း ရရှိခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၇၅၀၀ တန်ဖိုးရှိသော Air Ticket နှင့် Balance Fitness တစ်နှစ်စာ Member ကတ်များကိုလည်း ရရှိခဲ့သည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**



# ဒုက္ခသည်များအစည်းအဝေးကို အိုဘားမားလက်ခံကျင်းပမည်



**ဝါရှင်တန် ဇွန် ၄**

ယခုနှစ် ကုလသမဂ္ဂအထွေထွေ ညီလာခံကျင်းပစဉ် သီးခြားအစည်းအဝေးအဖြစ် သမ္မတအိုဘားမားက ဒုက္ခသည်များအရေး အစည်းအဝေးတစ်ရပ် လက်ခံကျင်းပမည်ဟု အိမ်ဖြူတော်က ထုတ်ပြန်ကြေညာသည်။

စက်တင်ဘာ ၂၀ ရက်တွင် အစည်းအဝေးကို ကျင်းပသွားမည်ဖြစ်ကြောင်း သောကြာနေ့က အိမ်ဖြူတော် မှ ထုတ်ပြန်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးကတည်းက လျစ်လျူရှုခဲ့သော နေရာချထားရေးဆိုင်ရာ အကြောင်းအရာတစ်ခုကို ဖော်ထုတ်လိုက်ခြင်းလည်း ဖြစ်သည်။

ကမ္ဘာတစ်ဝန်း ဒုက္ခသည်ပေါင်း သန်း ၂၀ ခန့်ရှိပြီး ၎င်းတို့အတွက် ဒုက္ခသည်များ ကာကွယ်ပေးရေးနှင့် အကူအညီပေးရေးကို ယခင်ကထက်ပို၍ နိုင်ငံတကာနှင့်ပူးပေါင်းပြီး အားထည့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။

ကမ္ဘာ့နိုင်ငံများအနေဖြင့်လည်း ဒုက္ခသည်များကို ပိုမိုကူညီကာကွယ်မှု ပေးရမည်ဟု ပါရှိ သည်။

အစည်းအဝေး မျှော်မှန်းချက်များတွင် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့ အစည်းများနှင့် ကမ္ဘာလုံးဆိုင်ရာ ကရုဏာရှင်များ အဖွဲ့တို့အတွက် ဘဏ္ဍာငွေလျာထားမှုကို အနည်းဆုံး ၃၀ ရာခိုင်နှုန်းအထိ သတ်မှတ်ရေးနှင့် တစ်ကမ္ဘာလုံး ဒုက္ခသည်များအတွက် နေရာချထားပေးရေးကို နှစ်ဆပြုလုပ်ပေးရန် ပါဝင်သည်။

ပြီးခဲ့သော နွေရာသီကတည်းက အရှေ့အလယ်ပိုင်း၊ အာဖရိကနှင့် အခြားဒေသများမှ ဥရောပသို့ ဒုက္ခသည်များဝင်ရောက်မှုမှာ တစ်စတစ်စများပြားလာခဲ့သည်။ ဆီးရီးယားပြည်တွင်း စစ်မှထွက်ပြေးတိမ်းရှောင်လာသူများလည်း ပါဝင်သည်။

**(အင်န်အိတ်ချ်ကေ)**

# အစ္စရေး-ပါလက်စတိုင်း ငြိမ်းချမ်းရေးအတွက် ပါရီညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**ပါရီ ဇွန် ၄**

အစ္စရေးနှင့် ပါလက်စတိုင်းကြားရှိ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်ရှင်သန်ရေး ကြိုးပမ်းအားထုတ်မှု တစ်စိတ်တစ်ပိုင်းအဖြစ် ပြင်သစ်နိုင်ငံမှ အပြည်ပြည်ဆိုင်ရာ ညီလာခံတစ်ရပ်ကို ကျင်းပနိုင်ခဲ့ပြီး ဖြစ်သည်။

နိုင်ငံပေါင်း ၂၈ နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ သက်ဆိုင်ရာအရာရှိများနှင့် နိုင်ငံခြားရေးဝန်ကြီးများသည် သောကြာနေ့က ပါရီ၌ကျင်းပသော အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည်။ သို့သော်လည်း အစ္စရေးနှင့် ပါလက်စတိုင်းတို့ဘက်မှ ကိုယ်စားပြုတက်ရောက်ခြင်းမရှိခဲ့ပေ။

တက်ရောက်သူများသည် အစည်းအဝေးတွင် ထုတ်ပြန်ချက်များဖြင့် ပါဝင်ဆွေးနွေးသွားခဲ့သည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆိတ်သုဉ်းနေမှုကို ရေရှည်မဖြစ်စေရန် သတိပေးပြောကြားခဲ့သည်။

ပါလက်စတိုင်းနှင့် အစ္စရေးနိုင်ငံတို့ အတူယှဉ်တွဲရပ်တည်နိုင်ရန် နှစ်နိုင်ငံညှိနှိုင်း အဖြေရှာရန်လိုအပ်ကြောင်း တက်ရောက်လာသော နိုင်ငံကိုယ်စားလှယ်များက အခိုင်အမာ ပြောဆိုသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ရလဒ်များ ထွက်ပေါ်လာစေရန် ရှေ့ဆက်ဆွေးနွေး သွားရမည်ဖြစ်ကြောင်း တက်ရောက်လာကြသူများက သဘောတူညီခဲ့ကြသည်။

ယခုနှစ်ကုန်ပိုင်း၌ စောနိုင်သမျှစော၍ အစည်းအဝေးတစ်ရပ်ကျင်းပပြီး အစ္စရေးနှင့် ပါလက်စတိုင်းတို့တက်ရောက်နိုင်ရေးကို တောင်းဆိုသွားမည်ဖြစ်ကြောင်း စီစဉ်ခဲ့သည်။

ပြင်သစ်က ကမကထပြုလုပ်သည့် ဆွေးနွေးပွဲကို ပါလက်စတိုင်းဘက်မှ ကြိုဆိုခဲ့ပြီး အစ္စရေးဘက်မှ အပြည်ပြည်ဆိုင်ရာ ညီလာခံသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို အဟန့်အတားဖြစ်စေနိုင်သည်ဟု ပြောခဲ့သည်။ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ၂၀၁၄ ခုနှစ် ဧပြီလကတည်းက ဦးစားပေး လုပ်ဆောင်နေခြင်းဖြစ်သည်။

**(အင်န်အိတ်ချ်ကေ)**

# ရွှေ့ပြောင်းသွားလာသူ ၁၀၀ ကျော်၏ ရုပ်အလောင်းများလစ်ဗျားတွင်တွေ့ရှိ

**ထရီပိုလီ ဇွန် ၄**

လစ်ဗျားရှိ ကမ်းခြေတစ်ခု၌ လူသေရုပ်အလောင်း ၁၀၀ ကျော်ကို တွေ့ရှိခဲ့ရပြီး ၎င်းတို့သည် အာဖရိကမှဥရောပသို့ ဝင်ရောက်ရန်ကြိုးပမ်းကြသော ဒုက္ခသည်များနှင့် ရွှေ့ပြောင်းသွားလာသူများ ဖြစ်နိုင်ကြောင်း ဆိုသည်။

ရုပ်အလောင်းများကို ကြာသပတေးနေ့က မြေထဲပင်လယ်နှင့် မျက်နှာချင်းဆိုင် လစ်ဗျားအနောက်မြောက်ဘက်ပိုင်း မြို့တော်တစ်ခု၌ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ရုပ်အလောင်း ၁၁၆ ဦးမှာ ပြီးခဲ့သော သီတင်းပတ်က သေဆုံးခဲ့ခြင်းဖြစ်နိုင်ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များက နိုင်ငံတကာရွှေ့ပြောင်းသွားလာသူများ အဖွဲ့အစည်းသို့ ပြောကြားခဲ့သည်။

သေဆုံးသူများကို အတည်ပြုချက် ရယူနေဆဲဖြစ်ပြီး မြေထဲပင်လယ်၌ လှေမှောက်၍ သေဆုံးခြင်းဖြစ်နိုင်ကြောင်းနှင့် ပြီးခဲ့သော သီတင်းပတ်အတွင်း ပင်လယ်အတွင်းနစ်မြုပ် သေဆုံးသူပေါင်း ၈၈၀ ခန့်ရှိကြောင်း ကုလသမဂ္ဂက ခန့်မှန်းထားသည်။

ဥရောပကို ဝင်ရောက်ရန်ဦးတည်နေသော ဒုက္ခသည်များနှင့် ရွှေ့ပြောင်းသွားလာသူများသည် အာဖရိကမှ အီတလီသို့ ရောက်ရှိရာလမ်းကြောင်းကို အသုံးပြုနေကြဆဲဖြစ်သော်လည်း တူရကီဘက်မှ ဖြတ်ကျော်၍ သွားလာသူများ ပိုမိုများပြားခဲ့ကြောင်း တွေ့ရသည်။

အီတလီအစိုးရသည် အခြားဥရောပ တိုင်းပြည်များနှင့် ပူးပေါင်း၍ မြေထဲပင်လယ်တစ်ဝိုက် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများဆက်လက်ပြုလုပ်နေဆဲဖြစ်သည်။

**(အင်န်အိတ်ချ်ကေ)**

# ဒေသအတွင်းတည်ငြိမ်မှုရှိရန် တရုတ်ကြိုးစားသင့်ကြောင်း ကာတာပြောကြား




**စင်ကာပူ ဇွန် ၄**

အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာက တရုတ်နိုင်ငံသည် ၎င်း၏တင်းမာသော တောင်တရုတ်ပင်လယ်အရေးကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံတကာအသိုင်းအဝိုင်းမှ ခွဲထွက်နေရနိုင်ကြောင်း သတိပေးပြောကြားခဲ့ပြီး တရုတ်နိုင်ငံကို လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းပါဝင်ရန်နှင့် အာရှပစိဖိတ်ဒေသလုံခြုံရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆက်လက်တိုက်တွန်းခဲ့သည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီးသည် စနေနေ့က စင်ကာပူတွင် ပြုလုပ်သော ရှန်ဂရီလာ ဆွေးနွေးပွဲခေါ် အာရှ လုံခြုံရေးစည်းဝေးပွဲတွင် ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

တောင်တရုတ်ပင်လယ်အရေးကိစ္စတွင် အမေရိကန် ပါဝင်မှုသည် ဂျပန်၊ ဖိလစ်ပိုင်နိုင်ငံများအပြင် တခြားနိုင်ငံများနှင့် လုံခြုံရေးဆိုင်ရာပူးပေါင်းမှုကို ပိုမိုလေးနက်စေရန်အတွက် ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ ကျွန်းတုများ တည်ဆောက်ခြင်းကဲ့သို့သော ပင်လယ်ရေကြောင်း လှုပ်ရှားဆောင်ရွက်မှုများအပေါ် အလွန်စိုးရိမ်ကြောင်း ၎င်းကဖော်ပြခဲ့သည်။

တရုတ်သည် မိမိကိုယ်တိုင်ခွဲထွက်ရန် မဟာတံတိုင်းကြီး ကို တည်ဆောက်ထားသည့်အတွက် အန္တရာယ်နှင့်ရင်ဆိုင်ရ နိုင်ကြောင်း ၎င်းကပြောခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် မည်သည့်ဆုံးဖြတ်ချက်မဆို လက်ခံသင့်ကြောင်း၊ သံခင်းတမန်ခင်းဆိုင်ရာ ကိစ္စရပ်များကို ပြန်လည်လုပ်ဆောင်ရန် အခွင့်ကောင်းပင်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက အမေရိကန်နှင့် တရုတ်စစ်ရေးဆိုင်ရာများတွင် အတူတကွ ပူးပေါင်းလုပ်ဆောင်နိုင်ကြောင်း ၎င်းကပြောခဲ့သည်။ ဒေသအတွင်း အေးချမ်းတည်ငြိမ်မှုတွင် အဓိကနေရာမှပါဝင်သော တရုတ်နိုင်ငံအနေဖြင့် အေးချမ်းတည်ငြိမ်ပြီး သာယာဝပြောမှုများ ဖြစ်ပေါ်တိုးတက်လာမှုကို အမေရိကန်က ကြိုဆိုကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# ကမ္ဘာကျော်လက်ဝှေ့သမားကြီး မိုဟာမက်အလီကွယ်လွန်



မိုဟာမက်
အလီ လက်ဝှေ့
လက်အိတ်ဖြင့်
ဟန်ရေးပြနေသည်ကို
တွေ့ရစဉ်

**စကော့သ်စ်ဒေးလ်(အရီဇိုးနား) ဇွန် ၄**

၂၀ ရာစုကာလအတွင်း ကမ္ဘာ့အကျော်အမော်လက်ဝှေ့သမားများထဲက ဂန္ထဝင်လက်ဝှေ့သမားတစ်ဦးဖြစ်သည့် မိုဟာမက်အလီသည် အသက်ရှူလမ်းကြောင်းဆိုင်ရာဝေဒနာကို နှစ်ရှည်လကြာခံစားခဲ့ပြီးနောက် အသက် ၇၄ နှစ်အရွယ်တွင် ဇွန် ၄ ရက် နံနက်ပိုင်းက ကွယ်လွန်သွားကြောင်း ယနေ့ထုတ် ရိုက်တာသတင်းတစ်ရပ်၌ ရေးသားဖော်ပြထားသည်။

ကမ္ဘာကျော်လက်ဝှေ့သမားကြီး မိုဟာမက်အလီသည် ၎င်းခံစားနေရသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ဝေဒနာကြောင့် ဆေးဝါးကုသမှုခံယူရန် ဇွန် ၃ ရက်ကစ၍ အရီဇိုးနားပြည်နယ် ဖီးနစ်မြို့ရှိ ဆေးရုံတစ်ရုံသို့ ပို့ဆောင်ခြင်းခံရပြီးနောက် တစ်ရက်အကြာတွင် ယခုကဲ့သို့ ကွယ်လွန်သွားခြင်းဖြစ်သည်။ အလီ ကွယ်လွန်ကြောင်း သတင်းကို ၎င်း၏မိသားစုပြောရေးဆိုခွင့်ရှိသူ ဘော့ဘ်ဂန်းနဲလ်က ဇွန် ၄ ရက်နှောင်းပိုင်းတွင်ပြုလုပ်သည့် ထုတ်ပြန်ချက်တစ်ရပ်၌ အတည်ပြုဖော်ပြခဲ့ခြင်းဖြစ်သည်။

ကားဆီးယက်စ်မာဆဲလာ့စ်ကလေးခေါ် မိုဟာမက်အလီသည် ကမ္ဘာ့လက်ဝှေ့လောကတွင် ဟဲဗီးဝိတ်ချန်ပီယံ သုံးကြိမ်တိုင်တိုင် ဆွတ်ခူးရရှိနိုင်ခဲ့သည့် ပထမဦးဆုံး လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး ၎င်း၏ ဟဲဗီးဝိတ်ချန်ပီယံကာလအတော အတွင်းနှင့် ချန်ပီယံဖြစ်ခဲ့ပြီးသည့် နောက်ပိုင်းကာလအတွင်း ကမ္ဘာ့ခေါင်းဆောင် အမြောက်အမြားနှင့် တွေ့ဆုံခဲ့ကာ ယင်းကာလ၌ ကမ္ဘာ့အထင်ရှားဆုံး ပုဂ္ဂိုလ်တစ်ဦးအဖြစ် ယူဆခြင်းခံရသူတစ်ဦးဖြစ်သည်။

ထို့အပြင် မိုဟာမက်အလီသည် ယင်းအချိန်က ၎င်း၏ကျော်ကြားသည့် လက်ဝှေ့ပညာနှင့် လူ့အခွင့်အရေးဆိုင်ရာ ပြောရဲဆိုရဲရှိသည့်စိတ်ဓာတ်ကြောင့် အမေရိကန် ပြည်ထောင်စုမှ အပြင်ဘက် ဝေးလံခေါင်ဖျားသော ကျေးလက်တောရွာအထိပင် ထင်ရှားကျော်ကြားခဲ့သူတစ်ဦးဖြစ်သည်။ အလီသည် ၁၉၈၁ ခုနှစ်က လက်ဝှေ့လောကမှ အနားယူခဲ့ပြီးနောက် သုံးနှစ်အကြာတွင် ပါကင်ဆန်ရောဂါ (အကြောအားနည်း၍ ခြေလက်တုန်လှုပ်သည့်ရောဂါ)ဝေဒနာကို ခံစားခဲ့ရခြင်းဖြစ်သည်။

မိုဟာမက်အလီသည် ပါကင်ဆန်ရောဂါဝေဒနာကို ၃၂ နှစ်ကြာခံစားခဲ့ရခြင်းကြောင့် လှုပ်ရှားသွားလာမှုနှေးကွေးသည့် ဝေဒနာအပြင် စကားပြောဆိုရာ၌ လေးလံသည့် ဦးနှောက်နှင့် အာရုံကြောဆိုင်ရာဝေဒနာများကိုပါ ခံစားခဲ့ရသည်။ ထို့အပြင် အလီသည် အမေရိကန်ပြည်ထောင်စု၌ လူ့အခွင့်အရေးအတွက် လှုပ်ရှားဆောင်ရွက်ပေးခဲ့သူတစ်ဦးဖြစ်သလို ဗီယက်နမ်စစ်ပွဲကိုလည်း ဆန့်ကျင်ကန့်ကွက်ခဲ့သူတစ်ဦးဖြစ်ကြောင်း သိရသည်။ မိုဟာမက်အလီသည် ၁၉၄၂ခုနှစ် ဇန်နဝါရီ ၁၇ ရက်က အမေရိကန်ပြည်ထောင်စု ကင်တာ့ခ်ကင်ပြည်နယ် လူဝီးစ်ဗီလာမြို့၌ မွေးဖွားခဲ့သည်။

**(ရိုက်တာ)**

# စစ်ရာဇဝတ်မှုများအတွက် ဥရောပမှ တရားစွဲဆိုရေး အရှေ့အလယ်ပိုင်းဒုက္ခသည်များက အကူအညီဖြစ်စေ

**သက်မွန်ဦး**

ဥရောပအာဏာပိုင်များသည် အရှေ့အလယ်ပိုင်းအကြမ်းဖက်မှုမှ ထွက်ပြေးလွတ်မြောက်လာသော ဒုက္ခသည်အချို့ထံမှ တရားဝင်ထွက်ဆိုချက်များကို ရှာဖွေလျက် အီရတ်နှင့် ဆီးရီးယားတွင် ပဋိပက္ခများနှင့်ဆက်နွှယ်နေသော စစ်ရာဇဝတ်မှုများကို ကြိုးစားဖြေရှင်းသွားမည်ဟု ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ရက်စက်ယုတ်မာမှုများ၏ မျက်မြင်သက်သေအဖြစ်သူတို့သည် တရားစွဲဆိုမှုများပြုလုပ်ရန် ဥရောပတရားရုံးချုပ်အတွက် အဖိုးမဖြတ်နိုင်သူများဖြစ်ကြပြီး ဆီးရီးယားကို နိုင်ငံတကာ ခုံရုံးဖွဲ့စစ်ဆေးရန်အတွက် ကုလသမဂ္ဂ၏ အကျပ်ရိုက်နေမှုကိုလည်း ဖြေရှင်းပေးနိုင်လိမ့်မည်ဖြစ်သည်။

သက်သေများရရှိရန်အတွက်လည်း အမျိုးမျိုးရှာဖွေဖော်ထုတ်လျက်ရှိသည်။ ဒတ်ချ်နှင့် ဂျာမနီ လူဝင်မှုကြီးကြပ်ရေးဌာနမှ ရွှေ့ပြောင်းဝင်ရောက်လာသူများကို သက်သေခံဖို့ရန်အတွက် လက်ကမ်းစာစောင်များဖြင့် ဖြန့်ဝေကြိုဆိုခဲ့သည်။ နော်ဝေ၌လည်း ရဲတပ်ဖွဲ့မှ စစ်ရာဇဝတ်မှုများတွင် ပါဝင်ပတ်သက်နိုင်သူများကို ရှာဖွေရန်အတွက် ရောက်ရှိလာသူများ၏ မိုဘိုင်းဖုန်းများကိုစစ်ဆေးလျက်ရှိသည်။

"နောင်ငါးနှစ်ကြာတဲ့အခါ တရားစွဲမှုတွေ အများကြီးထွက်ပေါ်လာတာကို မြင်ရပါလိမ့်မယ်" ဟု ဥရောပသမဂ္ဂ၏ လူမျိုးသုဉ်းသတ်ဖြတ်မှုဆိုင်ရာ ကွန်ရက်မှ မက်ထရပ်စ် ပက်ဇ်ဒေါ့ခ်က ပြောသည်။အဆိုပါကွန်ရက်သည် ရဲတပ်ဖွဲ့များ တရားလိုဘက်ရှေ့နေများနှင့် တစ်နှစ်လျှင်နှစ်ကြိမ် စစ်ရာဇဝတ်မှုများအကြောင်း သတင်းအချက်အလက်များ ဖလှယ်ရန်ဟာဂူး၌ တွေ့ဆုံဆွေးနွေးကြသည့် အဖွဲ့ဖြစ်သည်။

ပြစ်မှုကျူးလွန်သူများသည် အိုင်အက်စ်အဖွဲ့နှင့် ဆက်သွယ်သော ဥရောပနိုင်ငံသားများလည်းဖြစ်နိုင်သည်ဟု အချို့ကစွပ်စွဲကြပြီး အခြားသူများမှာ အီရတ်နှင့် ဆီးရီးယားမှ ဥရောပသို့ဝင်ရောက်လာသော စစ်သွေးကြွများဖြစ်နိုင် ကြောင်း၊ ပြီးခဲ့သောနှစ်က ဥရောပသို့ ရွှေ့ပြောင်းဒုက္ခသည် တစ်သန်းကျော်နှင့်အတူ ရောနှော ဝင်ရောက်လာခြင်းဖြစ်မည်ဟု ပြောဆိုကြသည်။

"တစ်နေရာတည်းမှာတော့ ဒုက္ခသည်မျက်မြင်သက်သေအများကြီးရနိုင်တယ်။ ဒါပေမယ့် တရားစီရင်ဖို့အတွက် ပြစ်မှုကျူးလွန်သူ တစ်ဦးမရမချင်း တရားစွဲလို့မရဘူး" ဟု ပက်ဇ်ဒေါ့ခ်က ပြောသည်။ ဥရောပနိုင်ငံအများစု၏ တရားရေးမဏ္ဍိုင်သည်ကမ္ဘာပေါ်ရှိ မည်သည့်နေရာတွင်မဆိုဖြစ်ပွားသော လူမျိုးသုဉ်းသတ်ဖြတ်မှုကဲ့သို့သော နိုင်ငံတကာရာဇဝတ်မှုများအတွက် တရားစွဲဆိုပိုင်ခွင့်ကို ခွင့်ပြုထားသည်။စုံစမ်းစစ်ဆေးပြီး တရားစွဲဆိုရေးအတွက် အဖွဲ့ပေါင်း ၁၅ ဖွဲ့ရှိကြောင်း သိရသည်။ ပြီးခဲ့သော ဆယ်စုနှစ်ကျော်က ဥရောပရှိ အာဏာပိုင်များသည် ပြည်တွင်း တရားစီရင်ရေး၌ နိုင်ငံတကာစစ်ရာဇဝတ်မှုပေါင်း ၁၆၀၇ ခုကို ဖြေရှင်းခဲ့ပြီး အခြားအမှုပေါင်း ၁၃၃၉ ခုကိုလည်း ဖြေရှင်းခဲ့ကြောင်း အီးယူတရားစီရင်ရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ Eurojust မှ သိရသည်။ ဂျာမနီရဲတပ်ဖွဲ့မှ ဆီးရီးယားပဋိပက္ခအရေး မျက်မြင်သက်သေဖြစ်နိုင်သူ ပေါင်း ၁၀၀ ထံမှ ထွက်ဆိုချက်များကို စုစည်းထားပြီး Karlsruhe ရှိ စစ်ရာဇဝတ်မှု တရားလိုများကို မေးခွန်းများအလေးထား မေးမြန်းနေကြောင်းသိရသည်။

သို့သော်လည်း သက်သေများကို စုဆောင်းနေခြင်းသည် အပင်ပန်းခံလုပ်နေရသည့် လုပ်ရပ်တစ်ခုဖြစ်နေကြောင်း၊ သောကရောက်နေကြသော မျက်မြင်သက်သေများသည် ကြောက်မက်ဖွယ်ရာကောင်းသော ခရီးရှည်ကြီးကို ခြေကျင်တစ်ဖုံ ပင်လယ်ပြင်မှ တစ်သွယ်နှင်ခဲ့ရသည့်အတွက် သက်သေထွက်ဆိုရန် အဆင်သင့်မဖြစ်သေးဘဲ အချိန်အတိုင်းအတာတစ်ခု လိုအပ်နေသေးကြောင်း၊ ၎င်းတို့သည် နေ့စဉ်နီးပါး မေးခွန်းအနည်းငယ်နှင့်ကြုံတွေ့ရဖွယ်ရှိကြောင်း ဒုက္ခသည်တွေအနေနှင့် ဥပဒေအရ ပူးပေါင်းဆောင်ရွက်ဖို့ မဆုံးဖြတ်သေးခင် အေးအေးဆေးဆေး အနားယူဖို့လိုကြောင်း ပက်ဇ်ဒေါ့ခ်က ပြောသည်။

စုံစမ်းစစ်ဆေးသူများသည် ဂျာမနီရှိရာဇီဒီကာဒ့်ဒုက္ခသည်များကို လူမျိုးရေးနှင့် ဘာသာရေး လူနည်းစုအပေါ် လူမျိုးသုဉ်းသတ်ဖြတ်မှုအတွက် ထွက်ဆိုချက်မေးမြန်း ဆီးရီးယားနိုင်ငံသားများကို ပွင့်ပွင့်လင်းလင်း စုံစမ်းမေးမြန်းမှုများပြုလုပ်နေကြသည်။

ဥရောပနိုင်ငံသား ၄၀၀၀ ကျော်သည် ဆီးရီးယားနိုင်ငံသို့ တိုက်ခိုက်မှုများပြုလုပ်ရန် ထွက်ခွာသွားကြသည်ဟု ခန့်မှန်းရပြီး ယင်းတို့အထဲမှ သုံးပုံတစ်ပုံသာ ပြန်ရောက်လာခဲ့သည်ဟု ဒတ်ချ် think tank အဖွဲ့အစည်းတစ်ခုမှ ယခုနှစ်အစောပိုင်းကပြောသည်။ဥရောပတရားလိုဘက်ရှေ့နေများထံ၌ ၎င်းတို့နယ်မြေရှိ ပြစ်မှုကျူးလွန်သူများ၊ သက်သေများနှင့်ဆိုင်သည့် အမှုတွဲများရှိထားပြီးဖြစ်သည်။ ဂျာမနီနိုင်ငံသားတစ်ဦးသည်လည်း ဖေ့စ်ဘွတ်တွင် ၎င်းကို ဦးခေါင်းပြတ်နှင့်ယှဉ်လျက် တွေ့မြင်ကြရသဖြင့် စစ်ရာဇဝတ်မှုကျူးလွန်မှုအတွက် အမှုရင်ဆိုင်နေရသည်။

ပြီးခဲ့သောနှစ်က လက်အောက်ငယ်သားစစ်သားတစ်ဦးကို ညှဉ်းပန်းနှိပ်စက်နေသည့် ဗီဒီယိုဖိုင်ထွက်ပေါ်လာသဖြင့် ဆီးရီးယားနိုင်ငံသား အရာရှိတစ်ဦးကို ဆွီဒင်တရားရုံးမှ ပြစ်ဒဏ်စီရင်ချက်ချမှတ်ခဲ့သည်။ စုံစမ်းရရှိသော ရာဇဝတ်မှုပေါင်းတွင် ညှဉ်းပန်းနှိပ်စက်မှု၊ လူသတ်မှု၊ မုဒိမ်းမှုနှင့် လူမျိုးသုဉ်းသတ်ဖြတ်မှုတို့ ပါဝင်သည်။

၂၀၁၁ ခုနှစ်ကတည်းက ဆီးရီးယားတွင် လူပေါင်းလေးသိန်းကျော် သေဆုံးခဲ့ရမှုအတွက် ၁၉၉၀ ပြည့်နှစ်များက ယူဂိုဆလပ်စစ်ပွဲများအတွင်း ပါဝင်ခဲ့ရသူများကဲ့သို့ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ ကျူးလွန်သူများကို စီရင်ချက်ချမှုများပြုလုပ်ခဲ့သည်။ ဆီးရီးယားရှိ ဂျာမနီနိုင်ငံသားတစ်ဦးသည် သီးခြားစစ်ရာဇဝတ်မှု စွပ်စွဲချက်များဖြင့် အဖမ်းခံထားရသည်။ စုံစမ်းသူများက ညှဉ်းပန်းနှိပ်စက်မှု ကျူးလွန်သူတစ်ဦးနှင့် ဒမတ်စကတ်မြို့အနီး အမေရိကန် တရားရေးအကြံပေးတစ်ဦးကို ပြန်ပေးဆွဲသူဟု သံသယရှိသူ နှစ်ဦးကိုလည်း စုံစမ်းစစ်ဆေးနေသည်။

ပြင်သစ်နိုင်ငံ၌လည်း လူမျိုးသုဉ်းသတ်ဖြတ်မှုနှင့် စစ်ရာဇဝတ်မှုများအတွက် တရားလိုဘက်ရှေ့နေများသည် နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူ၊ စစ်ဆေးရုံတွင် တစ်ချိန်က ဆရာဝန်အဖြစ်ထမ်းဆောင်ခဲ့ပြီး ယခင်ဆီးရီးယား ဗိုလ်မှူးကြီးဟောင်း အပါအဝင် မှတ်ရေး ကုလသမဂ္ဂတရားရုံးချုပ်တွင် တောင်းဆိုမှုများ ထွက်ပေါ်လာကြသည်။ သို့သော်လည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဗီတိုအာဏာပိုင်ဆိုင်သည့် အဖွဲ့ဝင်ငါးနိုင်ငံတွင် ဆီးရီးယားနိုင်ငံ၏ မဟာမိတ်ရုရှားနိုင်ငံပါဝင်နေသည့်အတွက် ရုရှားသည် ယင်းအမှုများကို ဟာဂူးရှိ နိုင်ငံတကာရာဇဝတ်ခုံရုံး၌ အထူးခုံရုံးဖွဲ့၍ စစ်ဆေးရေးအတွက် ကန့်ကွက်မှုများရှိနေသည်။

ထို့ကြောင့် အခွင့်အရေးတောင်းဆိုသူများသည် ၂၀၀၄ ခုနှစ်ကတည်းက ဖွဲ့စည်းခဲ့သည့် လူမျိုးသုဉ်းသတ်ဖြတ်မှုဆိုင်ရာကွန်ရက်၏ အစီအစဉ်၌ ဆီးရီးယားနှင့် အီရတ်ပါဝင်လာရေးအတွက် ပြည်တွင်းတရားလိုဘက်ရှေ့နေများအပေါ်၌သာ မျှော်လင့်ချက်ထားနေရသည်။

"ဆီးရီးယားမှာ တရားမျှတမှုရရှိဖို့အတွက် တတိယနိုင်ငံတွေရဲ့တရားရုံးတွေမှာ ဖြေရှင်းရမယ်"ဟု ယခင်လိုက်ဘေးရီးယား သမ္မတဟောင်း ချားလ်စ်တေလာကို တရားစွဲဆိုရေး ဦးဆောင်ဦးရွက်ပြုသူ အမေရိကန်သံအမတ်တစ်ဦး စတီဖန်ရပ်က ယခုသီတင်းပတ်အတွင်းပြုလုပ်သော ဟာဂူး၌ ဥပဒေပြုဆွေးနွေးပွဲတစ်ခုတွင် ပြောဆိုခဲ့ခြင်းဖြစ်သည်။ "တရားစီရင်ချက်အောင်မြင်မှုတွေက စစ်ပွဲတစ်လျှောက် အဖြစ်အပျက်တွေနဲ့ ရွှေ့ပြောင်းသွားလာသူတွေရဲ့ ပြဿနာကိုဖြေရှင်းဖို့ အကူအညီဖြစ်စေမှာပါ"ဟု ၎င်းကဆိုသည်။

"တရားမျှတမှုကိုပြသဖို့ ပိုပြီးပြုလုပ်နိုင်ရင် မျှော်လင့်ချက်တွေရှိလာမှာပဲ။ ပဋိပက္ခတွေဖြေရှင်းဖို့နည်းလမ်းကို ဖော်ထုတ်နိုင်မယ်ဆိုရင် ဒုက္ခသည်စီးဆင်းဝင်ရောက်မှုတို့လို နောက်ဆက်တွဲပြဿနာတွေ ဖြေလျှော့နိုင်မှာပါ"ဟု သူကဆိုသည်။

**ကိုးကား-ရိုက်တာ**



**သို့သော်လည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဗီတိုအာဏာပိုင်ဆိုင်သည့် အဖွဲ့ဝင်ငါးနိုင်ငံတွင် ဆီးရီးယားနိုင်ငံ၏ မဟာမိတ်ရုရှားနိုင်ငံပါဝင်နေသည့်အတွက် ရုရှားသည် ယင်းအမှုများကို ဟာဂူးရှိ နိုင်ငံတကာရာဇဝတ်ခုံရုံး၌ အထူးခုံရုံးဖွဲ့၍ စစ်ဆေးရေးအတွက် ကန့်ကွက်မှုများရှိနေ**



# တရုတ်နိုင်ငံ တောင်ပိုင်းဒေသ မိုးသက်မုန်တိုင်း ဝင်ရောက်တိုက်ခတ်နိုင်

**ပေကျင်း ဇွန် ၄**

နောက်ထပ် ၂၄ နာရီအတွင်း တရုတ်နိုင်ငံတောင်ပိုင်းဒေသများတွင် မိုးသက်မုန်တိုင်း ဝင်ရောက်တိုက်ခတ်နိုင်ကြောင်း အမျိုးသားစောင့်ကြည့်လေ့လာရေးဌာနမှ စနေနေ့တွင် ပြောကြားခဲ့သည်။

စနေနေ့မှ တနင်္ဂနွေနေ့အထိ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကွမ်တုံ၊ ပုကျန်း စီရင်စုတို့တွင် မုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းနိုင်ကြောင်း၊ အချို့ဒေသများတွင် မိုးရေချိန် ၁၂၀ မီလီမီတာ ထိရှိနိုင်ကြောင်း အမျိုးသားမိုးလေဝသဌာနမှ ခန့်မှန်းထားသည်။

ဖော်ပြပါဒေသများနှင့် အလယ်ပိုင်း၊ မြောက်ပိုင်းဒေသတို့တွင် ရာသီဥတုအခြေအနေအတွက် မိုးလေဝသဌာနမှ အပြာရောင်အဆင့် သတ်မှတ်သတိပေးချက်ထုတ်ပြန်ထားသည်။

ဒေသတွင်းအစိုးရဌာနများအနေဖြင့် မုန်တိုင်းကာကွယ်ရေး၊ ရေကြီးမှု၊ မြေပြိုမှုတို့ကဲ့သို့ သဘာဝဘေးဒုက္ခအရေးတို့အတွက် ကြိုတင်ကာကွယ်မှုများကို အရေးပေါ်ဆောင်ရွက်ထားကြရန် မိုးလေဝသဌာနက သတိပေးထားကြောင်း သိရသည်။

**(ဆင်ဟွာ)**

# မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်၍ အလိုမရှိကြောင်း မြစ်ကြီးနားမြို့၌ ဒေသခံတချို့ဆန္ဒထုတ်ဖော်မှုပြုလုပ်

**မြစ်ကြီးနား ဇွန် ၄**

မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်၍ အလိုမရှိကြောင်း ယနေ့နံနက် ၈ နာရီခန့်တွင် မြန်မာနိုင်ငံ ဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန် ခေတ္တတည်းခိုနေထိုင်သည့် မြစ်ကြီးနားမြို့ Palm Spring Resort ရှေ့တွင် ဒေသခံအင်အား ၄၀ ခန့်က ဆန္ဒထုတ်ဖော်မှု ပြုလုပ်ခဲ့ကြသည်။ (ယာပုံ)




"အခု ဆည်ဆောက်မယ့်နေရာက စစ်ကိုင်းလျှင်ကြောနဲ့ အလွန်နီးတယ်။ အဲဒီနေရာက ဆည်တည်ဆောက်လို့ မရတဲ့ မြေဖြစ်တယ်ဆိုတာကိုလည်း ပညာရှင်တွေ စစ်ဆေးပြီးပြီ။ အဲဒါကိုလည်း သူတို့က လုံးဝလက်မလျှော့ဘဲ ဆက်ဆောက်တဲ့အတွက် ကျွန်တော်တို့က ကန့်ကွက်တာပါ။ နောက်ပြီး ကျွန်တော်တို့ပြည်သူတွေရဲ့ ဆန္ဒလည်း မပါပါဘူး။ ကျွန်တော်တို့က ဘာပဲပြောပြော ဒါဟာ ပြည်သူရဲ့ဆန္ဒကို ထုတ်ဖော်တဲ့ သဘောပါပဲ။ ကျွန်တော်တို့အနေနဲ့ အလိုမရှိပါဘူး။ တခြားနေရာမှာ ဆောက်ချင်ဆောက်ပါ။ ဒီနေရာမှာ ဆည်ဆောက်တာကိုတော့ လက်မခံပါဘူး။ အဲဒါကြောင့် ကျွန်တော်တို့က ကန့်ကွက်တာပါ"ဟု ဆန္ဒထုတ်ဖော်မှုတွင်ပါဝင်သူ ဒေသခံ ဦးဇော်နောင်က ပြောသည်။

တရုတ်သံအမတ်ကြီး၏ ပထမဆုံးအကြိမ်အဖြစ် ဇွန် ၂ ရက်က စတင်သွားရောက်ခဲ့သည့် ကချင်ပြည်နယ် ဒေသဖွံ့ဖြိုးမှုဆိုင်ရာ လေ့လာရေးခရီးစဉ်အတွင်း ဒေသဆိုင်ရာ အစိုးရအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားများနှင့်အတူ တိုင်းရင်းသားပါတီတချို့နှင့်တွေ့ဆုံခဲ့ပြီးနောက် ယခုကဲ့သို့ ဆန္ဒထုတ်ဖော်မှုနှင့်ကြုံရခြင်းဖြစ်သည်။

ဆန္ဒထုတ်ဖော်သူများသည် အဆိုပါစီမံကိန်းအား အလိုမရှိကြောင်း ရေးသားထားသည့် နဖူးစည်းများကိုစည်း၍ မြစ်ဆုံဆည်တည်ဆောက်မှုကို ကန့်ကွက်ခြင်း၊ အပြီးတိုင်ဖျက်သိမ်းပေးရန်နှင့် အဆိုပါစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေသည့် SPIC (ယခင် CPI) ကုမ္ပဏီကို အလိုမရှိကြောင်း ကန့်ကွက်သည့် အဓိပ္ပာယ်ပါဝင်သော စာသားများပါရှိသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ပြီး ကြွေးကြော်မှုများ ပြုလုပ်၍ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ထိုသို့ ဆန္ဒထုတ်ဖော်နေစဉ် ၁၅ မိနစ်ခန့်အကြာ၌ သက်ဆိုင်ရာ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး ၁၅ မိနစ်ခန့်အတွင်း အမြန်ဆုံးလူစုခွဲပေးရန် သတိပေးပြောကြားခဲ့သည့်အတွက် ဆန္ဒထုတ်ဖော်သူများသည် ၈ နာရီ ၄၅ မိနစ်ခန့်တွင် လူစုခွဲသွားကြသည်။

"ဒီဆန္ဒထုတ်ဖော်မှုက ကြိုတင်အသိပေးအကြောင်းကြားထားတာမျိုး မရှိပါဘူး။ အရေးယူဖို့ ရှိ၊ မရှိ ဆိုတာကတော့ အထက်အဆင့်ဆင့်ကို တင်ပြသွားပြီး ညွှန်ကြားချက်အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာပါ။ လက်ရှိ အနေနဲ့ကတော့ ခေါင်းဆောင်နာမည်တွေကို စုစည်းထားပါတယ်"ဟု အဆိုပါ ဆန္ဒထုတ်ဖော်မှုနှင့် ပတ်သက်၍ မြစ်ကြီးနားမြို့နယ် ရဲစခန်းမှူး ရဲမှူးမြင့်သိန်းက ပြောကြားသည်။

"ကျွန်တော်တို့အနေနဲ့လည်း မြစ်ဆုံစီမံကိန်းကိစ္စကို အမြန်ဆုံးဖြေရှင်းပေးဖို့ အစိုးရကိုပြောထားတယ်။ ရင်းနှီးမြှုပ်နှံထားတဲ့ ငွေပမာဏကများတဲ့အတွက် အချိန်ထပ်ပြီး စောင့်လို့ မရတော့ပါဘူး။ အမြန်ဆုံး ဖြေရှင်းပေးဖို့သက်ဆိုင်ရာကို အကြောင်းကြားထားပါတယ်။ စီမံကိန်းစတင်ဆောင်ရွက်မယ့် အချိန်တုန်းကလည်း နော်ဝေနိုင်ငံက ပညာရှင်တွေနဲ့ စစ်ဆေးမှုတွေလုပ်ပြီးမှ ဆောင်ရွက်ခဲ့တာပါ။ ဆောင်ရွက်မှုအပိုင်းမှာလည်း ယခင်အစိုးရရဲ့ ဖိတ်ခေါ်ကမ်းလှမ်းမှုတွေအရ နှစ်ဖက်သဘောတူ စာချုပ်တွေနဲ့ လုပ်ခဲ့ရတာပါ။ အစိုးရအနေနဲ့ ပြည်သူကို ပွင့်လင်းမြင်သာမှုရှိအောင် စာချုပ်ပါအချက်အလက်တွေကို အမြန်ဆုံးချပြဖို့လိုပါပြီ"ဟု SPIC ကုမ္ပဏီမှ အထွေထွေမန်နေဂျာ Mr.LIU Zhan က မီဒီယာများအား ပြောကြားသည်။

အဆိုပါ စီမံကိန်းကို ၂၀၀၉ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခင် အစိုးရလက်ထက်အတွင်း ပြည်သူများက ကန့်ကွက်ခဲ့သဖြင့် ၂၀၁၂ ခုနှစ်တွင် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ရပ်ဆိုင်းခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး (ပဏီတ)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၄**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

(မိုး/ဇလ)

## နေပြည်တော်တွင် မြန်မာနိုင်ငံမှုခင်းသတင်းထောက်များအသင်းဖွဲ့စည်း

**နေပြည်တော် ဇွန် ၄**

မြန်မာနိုင်ငံ မှုခင်းသတင်းထောက်များ အသင်း(နေပြည်တော်) အမှုဆောင်များ ရွေးချယ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ဗဟိုမစိုးရိမ်ရပ်ကွက် ရွှေချို(၂)လမ်း အမှတ်(၁၂/၆၁) ဦးရန်နိုင်(ခိုင်မင်း-နေပြည်တော်)၏ နေအိမ်(ရုံးခန်း)၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မှုခင်းသတင်းထောက်များ အသင်း (နေပြည်တော်)၏ ဥက္ကဋ္ဌအဖြစ် ဦးရန်နိုင် (ခိုင်မင်း-နေပြည်တော်) အပါအဝင် အမှုဆောင် ၂၀ ဦးတို့ကို တက်ရောက်လာသူများက ရွေးချယ်ခဲ့ကြသည်။

အဆိုပါ မြန်မာနိုင်ငံ မှုခင်းသတင်းထောက်များ (MCRA) အသင်းကို ၂၀၁၆ မတ် ၂၅ ရက် နေ့စွဲဖြင့် ပြည်ထဲရေးဝန်ကြီးဌာနက ဥပဒေနှင့်အညီ ဖွဲ့စည်းဆောင်ရွက်ခွင့်ပြုထားပြီး ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ မှုခင်းသတင်းထောက်များအသင်း(နေပြည်တော်)အမှုဆောင်များ ရွေးချယ်ရာတွင် နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ်အတွင်းမှ မြန်မာနိုင်ငံ စာရေးဆရာအသင်း အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း အဖွဲ့ဝင်များ၊ ရုပ်မြင်သံကြားရုံမှ မှုခင်းသတင်းထောက်များ၊ စာပေဝါသနာရှင်များကို စုစည်းပြီး ဖွဲ့စည်းဆောင်ရွက်ထားခြင်းဖြစ်ကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

## ရန်ကုန်-မန္တလေး ကားလမ်းမပေါ်၌ ကြေမွပျက်စီးကာ သေဆုံးနေသော အလောင်းတွေ့ရှိ

**ညောင်လေးပင် ဇွန် ၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ထိန်တပင်ရွာနှင့် ထော်နွတ်ရွာကြား၌ ဇွန် ၄ ရက် နံနက် ၂ နာရီခန့်က လူတစ်ဦးကားလမ်းမပေါ်၌ အမည်ဖော်ပြခွဲခြားလို့မရအောင် ကြေမွပျက်စီး၍ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့နယ်မြေရဲစခန်း၌ ရဲအုပ် ဝင်းသန်းစခန်းမှူးတာဝန်ဆောင်ရွက်နေစဉ် ကားလမ်းမပေါ်၌ လူတစ်ဦး ခန္ဓာကိုယ်တစ်ခုလုံး ကြေမွပျက်စီးလျက်သေဆုံးနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင်အမှတ်(၁၀၅/၂နှင့် ၁၀၅/၃)ကြား ထိန်တပင်ရွာနှင့် ထော်နွတ်ရွာကြားရှိ ကားလမ်းပေါ်တွင် အမည်မသိ၊ နေရပ်လိပ်စာစုံစမ်းဆဲ အမျိုးသားတစ်ဦး၏ အလောင်းကို ခန္ဓာကိုယ်တစ်ခုလုံး ကြေမွပျက်စီးလျက် သေဆုံးနေသည်ကိုတွေ့ရှိရ၍ ယာဉ်တစ်စီးမှ ကြိတ်မိကာ သေဆုံးသည့်ပုံသဏ္ဌာန်ရှိကြောင်း စစ်ဆေးတွေ့ရှိရသည်။

သို့ဖြစ်၍ ယာဉ်မဆင်မခြင်မောင်းနှင်ပြီး ထွက်ပြေးသွားသောယာဉ်နှင့် ယာဉ်မောင်းအား စုံစမ်းဖော်ထုတ်ပေးပါရန် စခန်းမှူးရဲအုပ်ဝင်းသန်းက တိုင်တန်းလာသဖြင့် ပိန်းဇလုပ်နယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**



## ရထားပေါ်မှပြုတ်ကျသောကျောပိုးအိတ်အား ပိုင်ရှင်ထံပြန်ပေး

**ကျွန်းလှ ဇွန် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့ဘူတာတွင် အမှတ်(၃၇) အဆန်ရထားပေါ်မှ ပြုတ်ကျခဲ့သည့်ကျောပိုးအိတ်အား ပိုင်ရှင်ထံ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇွန် ၂ ရက်က မန္တလေးမှထွက်ခွာလာသော အမှတ်(၃၇) အဆန်ရထားပေါ်မှ ကျွန်းလှ-ကန့်ဘလူ မိုင်တိုင်အမှတ်(၄၉၈/၁၆-၁၇)အကြား ကျောပိုးအိတ်တစ်လုံး ပြုတ်ကျခဲ့ရာ ကျွန်းလှဘူတာသို့ ဆိုက်ရောက်စဉ် ဘူတာဝန်ထမ်းများ၊ မီးရထားရဲများ၊ တွဲထိန်းများ၊ ရပ်မိရပ်ဖများ ပူးပေါင်းပြီး နှစ်နာရီကြာရှာဖွေ၍ ငွေကျပ် ၄၂သိန်းနှင့် အရေးကြီးစာရွက်စာတမ်းများပါသောအိတ်အား တာဝန်ရှိသူတို့က ပိုင်ရှင်ဖြစ်သူ ခရီးသည် ဦးစန်းကြည်ထံသို့ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**


## စီးပွားရေးလုပ်လိုသူများအတွက် အထူးအခွင့်အရေး

လေးလမ်းသွားလမ်းမကြီးဘေး၊ မျက်နှာစာနှစ်ဖက်ပါ၊ မျက်နှာ၀ ပေ ၁၁၀၊ Sqft 6324၊ ပါမစ်မြေ၊ စက်မှုဇုန်၊ ဒဂုံတက္ကသိုလ်၊ တက္ကသိုလ်ရိပ်မွန်အနီး၊ မင်းရဲကျော်စွာလမ်းနှင့် ကျန်စစ်သားလမ်းဆုံလမ်းထောင့်၊ မျက်နှာစာရှေ့တွင် ကားရပ်နားရန် ၁၀ ပေ ကျန်ရှိပြီး၊ စားသောက်ဆိုင်ဖွင့်လိုသူများ၊ အထပ်မြင့်ဆောက်လိုသူများအတွက် စီးပွားရေးလုပ်ရန်အချက်အချာကျနေရာကောင်း။ ၄င်းမြေကွက်အနီးတွင် ဘဏ်များ မရှိသောကြောင့် ဘဏ်ဖွင့်လိုသူများအတွက် အထူးအခွင့်အရေး။

**ကျပ်သိန်း(၃၀၀၀)**

**ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၇၈၉၇၉၊ ၀၉-၄၃၀၂၂၈၂၈၊ ၀၉-၄၂၀၃၀၁၀၉၁**

## မိုးဦးရာသီအထူးလျှော့ဈေး

ဂျပန်နိုင်ငံထုတ် အသစ်နှင့်အသစ်ကဲ့သို့ ကောင်းမွန်သောပစ္စည်းအစစ်အမှန်များဖြစ်သည့် Sony, Toshiba, Nec, Fujitsu အစရှိသော Laptop များ၊ Desktop များ၊ Apple Mac ကွန်ပျူတာများ၊ Apple i-Pad များနှင့် အခြားလူသုံးကုန်ပစ္စည်းအချို့တို့ကို June လ 10, 11, 12 သုံးရက်အတွင်း မွန်းတည့် ၁၂နာရီမှ ညနေ ၆ နာရီအထိ ချိုသာသောဈေးနှုန်းဖြင့် ဦးရာလူများအား ရောင်းချသွားမည်ဖြစ်ပါသည်။

**ရောင်းချမည့်နေရာ** - အမှတ် ၅၈၆၊ ဓမ္မာရုံလမ်းမကြီး၊ လှိုင်မြို့နယ်၊ ခြောက်မိုင်ခွဲ၊ ရန်ကုန်၊

**(IBC ရှေ့လမ်း၊ ပြည်လမ်းမမှ လမ်းလျှောက်ဝင်လျှင် နှစ်မိနစ်ခန့်အကွာ မြေညီထပ်)**

## တိုက်ခန်းရောင်းရန်

ပဒုမ္မာလမ်း၊ စမ်းချောင်းမြို့နယ်ရှိ တိုက်ခန်းအကျယ် ၃၈ပေ၊ အရှည် ပေ ၆၀ ငါးလွှာ၊ Hall ခန်း၊ ရိုးရိုးမီတာ၊ ပါဝါမီတာနှင့် Air-con အပါ၊ တိုက်ခန်းရောင်းရန်ရှိသည်။

**စုံစမ်းရန်ဖုန်း-**
**၀၉-၄၂၁၀၄၀၃၂၄၊**
**၀၉-၄၀၁၅၆၈၄၈၈**

## အမည်ပြောင်း

ဦးအောင်ဇော်မင်း[၁၂/ရပသ(နိုင်)၀၄၂၄၃၉] ၏သား အ.ထ.က(၂) လှိုင်မြို့နယ် Grade6(D)မှ မောင်ခွန်ရန်နိုင်အား မောင်ဘုန်းခန့်မင်းဟု ပြောင်းလဲခေါ်တွင်ပါရန်။ မောင်ဘုန်းခန့်မင်း

## ဖခင်အမည်မှန်

သံဖြူဇရပ်မြို့နယ်၊ စက်စဲကျေးရွာအထက၊ တက္ကသိုလ်ဝင်တန်း(က)မှ မောင်စိုက်ချမ်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် ၁၀/မဒန(နိုင်)၁၁၆၈၇၂ ဖြစ်ပါကြောင်း။ **ဦးဝင်းနိုင်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8E/7925 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးထားသည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

# နမ္မတူမြို့တွင် တရားမဝင်သယ်ဆောင်လာသော တမလန်းသစ်များဖမ်းဆီးရမိ

**ကျောက်မဲ ဇွန် ၄**

ရှမ်းပြည်နယ် ကျောက်မဲခရိုင် နမ္မတူမြို့တွင် ဇွန် ၂ ရက်က တမလန်းသစ်များ တရားမဝင်သယ်ဆောင်လာသောကား သုံးစီးအား ဖမ်းဆီးရမိခဲ့သည်။

မြို့နယ်ရဲစခန်းမှူး ရဲမှူးမြရွှေ ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ သစ်တောဦးစီးအရာရှိ ဦးငြိမ်းချမ်းနှင့်အဖွဲ့သည် နမ္မတူ-မန်တုံ ကားလမ်းမတွင် စောင့်ဆိုင်းနေစဉ် မိုးမိတ်-မန်တုံ-နမ္မတူ-မုံးဝီး-နမ့်ခမ်း လမ်းကြောင်းအတိုင်း တရုတ်ပြည်ဘက်သို့ မောင်းနှင်လာသော တမလန်းသစ်များ တရားမဝင်သယ်ဆောင်လာသည့် မော်တော်ယာဉ်သုံးစီးအား ရပ်တန့်ရှာဖွေစစ်ဆေးရာ ယာဉ်မောင်း အိုက်လင်း(၁၉နှစ်)၊ ယာဉ်နောက်လိုက် ခေါင်ဒေါင်း(၂၆ နှစ်) တုံးကြီးကျေးရွာ မိုးမိတ်မြို့ မောင်းနှင်လာသော YGN-7C/--- ပါဂျဲရိုး ခဲရောင်ယာဉ်ပေါ်မှ တမလန်းခားရွေ ၂၅ တုံး၊ ၀ ဒသမ ၉၃၇ တန် ကာလတန်ဖိုးငွေကျပ် ၆၅၅၉၀၀၊ ယာဉ်မောင်း အောင်အောင်(၂၄နှစ်) လုရားလမ်းကျေးရွာ နမ့်ဆန်မြို့နေသူ မောင်းနှင်လာသော YGN-4D-/--- ပါဂျဲရိုး ခဲရောင်ယာဉ်ပေါ်မှ တမလန်းခားရွေ တုံး ၂၀၊ ၀ ဒသမ ၈၃၅ တန်၊ ကာလတန်ဖိုးငွေကျပ် ၅၈၄၅၀၀၊ ယာဉ်မောင်း ထွန်းအောင်(၂၂နှစ်) ယာဉ်နောက်လိုက် ဝမ်ဖန်း(ခ)မာဂမ် (၂၂ နှစ်)တုံးကြီးကျေးရွာ မိုးမိတ်မြို့ နေသူ မောင်းနှင်လာသော YGN-7B/---ပါဂျဲရိုး ခဲရောင်ယာဉ်ပေါ်မှ တမလန်းခားရွေ ၂၁ တုံး၊ ၀ ဒသမ ၆၉၂တန်၊ ကာလတန်ဖိုးငွေကျပ် ၄၈၄၄၀၀ စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၁၇၂၄၈၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။



အဆိုပါ တမလန်းသစ်များ တရားမဝင် သယ်ဆောင်လာသူများအား နမ္မတူမြို့နယ်ရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အရက်ဝိုင်းတွင်စကားများရာမှ တူတစ်ဝမ်းကွဲက ဦးလေးဖြစ်သူကို ဝါးချွန်ဖြင့် ထိုးသတ်

**မြောင်းမြ ဇွန် ၄**

မြောင်းမြမြို့နယ် ခွေးလေးကြီးကျေးရွာအုပ်စု ခွေးလေးဝကျေးရွာတွင် တူတစ်ဝမ်းကွဲတော်သူက ဦးလေးဖြစ်သူကို အရက်ဝိုင်းတွင် စကားများရာမှ ဒေါသစိတ်ကြောင့် ဝါးချွန်ဖြင့် ထိုးသတ်မှု ဇွန် ၂ ရက် ညနေ ၃ နာရီက အဆိုပါကျေးရွာ၌ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ခွေးလေးဝ ကျေးရွာနေ ကိုသိန်းဝင်း (၃၆ နှစ်)သည် ရှစ်အိမ်တန်းကျေးရွာတွင် ဝါးအငှားခုတ် လုပ်ငန်းသွားရောက်လုပ်ကိုင်နေစဉ် ညနေ ၃ နာရီခန့်တွင် တူဝမ်းကွဲတော်သူ စွပ်ပြဲ (ခ)မျိုးချစ် (၃၁ နှစ်)နှင့်အတူ အရက်သေစာသောက်စားရာမှ အရက်ဝိုင်းတွင် စကားများကြပြီး စွပ်ပြဲ (ခ)မျိုးချစ်က လက်သီးဖြင့်ထိုးရာ လဲကျသွားစဉ် နဖူးကိုအရက်ပုလင်းဖြင့် တစ်ဖန်ထပ်ရိုက်ပြီးဒေါသစိတ်ဖြင့် အနီးရှိဝါးချွန်အပိုင်းဖြင့် လည်ပင်းကိုထိုးသတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စွပ်ပြဲ (ခ) ကိုမျိုးချစ်အား မြောင်းမြရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**အောင်မင်း ( ပြန်/ဆက်)**

# မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**ကျောက်မဲ ဇွန် ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့အောင်မြေသာယာအနီး ငြိမ်းချမ်းရေးကုန်းဘုရားရှေ့ ကျောက်မဲ - မိုင်းတင်းသွားကားလမ်းမ၌ ဇွန် ၂ ရက် ည ၁၁ နာရီခွဲက မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဇွန် ၂ ရက် ညက ကျောက်မဲမြို့မ ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများပါဝင်သော အဖွဲ့သည် ကျောက်မဲမြို့ အောင်မြေသာယာအနီး ငြိမ်းချမ်းရေးကုန်း ဘုရားရှေ့ ကျောက်မဲ-မိုင်းတင်းသွားကားလမ်းမပေါ်၌ ကျောက်မဲဘက်မှ မိုင်းတင်းရွာဘက်သို့ အောင်လွင်(ခ)လောလွင် မောင်းနှင်ပြီး ဘေးမှ ကျော်ထွေးလိုက်ပါစီးနင်းလာသည့် ၅ဂ/ ------- ပါဂျဲရိုးယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ အောင်လွင်(ခ)လောလွင်ထံမှ ဘိန်းဖြူဟုယူဆရသော ဖြူ/ ဝါမှုန့်အလေးချိန် ၀ ဒသမ ၉ ဂရမ်ခန့်ပါ တစ်ဘူးနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀ ပါ အိတ်တစ်အိတ်တို့ကို သိမ်းဆည်းပြီး အောင်လွင်(ခ) လောလွင်၏ နေအိမ်၌ ဘိန်းဖြူမှုန့် အလေးချိန် တစ်ခွက်လျှင် ၁၀ ဂရမ်ခန့်စီပါ ဆပ်ပြာခွက် ၁၇ ခွက်နှင့် စိတ်ကြွရူးသွပ် ဆေးပြား ၄၀၀၀ စုစုပေါင်း ဘိန်းဖြူမှုန့် အလေးချိန် ၁၇၁ ဒသမ ၆ ဂရမ်ခန့် ဖမ်းဆီးရမိသည်။

မူးယစ်ဆေးဝါးများအား လက်ဝယ်ထားရှိသူ အောင်လွင်( ခ)လောလွင် (၅၈ နှစ်)နှင့် ကျော်ထွေး (၃၄ နှစ် )တို့နှစ်ဦးအား ကျောက်မဲမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားပြီး ကွင်းဆက်လှုပ်ရှားသူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိန်းသန်း(ကျောက်မဲ)**

# ကောလင်း-ပင်လည်ဘူးကားလမ်း ရွာသာယာရွာအနီး ယာဉ်တစ်စီးတိမ်းမှောက်

**ပင်လည်ဘူး ဇွန် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် ရဲစခန်းအရှေ့တောင်ဘက် ၂၃ မိုင်ခန့် ရွာသာယာကျေးရွာအနီး ယာဉ်တစ်စီး ကားဘရိတ်ပေါက်ကာ တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၃ ရက်က ယာဉ်တစ်စီး တိမ်းမှောက်မှု ဖြစ်ပွားခဲ့ကြောင်းသတင်းအရ မြေလင်းရဲကင်းစခန်းမှူး ရဲအုပ်နေလင်းနှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ကောလင်း-ပင်လည်ဘူး ကားလမ်းအတိုင်း ကောလင်းမှ အင်ဂါးကျေးရွာသို့ ကုန်ပစ္စည်းများနှင့်အတူ ခရီးသည် ၁၂ ဦး တင်ဆောင်၍ ယာဉ်မောင်း ချိန်ဦး မောင်းနှင်လာသည့် ယာဉ်အမှတ် 8G---- ကင်ဒါ ခြောက်ဘီးယာဉ်မှာ ရွာသာယာကျေးရွာအနီး မိုင်တိုင်အမှတ် ၃၈/၁ နှင့် ၃၈/၂ မိုင်ကြားအရောက်တွင် ကားဘရိတ်ပေါက်၍ ကားလမ်း၏ဝဲဘက်သို့ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။



အဆိုပါယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ ခရီးသည် ငပြား(၃၇ နှစ်)၊ အောင်သက်နိုင် ခြောက်နှစ်၊ ဦးကျော်ဌေး(၃၉နှစ်)၊ မမြင့်( ၄၈ နှစ် )၊ မမာမာအေး (၂၉ နှစ်)၊ မမြင့်ကြည်(၃၀ နှစ်)၊ ဒေါ်ဝင်းစိန် (၅၆ နှစ်)၊ မစိန်လှ (၃၀ နှစ်)၊ မဖြူ (၃၀ နှစ်)တို့တွင် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ယာဉ်မောင်းနှင်သူ ချိန်ဦး(၄၂ နှစ်) အား ဥပဒေအရ အရေးယူပေးပါရန် ရဲအုပ်နေလင်းက တိုင်တန်းခဲ့ရာ ပင်လည်ဘူးမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

**မူးယစ်ကင်းစင် ပြုံးပျော်ရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**


**ပျောက်ဆုံးကြောင်း**
ကျွန်မ နန်းချိုချိုကျော်သိန်း[၃/ဘအန(နိုင်) ၂၇၃၁၃၂] ၏ နိုင်ငံကူးလက်မှတ်- MB-052265 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း- ၀၉၇၈၆၂၈၅၄၃၅

**ပျောက်ဆုံးကြောင်း**
ကျွန်တော် မောင်အောင်သူ[၇/ပခန(နိုင်) ၂၄၉၇၉၀] ၏ နိုင်ငံကူးလက်မှတ် အမှတ်-၆၅၁၃၇၃ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉၇၇၁၄၂၀၉၇၉

**မိခင်အမည်မှန်**
စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ အထကကျောင်းမှ န၀မတန်း ကျောင်းသူ မဖြူစင်အေး၏ မိခင်အမည်မှန်မှာ ဒေါ်အေး ၅/ထခန(နိုင်)၀၃၈၇၇၀ ဖြစ်ပါကြောင်း။ **ဒေါ်အေး**

**အများသိစေရန်ကြေညာခြင်း**
ဒေါ်ခိုင်မူယာ ၁၃/တကန(နိုင်)၀၀၀၈၅၂ သည် ကျွန်ုပ်နှင့်မိသားစုအပေါ်တွင် စိတ်ဆင်းရဲစေသော ကိစ္စများပြုမူဆောင်ရွက်ခဲ့သည့်အတွက် ဒက္ခိဏခရိုင်တရားရုံးတွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ခိုင်မူယာနှင့် ပတ်သက်သော ကိစ္စအဝဝအား ကျွန်ုပ်အနေဖြင့် သက်ဆိုင်မှုမရှိပါကြောင်းနှင့် တာဝန်ယူဖြေရှင်းမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။
**ဦးကျော်မင်း**
၁၂/ဥကတ(နိုင်)၁၅၁၅၀၂

**ပျောက်ဆုံးကြောင်း**
ကျွန်တော်မောင်ဂမ်ဖန် ၁၃/လရန(နိုင်)၁၂၃၀၆၇၏ Passport (No -မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၇၄၄၆၂၄၉**

**ပျောက်ဆုံးကြောင်း**
ကျွန်တော် မောင်နီထွန်းကျော် ၁၁/စတန(နိုင်)၀၅၆၄၂၉ ပိုင်ဆိုင်သော သီလဝါ အစုရှယ်ယာသက်သေခံလက်မှတ် ID.No-5489 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၆၈၀၄၈၈

**သင်္ချာကျော်ရှိန် M.Sc. (Maths). Final.**
၄၊၅၊၆၊၇၊ ၈၊၉၊၁၀ တန်း ဘာသာစုံဝိုင်းနှင့် 'ဘော်ဒါ' ၇-၆-၂၀၁၆ စမည်
အိမ်ပိုင်းလက်ခံသင်ကြားပေးမည်။
**မဟာကျော် အဝေးသင် ဝိဇ္ဇာသီးသန့်**
ရသုံးမုန်းခြေစစ်စစ်ရေးမှူး(၂)၊ ဒုရဲအုပ်၊ ထွေ/အုပ်
ဒုဦးစီးမှူးနှင့်အငယ်တန်းစာရေးဝင်ခွင့် ၁၀-၆-၂၀၁၆ စမည်။
အမှတ်-၃၅၃၊ဒုထပ်၊မဟာဗန္ဓုလလမ်း၊(ဆိပ်ကမ်းသာလမ်းနှင့်၃၉လမ်းကြား)
Ph:09-250359833, 09-253034191, 09-263451177

**အများသိစေရန် ကြေညာခြင်း**
ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်/အရှေ့ရပ်ကွက်၊ ဥယျာဉ်လမ်း၊ အမှတ် ၃၅ (မြေညီ/ခေါင်းရင်း)နေ မစိမ့်စိမ့်ဦး ၁၂/စခန(နိုင်)၀၆၃၇၀၂နှင့် မညိမ့်ညိမ့်သန်းထွဋ် ၁၂/စခန(နိုင်)၀၆၆၇၇၁တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။
၁။ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ နံ့သာလမ်း၊ အမှတ် ၁၈၊ ၅လွှာ(ခေါင်းရင်း)၊ အကျယ်ပေ (၁၂ဒသမ၅×၅၀)ရှိ တိုက်ခန်းတစ်ခန်းသည် ကျွန်ုပ်တို့မိတ်ဆွေများ၏ ဖခင် ဦးသန်းထွဋ် ၁၂/အလန(နိုင်)၀၂၉၁၈၃က ၎င်း၏မိဘများဖြစ်သည့် ဦးတင်ဦးနှင့်ဒေါ်ခင်အေးတို့ထံမှ အမွေဝေစုအဖြစ်ရရှိခဲ့သည့် တိုက်ခန်းဖြစ်ပါသည်။
၂။ ဦးသန်းထွဋ်သည် ၁၀-၁၂-၂၀၁၅ရက်တွင် ကျွန်ုပ်တို့၏ မိတ်ဆွေများနှင့်အတူ နေထိုင်ရင်း ကွယ်လွန်ခဲ့ပါသည်။ ဦးသန်းထွဋ်သည် အထက်ပါတိုက်ခန်းကို ၎င်းသက်ရှိထင်ရှားရှိစဉ်ကတည်းက သမီးများဖြစ်သည့် ကျွန်ုပ်တို့၏မိတ်ဆွေများအား အမွေအဖြစ်ပေးအပ်၊ လွှဲအပ်ထားပြီး ဖြစ်ပါသည်။ ၎င်းကွယ်လွန်သွားချိန်တွင်လည်း သမီးများဖြစ်သည့် ကျွန်ုပ်တို့၏မိတ်ဆွေ နှစ်ဦးသာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် ပစ္စည်းဖြစ်ပါသည်။
၃။ သို့ပါ၍ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံ တစ်ရာမပါရှိဘဲနှင့် မည်သူတစ်စုံတစ်ဦးမှ ရောင်းချ/ပေါင်နှံ/ငှားရမ်း/ပေးကမ်း/စွန့်လွှတ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတစ်စုံတစ်ရာ မပြုလုပ်ကြပါရန် တားမြစ်ပါကြောင်းနှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထားနွယ်ခင်** (LL.B, D.I.R, D.I.L, D.M.L) **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၂၁)**
**ဦးကျော်မိုးလွင်** (LL.B, D.I.L) **(စဉ်-၃၇၉၂၃)**
**ဒေါ်သန္တာအောင်** (LL.B, D.M.L) **(စဉ်-၄၆၉၃၅)**
**(အထက်တန်းရှေ့နေများ)**
**ဖုန်း-၀၉-၅၁၉၇၉၃၂၊ ၀၉-၇၃၀၂၇၂၀၄**
**ရှေ့နေနားနေခန်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံးအတွင်း**




**ဖခင်အမည်မှန်**
မန္တလေးမြို့၊ မြို့သစ်Familyပညာရိပ်သာ ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဒသမတန်းတွင် ပညာသင်ကြားနေသော မောင်အံ့ထူးနိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုးနိုင် ၉/တသန(နိုင်)၀၅၃၆၆၅ ဖြစ်ပါကြောင်း။ **ဦးအောင်မျိုးနိုင်**

**လူပျောက်ကြော်ငြာ**
ဒေါ်သန္တာနှင်း၏သမီး မနှင်းထရီဇာကျော်(ခ)နွေးနွေး ၁၂/စခန(နိုင်)၀၈၀၄၁၄ သည် ၂၈-၅-၂၀၁၆ ရက်တွင် နေအိမ်မှ နေ့လယ်တွင် ထွက်သွားပါသဖြင့် ရောက်ရာအရပ်မှ အမြန်ပြန်လာပါ။ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူမည်။
**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၇၈၂၁၆၆၈၈၁၊**
**၀၉-၄၃၁၅၉၈၄၄**

# မြန်မာအမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်း အာရှထိပ်သီး တောင်ကိုရီးယားကို ဂိုးပြတ်ရှုံးနိမ့်

ရန်ကုန် ဇွန် ၄

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၆ အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာအမျိုးသမီးအသင်းနှင့် တောင်ကိုရီးယားလက်ရွေးစင် အမျိုးသမီးအသင်းတို့၏ ခြေစမ်းပွဲ ပထမပွဲစဉ်ကို ယနေ့ ညနေ ၅ နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာ တောင်ကိုရီးယားအသင်းက ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအမျိုးသမီးအသင်းအတွက် အတွေ့အကြုံရှာဖွေသည့် ခြေစမ်းပွဲဖြစ်ပြီး အာရှထိပ်သီး တောင်ကိုရီးယားအသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့သော်လည်း အတွေ့အကြုံကောင်းများ ရယူနိုင်ခဲ့သည်။ လူငယ်ကစားသမားအများစု ပါဝင်လာသော်လည်း ၂၀၁၅ အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် ကစားသမားအချို့ ပါဝင်လာသည့် တောင်ကိုရီးယားလက်ရွေးစင်အသင်းမှာ ခြေအသာဖြင့် ကစားသွားခဲ့ပြီး နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ အမျိုးသမီးအသင်းမှာ အသင်းခေါင်းဆောင် ခင်မာလာထွန်း အပါအဝင် ရီရီဦး၊ ခင်မိုးဝေ၊ နော်အားလိုဝါးဖောတို့ဖြင့် လူစုံပွဲထွက်ခဲ့ပြီး ခြေစွမ်းပိုင်းမြင့်မားသည့် တောင်ကိုရီးယားအသင်းနှင့် ကစားရခြင်းဖြစ်သောကြောင့် ခံစစ်အသားပေးပုံစံဖြင့် ကစားခဲ့သည်။ တောင်ကိုရီးယားအသင်းမှာ ကမ္ဘာ့ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ဖူးသည့် အသင်းဖြစ်သောကြောင့် ပွဲကို စိတ်ကြိုက်ကစားသွားခဲ့ပြီး ပထမပိုင်းမှာပင် သုံးဂိုးပြတ် ဦးဆောင်နေသည်။ တောင်ကိုရီးယားအသင်းအတွက် ဂိုးများကို ရှစ်မိနစ်တွင် ဟောင်ပေဟျီ၊ ၁၈ မိနစ်တွင် ကန်ယူမီ၊ ၃၈ မိနစ်တွင် ပယ်နယ်တီမှ တစ်ဆင့် ဂျန်ဆယ်ဂျီတို့က သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများ အပြောင်းအလဲ ပြုလုပ်ခဲ့ပြီး မြန်မာအသင်းမှာ လှယဉ်ဝင်း၊ အေးအေးမိုးနှင့် မေစံပယ်ဖူးတို့ကိုထည့်ကာ အပြောင်းအလဲ ပြုလုပ်ခဲ့သည်။ ဒုတိယပိုင်းတွင်လည်း တောင်ကိုရီးယားအသင်းက သာ ပွဲကိုဆက်လက်ထိန်းချုပ်ကစားသွားခဲ့ပြီး ဆွန်ဟွာယွန်က ၆၀၊ ၆၆ မိနစ် တို့တွင် အနိုင်ဂိုးများ ထပ်မံသွင်းယူခဲ့သည်။ မြန်မာအသင်းမှာ ဂိုးပြတ်ရှုံးခဲ့သော်လည်း အာရှထိပ်သီးအသင်းနှင့် ကစားခဲ့ရ၍ အတွေ့အကြုံကောင်းများ ရရှိခဲ့သည်။

မြန်မာ-တောင်ကိုရီးယားခြေစမ်းပွဲ ဒုတိယပွဲကို ဇွန် ၇ ရက် ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**



**တောင်ကိုရီးယားလက်ရွေးစင်အမျိုးသမီးအသင်းမှ တိုက်စစ်မှူး မြန်မာအမျိုးသမီးအသင်းဘက်သို့ ဂိုးသွင်းယူစဉ် (ဓာတ်ပုံ-ဖိုးသော်ဇင်)**

# ကိုပါအမေရိကဖလား အဖွင့်ပွဲစဉ် အိမ်ရှင်အမေရိကန်တို့ ရှုံးပွဲစတွေ့



**ကိုလံဘီယာမှ ကားလို့စ်ဘက်ကာ အမေရိကန်ဘက်သို့ ဘောလုံးကန်သွင်းနေစဉ်**

ကိုပါအမေရိက ၂၀၁၆ ဖလားပြိုင်ပွဲအုပ်စုပွဲစဉ်များကို ဇွန် ၄ ရက် စနေနေ့ နံနက်ပိုင်းက အုပ်စု(က)မှ အိမ်ရှင်အမေရိကန်နှင့် ကိုလံဘီယာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကိုလံဘီယာအသင်း နှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

နှစ်သင်းစလုံးတွင် ဥရောပကလပ်များ၌ ကစားနေသည့် အတွေ့အကြုံရင့် ကစားသမားများပါဝင်ခဲ့ပြီး ယနေ့ပွဲတွင် ဂျာမန်နည်းပြ ကလင်းစမန်း၏ အိမ်ရှင်အမေရိကန်အသင်းမှာ ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်ခဲ့သည်။ အမေရိကန်ပွဲထွက်လူစာရင်းတွင် ဥရောပထိပ်တန်းကလပ်များမှ အက်စ်တွန်ဗီလာ ဂိုးသမားဘရတ်ဂူဇန်၊ နောက်တန်းတွင် မိုချန်ဂလာဘတ်မှ ဖာဘီယန်ဂျွန်ဆင်၊ ဆန်းဒါးလန်းမှ ရတ်လင်း၊ စတုတ်စီးတီးမှ ဂျော့ဖ် ကမ်မရွန်း၊ ဟာသာဘာလင်မှ ဂျွန်ဘရွတ်တို့ဖြစ်ပြီး ကွင်းလယ်တွင် ဥရောပထိပ်တန်းလိဂ်ကြီးများမှ ပြင်သစ်ကလပ် နန့်တက်စ်အသင်းမှ ဘီဒိုရာတစ်ဦးတည်း ပါဝင်ခဲ့သည်။ တိုက်စစ်ပိုင်းတွင် ဟမ်းဘတ်အသင်းမှ ဘော်ဘီဝုဒ်ပါဝင်ခဲ့သည်။

ကိုလံဘီယာအသင်းသည် ၄-၄-၂ ကစားကွက်ဖြင့် ဥရောပကလပ်ကစားသမားများဖြစ်သာ ဂိုးနေရာတွင် အာဆင်နယ်မှ အော့စ်ပီနာ၊ နောက်တန်းတွင် ပီအက်စ်ဗွီမှ ဆန်တီယာဂို အာရေစ်၊ အေစီမီလန်မှ ဇာပါတာ၊ အင်တာမှ မူရယ်လိုနှင့် ကွင်းလယ်တွင် ဂျူဗင်တပ်စ်မှ ဂျူအန်ကျူဒရာဒိုတို့ဖြစ်သည်။ တိုက်စစ်ပိုင်းတွင် အေစီမီလန်မှ ကားလို့စ်ဘက်ကာနှင့် ရီးရဲမက်ဒရစ်မှ ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် အသင်းခေါင်းဆောင်အဖြစ် ပါဝင်ခဲ့သည်။

ယင်းပွဲ၌ ပွဲချိန် ၈ မိနစ်တွင် ကွင်းလယ်ကစားသမား ဇာပါတာက ကိုလံဘီယာအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပထမပိုင်းပြီးခါနီး ၄၂ မိနစ်တွင် ကိုလံဘီယာအသင်း ပယ်နယ်တီကန်ခွင့်ရကာ အသင်းခေါင်းဆောင် ဂျိမ်းရိုဒရီဂွက်ဇ်က သွင်းယူခဲ့သည်။ ယနေ့ပွဲတွင် အိမ်ရှင်အမေရိကန်က ဘောလုံးပိုင်ဆိုင်မှုအသာစီး ရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့် ကိုးကြိမ်အနက် သုံးကြိမ်သာ ဂိုးပေါက် တည့်ခဲ့သည်။ ကိုလံဘီယာအသင်းသည် ၁၂ ကြိမ်ကန်သွင်းခွင့် ရပြီး ခုနစ်ကြိမ် ဂိုးပေါက်တည့်ခဲ့သည်။

အုပ်စုပြိုင်ပွဲ ပွဲဦးထွက်တွင် ကိုလံဘီယာအသင်းရမှတ်သုံးမှတ်ရရှိခဲ့ပြီး အိမ်ရှင်တို့အမှတ်မရရှိခဲ့ပေ။ ဇွန် ၈ ရက်တွင် အမေရိကန်က ကော်စတာရီကာနှင့် တွေ့ဆုံမည်ဖြစ်ပြီး ကိုလံဘီယာက ပါရာဂွေးနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သီဟ**







### ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

မန္တလေးခရိုင်တရားရုံးတော်

၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၂၅၀

ဦးရန်ပိုင်သိန်း နှင့် ဒေါ်စန်းမူ

တရားလို တရားပြိုင်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ (င-၆)ရပ်ကွက်၊ ၅၆×၅၇လမ်းကြား၊ မနော်ဟရီလမ်းနေ ဒေါ်စန်းမူ ၉/မရတ(နိုင်)၀၉၆၄၉၇(ဘ)ဦးကုလား (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးရန်ပိုင်သိန်းက ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုကို လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၆ခုနှစ် ဇွန် ၇ရက် (၁၃၇၈ခုနှစ် နယုန်လဆန်း ၂ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မေ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ယဉ်ယဉ်ဟန်)

ဒုတိယခရိုင်တရားသူကြီး(၁)

မန္တလေးခရိုင်တရားရုံး



### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
### တောင်ကြီးမြို့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အတွင်း အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) ရုံးသစ်ဆောက်လုပ်ခြင်း(၁၆)ခု

(ခ) ရုံးအကြီးစားပြင်ဆင်ခြင်း(၃)ခု

(ဂ) ရုံးတိုးချဲ့ဆောက်လုပ်ခြင်း(၁၄)ခု

(ဃ) ဝန်ထမ်းအိမ်ရာ(၄၄)လုံးဆောက်လုပ်ခြင်း

(င) အခြားလုပ်ငန်းများ(၈)ခု

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၅-၆-၂၀၁၆ရက်မှ ၄-၇-၂၀၁၆ ရက်အထိ နေ့စဉ် ရုံးချိန်အတွင်းလာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၅-၇-၂၀၁၆ရက် ရုံးချိန်အတွင်းနောက်ဆုံးထား၍ တင်ဒါစိစစ်ရေးအဖွဲ့ရှေ့မှောက်တွင် တင်ဒါတင်သွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ဖုန်း-၀၈၁-၂၁၂၁၂၉၈၊ ၀၈၁-၂၁၂၁၀၁၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ



### ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
### မြန်မာ့မီးရထား
### အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ မြစ်ကြီးနားမြို့၊ မြန်မာ့မီးရထားပိုင်၊ မြစ်ကြီးနားဘူတာရုံ (အလျား ၆မီတာ×အနံ ၁၀မီတာ = ၆၀စတုရန်းမီတာ)အကျယ်အဝန်းပေါ်တွင် ယာဉ်ဝင်ဂိတ်လုပ်ငန်းအား ပြည်တွင်း နိုင်ငံသားလုပ်ငန်းရှင်များသို့ ၁-၆-၂၀၁၆ ရက်မှ ၃၁-၆-၂၀၁၉ထိ အိတ်ဖွင့်တင်ဒါခေါ်ယူ၍ လုပ်ငန်းဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များနှင့် အဆိုပြုလွှာတွင်ပါဝင်ရမည့် အချက်အလက်များကို မန်နေဂျာ(သွားလာရေး/တိုင်း)၊ အမှတ် (၁)တိုင်း၊ မြစ်ကြီးနားရုံး၌ တစ်စောင်လျှင် (၅၀၀၀ိ/-)နှုန်းဖြင့် ၅-၆-၂၀၁၆ရက်မှစ၍ ၁၅-၆-၂၀၁၆ရက်အထိ ရုံးချိန်အတွင်း ရောင်းချသွားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါဖွင့်လှစ်ခြင်းကို ၁၈-၆-၂၀၁၆ ရက် နံနက် ၁၀း၀၀နာရီတွင် မန်နေဂျာ (သွားလာရေး/တိုင်း)အမှတ် (၁) တိုင်း၊ မြစ်ကြီးနားရုံးခန်း၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၇၄-၂၂၄၃၉သို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါရွေးချယ်ရေးကော်မတီ



**မိခင်အမည်မှန်**

ကသာမြို့၊ အထက -၁ တက္ကသိုလ်ဝင်တန်း (E) တွင် ပညာသင်ကြားနေသော မထွန်းအိန္ဒြာယု၏ မိခင်အမည်မှန်မှာ ဒေါ်ဟန်နီဇော် ဖြစ်ပါကြောင်း။

ဒေါ်ဟန်နီဇော် ၁၀/ကထန(နိုင်)၀၈၇၈၄၅



### မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အင်းလျားလမ်းနေ

ဦးသန်းဌွေး၊ ဘူမိဗေဒအရာရှိ(ငြိမ်း)၊ ဘရေ-ဒေါက်တာမြမြဝင်း၊ ပါမောက္ခ(ဌာနမှူး)

ရူပဗေဒဌာန၊

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်တို့၏ တစ်ဦးတည်းသောသား

**ဗိုလ်ကြီးအောင်ကျော်ကျော်** M.B; B.S (DSMA)

အမှတ် ၄၊ တပ်မတော်ဆေးရုံ၊ ခုတင်-၃၀၀၊ မုံရွာမြို့

**နှင့်**

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နေ

ဗိုလ်ကြီးထွန်းထွန်းမိုး(ငြိမ်း)၊ မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်-ဒေါ်ခင်ဆွေဦး

လဝက(ငြိမ်း)တို့၏ သမီးကြီး

**မမေနှင်းယု**

B.A, M.A (English), Master of Public Administration (Second Year)

တို့၏ ၂-၆-၂၀၁၆ရက်(ကြာသပတေးနေ့)တွင် အင်းလျားလမ်းနေအိမ်၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ၌ လက်မှတ်ရေးထိုးပေးပါသော တောင်ပိုင်းခရိုင်တရားသူကြီး ဒေါ်နွယ်နွယ်ရီအားလည်းကောင်း၊ ၄-၆-၂၀၁၆ရက် (စနေနေ့)တွင် ရန်ကုန်မြို့ Yuzana Garden Hotel၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စပယ်ပန်းကုံး ချီးမြှင့်ပေးပါသော လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဌေးအောင်နှင့်ဇနီး ဒေါ်သီတာကျော်တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကျော်ကျော်ခေါင်နှင့်ဇနီး ဒေါက်တာအေးအေးဝင်းကြည်တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးတေးသီချင်း သီဆိုပေးပါသော ဒေါ်ရီရီသန့်၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော The Aces တေးဂီတအဖွဲ့၊ မင်္ဂလာပန်းခြင်း ကိုင်ဆောင်ပေးပါသော မောင်သန့်သော်ထူးနှင့် မမေမြတ်နိုး၊ မင်္ဂလာပန်းကြဲပေးပါသော ညီမငယ်မမေမီသာ၊ မင်္ဂလာအောင်စပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော ညီမငယ်မပိုင်းမြတ်နိုး၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီးနေမျိုးထွန်းနှင့် ဗိုလ်ကြီးညီရှင်းသန့်၊ မင်္ဂလာသတို့သမီးအရံ မသော်သော်နိုင်နှင့် မထွေးထွေးဖြူ၊ မိတ်ကပ်ဆံပင်အလှပြင်ဆင်ပေးပါသော လင်းလင်းArtistနှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယိုဖြင့် မှတ်တမ်းတင်ရိုက်ကူးပေးပါသော ကိုမိုးကိုဦးနှင့်အဖွဲ့၊ ဤမင်္ဂလာပွဲအား အစစအရာရာ အဆင်ပြေချောမွေ့အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**

**ဗိုလ်ကြီးအောင်ကျော်ကျော်-မမေနှင်းယု**



# ဝါရီကောခူ အခြေခံပညာအထက်တန်းကျောင်းခွဲ အဆင့်တိုးမြှင့်ဖွင့်

**လွိုင်ကော် ဇွန် ၄**

ကယားပြည်နယ် လွိုင်ကော်ခရိုင် လွိုင်ကော်မြို့နယ် ဝါရီကောခူ အခြေခံပညာအထက်တန်းကျောင်းခွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၃ ရက်က ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေး၊ ပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးထွန်းရီတို့က မုခ်ဦးဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်က ပညာသင်နှစ်ရဲ့အစ ကျောင်းများစဖွင့်ချိန်မှာ ယခုကဲ့သို့ ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်နိုင်ခြင်းသည် ကျက်သရေရှိသည့်နေ့တစ်နေ့ဖြစ်ကြောင်း၊ ၂၀၁၆- ၂၀၁၇ ပညာသင်နှစ်အတွင်း ကယားပြည်နယ်မှာ ကျောင်းပေါင်း ၃၅ ကျောင်း အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရခဲ့ပြီး အထက(ခွဲ)အဖြစ်မှ အထကအဖြစ် နှစ်ကျောင်း၊ အလကမှ အထက(ခွဲ) အဖြစ်ငါးကျောင်း၊ မူလွန်မှ အလက(ခွဲ) အဖြစ် လေးကျောင်း၊ အမကမှ မူလွန်အဖြစ် ၁၆ ကျောင်း၊ အမက(ခွဲ)မှ အမကအဖြစ်တစ်ကျောင်း၊ ကအက (ကိုယ့်အားကိုယ်ကိုး)မှ အမက(ခွဲ) အဖြစ် ခုနစ်ကျောင်း တိုးမြှင့်ဖွင့်လှစ်ခွင့် ရရှိခဲ့ပြီး ယခု အထက(ခွဲ)ဝါရီကောခူ ကျောင်းအပါအဝင်ဖြစ်ကြောင်း၊ ယခုလို အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ဝါရီကောခူရွာနှင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ အထက်တန်းပညာသင်ကြားလိုသူ ကျောင်းသား ကျောင်းသူများသည် အခြားမြို့ရွာများသို့ သွားရောက်စရာမလိုဘဲ မိမိတို့အိမ်မှ တက်ရောက် သင်ယူနိုင်မည်ဖြစ်ကြောင်း၊ ကျောင်းဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျောင်းအုပ်ကြီးနှင့်အတူ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ မိဘဆရာအသင်း ၊ ကျောင်းအကျိုးတော်ဆောင်ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ထို့နောက် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ဝါရီကောခူ ကျောင်းအုပ်ဆရာမကြီးက ပညာရေးဆိုင်ရာများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ရဲနောင်(လွိုင်ကော်)**

# ကျိုင်းတုံ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းဆင်း

**ကျိုင်းတုံ ဇွန် ၄**

ကျိုင်းတုံမြို့နယ်အတွင်းရှိ ကျေးလက်နေတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်အတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ လက်သမား၊ ပန်းရန်သင်တန်းဆင်းပွဲကို ဇွန် ၂ ရက်က ကျင်းပသည်။

အဆိုပါသင်တန်းကို ကျိုင်းတုံမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ သင်တန်းသား ၄၀ တို့ တက်ရောက်ကြပြီး သင်တန်း၌ အခြေခံလက်သမားပညာ၊ သံကူကွန်ကရစ်တိုင်၊ ခြစ်စည်းရိုးတိုင်နှင့် ကွန်ကရစ်အုတ်ခွေ ပြုလုပ်ခြင်းများ၊ သံချည်သံကွေးပညာများကို လက်တွေ့သင်ကြားပေးသည်။ ကျိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အပ်ချုပ်စက် ချုပ်လုပ်ခြင်းသင်တန်းကိုလည်း ဇွန် ၁ ရက်က ဖွင့်လှစ်ပေးခဲ့ရာ သင်တန်းသူ ၄၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

## ပြည်သူ့အတွက် ပထမ ရက် ၁၀၀ မြို့နယ်များ၌ ဆောင်ရွက်ချက်များ

**နောင်ချို**

နောင်ချိုမြို့နယ်အတွင်း မြို့နယ်ဌာနဆိုင်ရာ ဌာနများ၏ ရက် ၁၀၀ စီမံချက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ချက်များကို ဇွန် ၂ ရက်က နောင်ချိုမြို့နယ် ကံကြီးကျေးရွာအုပ်စု ကံကြီးကျေးရွာ သီလရှင်စာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်မြင့်က အမှာစကားပြောကြားပြီး ရက် ၁၀၀ စီမံချက်ကို သက်ဆိုင်ရာဌာနများမှ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုတို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

..................................

**ငပုတော**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဌာနဆိုင်ရာများက ရက် ၁၀၀ စီမံချက် လုပ်ငန်းဆောင်ရွက်မှုအသိပေးရှင်းလင်းပွဲကို မေလနောက်ဆုံးပတ်က ငပုတောမြို့ ရွှေမြင်းတင်စေတီသာသနာ့ဗိမ္မာန်၌ ကျင်းပခဲ့သည်။

အဆိုပါရှင်းလင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းက အမှာစကားပြောကြားပြီး ဌာနဆိုင်ရာများက မိမိဦးစီးဌာနအလိုက် ရက် ၁၀၀ စီမံချက် လုပ်ငန်းဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရသည်။

**မျိုးကျော်သူ**

..................................

**ရမည်းသင်း**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ကွန်ပျူတာသင်တန်းကို ဇွန် ၁ ရက်က ပျော်ဘွယ်မြို့ မြို့မရပ်ကွက် MCC ကွန်ပျူတာခန်းမ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ အဆိုပါသင်တန်းတွင် ညောင်ရွှေအုပ်စု ညောင်ရွှေကျေးရွာမှ သင်တန်းသား သင်တန်းသူ ၁၀ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ဇွန် ၁ ရက်မှ ၃၀ ရက်အထိဖြစ်ကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

..................................



**ဇွန် ၂ ရက် မွန်းလွဲ ၂ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား ယာဉ်အန္တရာယ် ကင်းဝေးရေးအတွက် မင်္ဂလာတောင်ညွန့်မြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးသိန်းအောင်နှင့် ရဲတပ်ဖွဲ့ဝင်များက လမ်းရှင်းလင်းရေးဆောင်ရွက်ပေးနေစဉ်။**

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

# ကျေးလက်ဒေသများတွင် ရက် ၁၀၀ စီမံချက်ဖြင့် အခြေခံလက်သမားသင်တန်းဖွင့်

**တမူး ဇွန် ၄**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ရက် ၁၀၀ စီမံချက်ဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိရာ အခြေခံလက်သမားသင်တန်း (၁/၂၀၁၆)ကို မေလနောက်ဆုံးအပတ်မှစတင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် အလှော်ကျေးရွာရှိ အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ပို့ချပေးလျက်ရှိရာ အလှော်ကျေးရွာ၊ အင်ဒိုင်းကျေးရွာ၊ ပန်းသာကျေးရွာ၊ မန်မော်ကျေးရွာ၊ ဝိတုတ်ကျေးရွာတို့မှ ကျေးလက်နေပြည်သူများ လာရောက်သင်ယူနေကြကြောင်း၊ ဇွန်လလလယ်ပိုင်းတွင် ဒုတိယအသုတ်အနေဖြင့် တမူးမြို့နယ် ထင်းဇင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ထပ်မံပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# တိုက်ကြီးမြို့နယ်၌ ရက် ၁၀၀ စီမံချက်ဖြင့် ကျွဲ၊ နွားများကို ကာကွယ်ဆေးထိုးနှံ

**တိုက်ကြီး ဇွန် ၄**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်ဖြင့် အဖျောက်မြို့တာဝန်ခံ ဒေါက်တာချမ်းမြေ့ကျော်နှင့် အဖွဲ့သည် ကျေးရွာများတွင် မွေးမြူထားသော ခိုင်းကျွဲ၊ ခိုင်းနွားများကို ကူးစက်ရောဂါများ မဖြစ်ပွားရန် ကြိုတင်ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ဇွန် ၂ ရက်တွင် အင်းတရာ အစုကြီးကျေးရွာမှ ကျွဲ၊ နွား ၁၅၀ ကို ဒေါင့်သန်းရောဂါနှင့် ပေါင်ပုပ်လက်ပုပ်ကာကွယ်ဆေး ထိုးနှံပေးခဲ့သည်။

ရက် ၁၀၀ စီမံချက်ကာလအတွင်း ကျေးရွာများတွင် ကျွဲ၊ နွား ၇၇၄ ကောင်ကို လည်ချောင်းကွဲရောဂါ၊ ဒေါင့်သန်းရောဂါ ပေါင်ပုပ်လက်ပုပ်ရောဂါကာကွယ်ဆေးများထိုးနှံပေးခဲ့ပြီးဖြစ်သည်။



ထို့အပြင် ရပ်ကွက်၊ ကျေးရွာများတွင် တစ်ပိုင်တစ်နိုင် မွေးမြူထားသော ဒေသကြက်အကောင် ၃၀၀ အား အိုင်တူးကြက်လည်လိမ်ကာကွယ်ဆေးမျက်စဉ်းခတ်ပေးခြင်းနှင့် ဝက်အကောင် ၈၀ ကို ဝက်ဝမ်းကျကာကွယ်ဆေးထိုးပေးခဲ့သည်။

ဆက်လက်ပြီး အဖျောက်မြို့ပေါ်ရပ်ကွက်များရှိ အိမ်မွေးခွေး ၄၅ ကောင်ကို ခွေးရူးကာကွယ် ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# ပြည်သူ့အတွက် ပထမ ရက် ၁၀၀

"ပြောင်းလဲချိန်တန်ပြီ" ဟူသော ကြွေးကြော်သံနှင့်အတူ အပြောင်းအလဲကို မျှော်လင့်သော ပြည်သူများက အစိုးရသစ်တစ်ရပ်ကို ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ပြည်သူက ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်သူ့အစိုးရများ၏တာဝန်မှာ ပြည်သူတို့၏ မျှော်လင့်ချက်နှင့် လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးရန်ဖြစ်သည်။ ယင်းအချက်သည် အစိုးရသစ်တိုင်းအတွက် စိန်ခေါ်မှုတစ်ခုလည်းဖြစ်သည်။

အစိုးရသစ်သည် ယခင်အစိုးရ ဝန်ကြီးဌာနများကို လျှော့တန်လျှော့၊ ပြင်တန်ပြင်၊ ပေါင်းတန်ပေါင်း စသည်ဖြင့် ပြုလုပ်ကာ ဝန်ကြီးဌာနများကို ကျစ်ကျစ်လျစ်လျစ်ဖွဲ့စည်း၍ အစပျိုးပြုပြင်ပြောင်းလဲခဲ့သည်။ အစိုးရသစ်၏ ပထမရက် ၁၀၀ အတွင်း ဆောင်ရွက်ချက်များသည် ယင်းအစိုးရ၏အရည်အသွေးကို အကဲဖြတ်နိုင်သည့် စံတစ်ခုဖြစ်သည်။ မေ ၁ ရက်မှ စတင်သည့် ရက် ၁၀၀ ကာလအတွင်း ဝန်ကြီးဌာနတစ်ခုချင်းအလိုက် ပြည်သူ့အကျိုးအတွက် ဆောင်ရွက်ကြမည့်လုပ်ငန်းများကို သတင်းရယူ စုစည်းဖော်ပြအပ်ပါသည်။

# စာရင်းနဲ့ စာရင်းစစ် တိုးတက်မြင့်မားဖို့ ဆောင်ပုဒ်နဲ့အညီ ဆောင်ရွက်သွားမည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ပထမ ရက် ၁၀၀

[ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ရက် ၁၀၀ စီမံချက် ]

**တွေ့ဆုံမေးမြန်း - သူရဇော်(သတင်းစဉ်)၊ ဓာတ်ပုံ-ကျော်ရဲဆွေ(သတင်းစဉ်)**



စာရင်းနှင့်စာရင်းစစ်ကဏ္ဍ တိုးတက်မြင့်မားလာစေရန် စာရင်းကိုင်သင်တန်းများ ဖွင့်လှစ်ပို့ချနေစဉ်

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ရက် ၁၀၀ အတွင်း ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းအား မေးမြန်းထားသည်-**

**မေး ။ ။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေနဲ့ ရက် ၁၀၀ အတွင်းမှာ ဘာတွေဆောင်ရွက်သွားမယ်ဆိုတာ သိပါရစေ။**

ဖြေ ။ ။ ရက် ၁၀၀ အတွင်းမှာ ပြည်သူလူထုတွေ အကျိုးအရှိဆုံးဖြစ်မယ့် စီမံချက်ပထမဦးဆုံးက စာရင်းနဲ့ စာရင်းစစ်တိုးတက်မြင့်မားဖို့ ဆောင်ပုဒ်နဲ့အညီ လုပ်ကိုင်မယ့် အစီအစဉ် (၄) ခု ရှိပါတယ်။ ပထမက စာရင်းနှင့် စာရင်းစစ်ပြခန်း (Account and Audit) ပြပွဲပြုလုပ်ဖို့၊ ဒုတိယက ငွေရေးကြေးရေး အဖွဲ့အစည်းများအပါအဝင် ပုဂ္ဂလိကကဏ္ဍမှာရှိတဲ့ အဖွဲ့အစည်းတွေကို နိုင်ငံတကာစာရင်းစံနဲ့အညီ ဆောင်ရွက်ဖို့၊ တတိယက နိုင်ငံပိုင်ကဏ္ဍမှာ နိုင်ငံပိုင်ကဏ္ဍစာရင်းစံ (International Public Sector Accounting Standard-IPSAS) နဲ့အညီ ဘဏ္ဍာရေးအစီရင်ခံဆောင်ရွက်ဖို့နဲ့ စတုတ္ထက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့ ပုံမှန်စစ်ဆေးရေးလုပ်ငန်းတွေကို ပိုပြီး ပီပီပြင်ပြင်လုပ်ဖို့ စတဲ့ အစီအစဉ်ရှိပါတယ်။ ပုံမှန်စစ်ဆေးရေးလုပ်ငန်းကို ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်း၊ ဥပဒေနဲ့အညီ ရှိမရှိ စစ်ဆေးခြင်း၊ လုပ်ငန်းဆောင်ရွက်ချက် စစ်ဆေးခြင်းတွေကိုပိုပြီး အဆင့်မြင့်ဆောင်ရွက်ဖို့ဆိုပြီး လုပ်ငန်းစီမံချက် (၄) ခုရှိပါတယ်။

**မေး ။ ။ ငွေရေးကြေးရေးအဖွဲ့အစည်းတွေ အပါအဝင် ပုဂ္ဂလိကကဏ္ဍမှာရှိတဲ့ အဖွဲ့အစည်းတွေကို နိုင်ငံတကာစာရင်းစံနဲ့အညီ ဘယ်လိုဆောင်ရွက်သွားမယ်ဆိုတာ သိပါရစေ။**

ဖြေ ။ ။ ဂျာမန်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နဲ့ ကမ္ဘာ့ဘဏ်တို့က ငွေရေးကြေးရေးအဖွဲ့အစည်းတွေ၊ ပုဂ္ဂလိကကုမ္ပဏီတွေနဲ့ အစိုးရဌာန အဖွဲ့အစည်းတွေအနေနဲ့ နိုင်ငံတကာစာရင်းစံနဲ့အညီ လိုက်နာကျင့်သုံးနေမှုကို ဆန်းစစ်လေ့လာနေပါတယ်။ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းနဲ့ ဝါဏိဇ္ဇဘွဲ့ရများ အသင်းတွေကလည်း စဉ်ဆက်မပြတ် ပညာရည်တိုးတက်မှုဆိုင်ရာ ဟောပြောပွဲတွေမှာ နိုင်ငံတကာ စာရင်းစံတွေကို တင်ပြလျက်ရှိပါတယ်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့ ရက် ၁၀၀ စီမံချက်လုပ်ငန်းစဉ်မှာ ဒီစံတွေကို လိုက်နာကျင့်သုံးမှုကို အောက်ခြေလုပ်ငန်းဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေအထိ ဆန်းစစ်လေ့လာတင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံတကာ ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံခြင်းစံတွေ၊ အသေးစားနဲ့ အလယ်အလတ်စားလုပ်ငန်းတွေရဲ့ နိုင်ငံတကာ ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံခြင်းစံတွေ လိုက်နာမှုကို ဆန်းစစ်ချက်မေးခွန်းတွေပြုစုပြီး ကုမ္ပဏီတွေနဲ့ ငွေရေးကြေးရေးအဖွဲ့အစည်းတွေကို နမူနာကောက်ရွေးချယ်နည်း (Sampling Method) နဲ့ ရွေးချယ်ဆန်းစစ် လေ့လာစိစစ်သုံးသပ်တင်ပြခြင်းတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး ။ ။ အစိုးရကဏ္ဍဆိုင်ရာ နိုင်ငံတကာစာရင်းစံများကို လိုက်နာကျင့်သုံးဖို့ အခြေအနေနဲ့ အစိုးရဝန်ကြီးဌာနများအတွက် စစ်ဆေးရေးလုပ်ဆောင်မှုနဲ့ပတ်သက်ပြီး သိပါရစေ။**

ဖြေ ။ ။ အစိုးရဌာနတွေအနေနဲ့ လက်ရှိကျင့်သုံးနေတဲ့ စာရင်းစနစ်က ငွေသားစီးဆင်းမှုကို အခြေခံဖြစ်ပါတယ်။ ငွေသားစီးဆင်းမှုအခြေခံ (Cash Basis)မှ စေ့ရောက်မှုအခြေခံ(Accural Basis)သို့ အဆင့်ဆင့် ကူးပြောင်းသွားအောင်လုပ်ပါမယ်။ ငွေသားစီးဆင်းမှုအဆင့်ကနေပြီး တစ်ဆင့်မြင့်ပြီး ရရန်ရှိ၊ ပေးရန်ရှိတွေပါအောင်လုပ်မှာ ဖြစ်ပါတယ်။ နောက်တစ်ဆင့် အနေနဲ့က စေ့ရောက်မှုကို အတိုင်းအတာ ပိုမြင့်သွားမှာဖြစ်ပါတယ်။ ရုပ်ဝတ္ထုမပါတဲ့ ဒြပ်မဲ့ရပိုင်ခွင့်တွေပါ ပိုင်ဆိုင်မှုထဲပါအောင်ဆိုပြီး အပြည့်လုပ်ရမှာပါ။

**မေး ။ ။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေနဲ့ ပုံမှန်စစ်ဆေးရေးလုပ်ငန်းလုပ်ဆောင်တဲ့ အစီအစဉ်နဲ့ ပတ်သက်ပြီး ပြောကြားပေးစေလိုပါတယ်။**

ဖြေ ။ ။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေနဲ့ ပုံမှန်စစ်ဆေးရေးက အဆင့်အမြင့်ဆုံး နိုင်ငံတကာစာရင်းစစ်ချုပ်ရုံးများအဖွဲ့ရဲ့ မူဝါဒ၊ စည်းမျဉ်း၊ ညွှန်ကြားချက်၊ လမ်းညွှန်ချက်တွေနဲ့အညီ လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ဘဏ္ဍာရေးစာရင်းစစ်တယ်၊ လုပ်ဆောင်ချက်ကို စာရင်းစစ်တယ်၊ ဥပဒေ၊ စည်းကမ်းတွေနဲ့အညီ လိုက်နာဆောင်ရွက်မှုကို စိစစ်တယ်၊ အဲ့ဒါကို ကျောရိုးထားပြီး လုပ်မှာဖြစ်ပါတယ်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေနဲ့ လုပ်ငန်းတွေစစ်တဲ့အခါမှာ ပြည်သူနဲ့ တိုက်ရိုက်အကျိုးသက်ရောက်မှုရှိတဲ့ လုပ်ငန်းတွေကို ဦးစားပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေနဲ့ ပုံမှန်စစ်ဆေးရေးလုပ်ငန်းရပ်တွေနဲ့ပတ်သက်လို့ အဆင့်အမြင့်ဆုံး စာရင်းစစ်ချုပ်ရုံး (Supreme Audit Institution) တို့ရဲ့မူတွေနဲ့အညီ ဆောင်ရွက်ပါတယ်။ ဆောင်ရွက်တဲ့အခါမှာလည်း ကျွန်တော်တို့ စာရင်းစစ်တယ်ဆိုတာက Continuous Audit ဆိုပြီး တစ်ဆက်တည်း စစ်တာလည်းရှိပါတယ်။

Concurrent Audit အနေနဲ့ တစ်ပြေးညီ စစ်ဆေးတာလည်းရှိပါတယ်။ Special Audit ဆိုပြီး အထူးစစ်တာလည်းရှိပါတယ်။ Project Audit ဆိုပြီးလည်းရှိပါတယ်။ ဒီလိုရှိတဲ့အနက်က သူ့ကိစ္စရပ်အလိုက် ဆောင်ရွက်ပါတယ်။ ဆောင်ရွက်တဲ့အခါမှာ စစ်ဆေးတာနဲ့ပတ်သက်လို့က အမျိုးမျိုးရှိပါတယ်။ Manangement Audit နဲ့ Operation Audit တွေလည်းရှိပါတယ်။ သို့သော် ကျွန်တော်တို့က လုပ်ကိုင်ဆောင်ရွက်တဲ့အခါ Supreme Audit Institution လမ်းညွှန်ချက်နဲ့အညီ Financial Audit၊ Performance Audit၊ Compliance Audit တို့ကို ရှေ့တန်းတင်ပြီးလုပ်ပါတယ်။ စစ်ဆေးတဲ့အမျိုးအစားက ခုနပြောသလိုပဲ အမျိုးစုံရှိပါတယ်။



စာရင်းအင်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးသည့် သင်တန်းကျောင်း



**ဦးမော်သန်း**
**ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး**

**မေး ။ ။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေနဲ့ ရှေ့ဆက်ပြီး ဘယ်လိုလုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်သွားမလဲဆိုတာ သိပါရစေ။**

ဖြေ ။ ။ ရှေ့ဆက်ပြီး ဆောင်ရွက်သွားမယ့် လုပ်ငန်းတွေက စောစောကပြောတဲ့ စာရင်းနှင့် စာရင်းစစ်ပြခန်း (Account and Audit) ပြပွဲကို ဇူလိုင်လ ၉ ရက်နေ့နဲ့ ၁၀ ရက်နေ့မှာ ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံမှာ လုပ်ပါမယ်။ ဒီပွဲလုပ်တဲ့အခါမှာ စီးပွားရေးတက္ကသိုလ်တွေ၊ ရန်ကုန်တက္ကသိုလ်၊ ပုဂ္ဂလိကစာသင် ကျောင်းတွေ၊ ပြင်ပစာရင်းစစ်တွေ၊ ပုဂ္ဂလိကကဏ္ဍမှာရှိတဲ့ စာရင်းစစ်တွေ၊ ပြည်တွင်းပြည်ပ စာရင်းစစ်တွေ၊ အသင်းအဖွဲ့တွေအနေနဲ့ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၊ မြန်မာနိုင်ငံ ဝါဏိဇ္ဇဘွဲ့ရအသင်း၊ မြန်မာနိုင်ငံ စာရင်းကောင်စီ၊ မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်းတွေလည်းပါဝင်ပြီး ပြသမှာ ဖြစ်ပါတယ်။

A & A Fair ဆိုတဲ့ စာရင်းနဲ့ စာရင်းစစ်ပြပွဲက စာရင်းသည် တိုင်းပြည်အတွက် အင်မတန်အရေးကြီးတယ်ဆိုတာ အားလုံးသဘောပေါက်အောင်၊ တိုင်းပြည်မှာလုပ်နေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းတွေက အရေးကြီးပါတယ်။ သို့သော်လည်း ဒီလုပ်ငန်းတွေရဲ့ ပြယုဂ်အဖြစ်၊ မှန်အဖြစ် စာရင်းမှာပဲ ထင်ဟပ်ပေါ်လွင်နေပါတယ်။ အဲဒီလို ထင်ဟပ်နေတဲ့အတွက် စာရင်းကိုလည်း မှန်ကန်ဖို့ရာလုပ်ပါမယ်၊ အဲဒီလိုလုပ်နိုင်မှသာ တိုင်းပြည်အဆင့်မှာ နိုင်ငံတော်ဝင်ငွေ စာရင်းတွက်ရာမှာ မှန်မှန်ကန်ကန်ဖြစ်ပါမယ်၊ တိုင်းပြည်ရဲ့ ဘဏ္ဍာရေးဌာနအနေနဲ့လည်း အခွန်အကောက်ဆိုင်ရာ ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ အခြားဌာနတွေနဲ့ဆိုင်တဲ့ အခွန်တွေလည်း အပြည့်အဝစည်းကြပ် ကောက်ခံနိုင်မယ်၊ သက်ဆိုင်ရာအဖွဲ့အစည်းမှာလည်း ကိုယ့်ရဲ့လုပ်ငန်းဟာ ဘယ်အဆင့်မှာရှိနေတယ်၊ ကိုယ့်အခြေအနေက ဘယ်လိုရှိတယ်ဆိုတာသိမယ်၊ တစ်ဦးချင်း (Stakeholder) အနေနဲ့လည်း ငါတို့အကျိုးစီးပွား ဘယ်လောက်ရှိတယ်၊ ငါတို့အခြေအနေ ဘယ်လိုရှိတယ်ဆိုတာသိတယ်၊ တိုင်းပြည်အနေနဲ့ အဲ့ဒီလိုသိတယ်ဆိုရင် ကျွန်တော်တို့မျှော်လင့်တာက စာရင်းနဲ့ စာရင်းစစ်ကဏ္ဍ တိုးတက်မြင့်မားသွားမယ်ဆိုရင် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေကိုလည်း ဆွဲဆောင်နိုင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ A & A Fair ကို ပြုလုပ်ခြင်းဖြစ်ပါတယ်။

**မေး ။ ။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေနဲ့ ပြည်သူတွေကို ပြောကြားချင်တာများရှိရင် သိပါရစေ။**

ဖြေ ။ ။ ပြည်သူတွေကို ပြောကြားချင်တာက ကျွန်တော်တို့ရဲ့ ဒီပြပွဲကို လာရောက်ပြီး အားပေးကြပါ။ လာဖို့ဆိုရာမှာ နေပြည်တော်၊ မန္တလေး၊ မော်လမြိုင်နဲ့ ကျန်ဒေသတွေမှာရှိတဲ့ ပုဂ္ဂိုလ်တွေလာဖို့က နည်းနည်းကြိုးပမ်းအားထုတ်မှုလိုပါမယ်။ သို့သော် ရန်ကုန်မှာရှိတဲ့ ပုဂ္ဂိုလ်တွေက အကုန်လုံးလာပါ။ ကျွန်တော်တို့ကိုကူညီပါ။ စာရင်းစစ်ချုပ်ရုံးအနေနဲ့လည်း တတ်နိုင်သလောက်လုပ်ပါတယ်။ သို့သော် ပြည်သူတွေကိုလည်း မေတ္တာရပ်ခံချင်တာက ကျွန်တော်တို့ရဲ့ စာရင်းစစ်ဆေးရေးလုပ်ငန်းကို ဝိုင်းဝန်းပူးပေါင်းပြီး ဆောင်ရွက်ပေးပါလို့ ပြောကြားချင်ပါတယ်။



ဝန်ထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်ရန် ကွန်ပျူတာအခြေခံသင်ကြားပို့ချနေစဉ်



စာရင်းစစ်လုပ်ငန်းများဆောင်ရွက်နေစဉ်

**စာရင်းနဲ့ စာရင်းစစ်တိုးတက်မြင့်မားဖို့ ဆောင်ပုဒ်နဲ့အညီ လုပ်ကိုင်မယ့် အစီအစဉ် (၄) ခု ရှိပါတယ်။ ပထမက စာရင်းနှင့် စာရင်းစစ်ပြခန်း (Account and Audit) ပြပွဲပြုလုပ်ဖို့၊ ဒုတိယက ငွေရေးကြေးရေး အဖွဲ့အစည်းများအပါအဝင် ပုဂ္ဂလိကကဏ္ဍမှာရှိတဲ့ အဖွဲ့အစည်းတွေကို နိုင်ငံတကာစာရင်းစံနဲ့အညီ ဆောင်ရွက်ဖို့၊ တတိယက နိုင်ငံပိုင်ကဏ္ဍမှာ နိုင်ငံပိုင်ကဏ္ဍစာရင်းစံ (International Public Sector Accounting Standard-IPSAS) နဲ့အညီ ဘဏ္ဍာရေး အစီရင်ခံဆောင်ရွက်ဖို့နဲ့ စတုတ္ထက ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးရဲ့ ပုံမှန်စစ်ဆေးရေးလုပ်ငန်းတွေကို ပိုပြီး ပီပီပြင်ပြင်လုပ်ဖို့ စတဲ့ အစီအစဉ်ရှိပါတယ်။**

# ပြည်သူ့အတွက် ပထမ ရက် ၁၀၀

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် ရက် ၁၀၀ စီမံချက်

**သတင်းဆောင်းပါး -တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**သတင်းနှင့်ဓာတ်ပုံ -မြင့်အောင် (စက်မှုဆေးဝါး)**



ယနေ့ ရန်ကုန်မြို့၏ ယာဉ်ကြောကျပ်တည်းမှုမှာ တစ်နေ့တစ်နေ့ ပိုမိုဆိုးလာကာ ယာဉ်များ လမ်းမကြီးများပေါ်တွင် ရှေ့လည်းမတိုးသာ၊ နောက်လည်းမဆုတ်သာဖြင့် နာရီပေါင်းများစွာ လမ်းမပေါ်တွင် အချိန်ကုန်နေကြရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ တာဝန်ရှိဌာနမှ "ဆေးမြီးတိုကုစားနည်း" ဖြင့် လမ်းဘေးဝဲယာများကို ချဲ့ပေးသော်လည်း ထူးမခြားနား။ ခုံကျော်တံတားကြီးများ တစ်စင်းပြီးတစ်စင်း တည်ဆောက်ပြန်သော်လည်း ဇာတ်မင်းသားကြီး အဘရွှေမန်းဦးတင်မောင်၏ ဇာတ်သီချင်းတစ်ပုဒ်မှ စာသားကဲ့သို့ " ကျွန်တော်လေ ထိုနည်းလည်းကောင်း၊ ထိုနည်းလည်းကောင်း" ဆိုသကဲ့သို့ "လည်းကောင်း" မပြောင်းမလဲ ကျပ်မြဲအတိုင်းသာ ကျပ်လျက်ရှိနေသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့တစ်ဦး၏ စကားဖြင့် ထပ်လောင်းဆိုရသော် ယာဉ်မောင်းသူအများစု၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှု အလွန်အားနည်းမှုကြောင့်ဟုလည်း ဆိုရမည်ဖြစ်သည်။

မည်သို့ပင် သုံးသပ်ကြသည်ဖြစ်စေ၊ ဆိုကြသည်ဖြစ်စေ၊ လက်တွေ့ကွင်းဆင်း၍ ယာဉ်ကြောရှင်းလင်းရေးကို ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကသာ အဓိကရှင်းလင်းပေးနေမှုကို မည်သူမျှ ငြင်းနိုင်ကြမည်မထင်ပေ။

အမှတ် (၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ (၂) မှ ဒုတိယရဲမှူးကြီး အောင်ကိုဦးက "ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျွန်တော်တို့ယာဉ်ထိန်းရဲတပ်ဖွဲ့အင်အားက ၁၀၀၀ နီးပါး ရှိပါတယ်။ ရန်ကုန်စည်ပင်နယ်နိမိတ်အတွင်းမှာ မီးပွိုင့်ပေါင်းက ၁၉၉ ခုရှိပါတယ်။ အချိုးချကြည့်မယ်ဆိုရင် တပ်ဖွဲ့ဝင်အင်အားက အများကြီးလိုနေပါသေးတယ်" ဟု ရှင်းလင်းပြောကြားပေးခဲ့သည်။

လေ့လာသုံးသပ်သူတို့၏ တွက်ချက်မှုအရ ရန်ကုန်မြို့တွင်ယာဉ်အစီးရေ ၇၀၀ ကို ယာဉ်ထိန်းရဲတစ်ဦးနှုန်းဖြင့် ထိန်းကျောင်းစောင့်ရှောက်ပေးနေရကြောင်း မှတ်ချက်ပြုဖူးသည်။

ယနေ့ အချိန်အခါသည် ရန်ကုန်စည်ပင်နယ်နိမိတ်အတွင်း ယာဉ်ကြောရှင်းလင်းရေးမှာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအတွက်စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်။ ထို့အတူ ယာဉ်မောင်းသူများ၊ ခရီးသွားပြည်သူများ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးမှာလည်း ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၏ အဓိကတာဝန်တစ်ရပ်ဟုဆိုရမည်ဖြစ်သည်။ ထို့ကြောင့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတိမ်းစောင်းမှုမရှိစေရန် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအနေဖြင့် မပြတ်သောသတိဖြင့် တာဝန်ထမ်းဆောင်နေကြရသူများဖြစ်သည်။

ဆက်လက်၍ ဒုတိယရဲမှူးကြီး အောင်ကိုဦးက "ကျွန်တော်တို့တပ်ဖွဲ့ဝင်တွေအနေနဲ့ ယာဉ်ကြောရှင်းလင်းရေးအပြင် နေ့စဉ် ၂၄ နာရီပတ်လုံး ဖြစ်ပေါ်လာတဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်မှုတွေ၊ ယာဉ်တိုက်မှုတွေကို ဖော်ထုတ်ပြီးဥပဒေနဲ့အညီ ရုံးတင်တရားစွဲဆိုမှုတွေ ပြုလုပ်နေရပါတယ်။ နောက်အရေးကြီးသည့်သည်လမ်းကြောင်းနဲ့ နိုင်ငံတော်အဆင့်လမ်းကြောင်းတွေကိုလည်း မလွဲမသွေ ဆောင်ရွက်ပေးနေရပါတယ်" ဟု ရှင်းလင်းခဲ့သည်။

ရန်ကုန်စည်ပင်သာယာ နယ်နိမိတ်အတွင်း ယာဉ်ကြောအထူးကျပ်တည်းရာနေရာ ၆၀ကျော်ရှိပြီးရှေ့ပြေးတပ်ဖွဲ့ဝင်များ မိုဘိုင်းစနစ်ဖြင့် ရှင်းလင်းဆောင်ရွက်မှုကို ဆောလျင်စွာဆောင်ရွက်သည့်အပြင် အရှေ့-အနောက်၊ တောင်-မြောက်နှင့် အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ရုံးမှ ထုတ်နုတ်ရုံးအဖွဲ့များအပြင် ယာဉ်ထိန်းသင်တန်းကျောင်းတို့မှ သင်တန်းသားများကိုပါ နီးစပ်သည့် ယာဉ်ကြောကျပ်တည်းရာနေရာများတွင် ရုံးတက်-ရုံးဆင်းချိန်တို့၌ ရှင်းလင်းမှုများပြုလုပ်ပေးလျက်ရှိနေသည်။

အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ဒုတိယရဲမှူးကြီး က "ကျွန်တော်တို့ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအနေနဲ့ ဒီပထမရက် ၁၀၀ စီမံချက်မှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကော်မတီဝင်များနဲ့ ပူးပေါင်းပြီး ကွင်းဆင်းစစ်ဆေးမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ ခရိုင်အလိုက် ရဲတပ်ဖွဲ့များအနေနဲ့ မိမိတို့ခရိုင်အတွင်း လိုအပ်နေတဲ့ ပြုပြင်မှုတွေ၊ ဆေးရေးအမှတ်အသားကအစ ဖယ်ရှားသင့်တဲ့ ယာဉ်မှတ်တိုင်တွေ အပါအဝင် ပြုပြင်ရမယ့်ကိစ္စမှန်သမျှကို စုစည်းတင်ပြစေပြီး ယာဉ်ထိန်းတပ်ဖွဲ့ခွဲ (၂)ကတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ထံ တင်ပြမှုတွေကို အစဉ်တစိုက် လုပ်လာခဲ့ပါတယ်။ ပြောင်းလဲသင့်တဲ့ ကိစ္စတွေပြောင်းလဲဖို့ အခွင့်ကျလာခဲ့ပါပြီ" ဟု ဆောင်ရွက်ထားမှု လုပ်ငန်းစဉ်များကိုပါ သိခွင့်ရခဲ့သည်။ တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ (၂)၏ ဆောင်ရွက်မှုအရ ရက် ၁၀၀ ၏ အစရက်များအတွင်း၌ပင် ယခင်အစိုးရလက်ထက်ကချထားခဲ့သော လမ်းလယ် ကွန်ကရစ်တုံးများအနက် မလိုအပ်သောနေရာများမှ ကွန်ကရစ်တုံးများကို ဖယ်ရှားပေးနိုင်ခဲ့ခြင်း၊ ဖယ်ရှားသင့်သောမှတ်တိုင်များကို ဖယ်ရှားပေးနိုင်ခြင်း၊ အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းမကြီးအကြားရှိ နှစ်လမ်းသွားဖြစ်သော ရွှေတိဂုံဘုရားလမ်းအား တစ်လမ်းမောင်းစနစ် ပြောင်းလဲသတ်မှတ်ပေးနိုင်မှုတို့မှာ ထင်သာမြင်သာသော ဆောင်ရွက်မှုတို့ဖြစ်ပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။

**ခုံကျော်တံတားကြီးများ တစ်စင်းပြီးတစ်စင်း တည်ဆောက်ပြန်သော်လည်း ဇာတ်မင်းသားကြီး အဘရွှေမန်းဦးတင်မောင်၏ ဇာတ်သီချင်းတစ်ပုဒ်မှ စာသားကဲ့သို့ "ကျွန်တော်လေ ထိုနည်းလည်းကောင်း၊ ထိုနည်းလည်းကောင်း" ဆိုသကဲ့သို့ "လည်းကောင်း" မပြောင်းမလဲ ကျပ်မြဲအတိုင်းသာကျပ်လျက် ---------**

## ထားဝယ်ခရိုင်အတွင်း ရက် ၁၀၀ စီမံချက်ဖြင့်လုပ်ငန်းများကွင်းဆင်းကြည့်ရှု

**ထားဝယ် ဇွန် ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ်အတွင်းရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှထွေး၊ ထားဝယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးငွေသိန်းနှင့်တာဝန်ရှိသူများက ရေဖြူမြို့နယ် ဆင်ပုနစ်-နတ်တွင်း လမ်းပေါ်ရှိ ရှစ်ပေသစ်သားတံတား တည်ဆောက်ခြင်း၊ နတ်တွင်း-ဆင်ပုနစ် မြေသားလမ်း (၀/၄) မိုင်ဆောင်ရွက်ခြင်း၊ သစ်တိုထောင့်၊ ကျောက်ဝှက်ကုန်းကျေးရွာများတွင် လက်တူးတွင်းတူးဖော်ခြင်း၊ သစ်တိုထောင့်ကျေးရွာ အပ်ချုပ်စက် သင်တန်းသင်ကြားနေမှု စသည့်လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရေဖြူမြို့နယ်အတွင်း ရက် ၁၀၀



စီမံချက်လုပ်ငန်းများအနေဖြင့် မြေသားလမ်းကွန်ကရစ်တံတား ရှစ်ပေ၊ လက်တူးတွင်း ငါးတွင်း တည်ဆောက်ရေးလုပ်ငန်းများအတွက် ခွင့်ပြုငွေကျပ် ၄၂ ဒသမ ၅ သန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း အပ်ချုပ်စက်သင်တန်းအတွက် ငွေကျပ်ငါးသန်းခွင့်ပြုထားကြောင်း သိရသည်။

**ဖိုးရွှေသွန်း-ထားဝယ်**

## ဂုဏ်ပြုချီးကျူးပွဲမင်္ဂလာကျင်းပ

**မကွေး ဇွန် ၄**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ထန်းပင်ကုန်းကြီးကျေးရွာ၊ ကန်စွယ်ရွာ အောင်ပြေငြိမ်းချမ်း ကျွဲတဲကျောင်းတိုက် သဒ္ဓမ္မသန္တိ သုခအသင်းကြီးက ပဋ္ဌမအကြိမ် ပရိယတ္တိအခြေပြု ဗုဒ္ဓသာသနာယဉ်ကျေးမှု နှုတ်ဖြေ၊ ရေးဖြေစာမေးပွဲကြီးတွင် အောင်မြင်သူကျောင်းသား ကျောင်းသူများ ဂုဏ်ပြုပွဲအခမ်းအနားကို ယင်းကျောင်းတိုက်၌ မေလ နောက်ဆုံးပတ်က အသင်းကြီး၏ အထွေထွေအကျိုးတော်ဆောင် ရန်ကုန်မြို့ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံရွှေကျင် တိုက်သစ်ကြီး၏ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ သီရိကဥ္စနာဘိဝံသ(ပိဋကတ်နှစ်ပုံအောင်)မှ ဦးစီးကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ဆရာတော်များ၊ ရှင်သာမဏေကျောင်းသား၊ ကျောင်းသူများ၊ အလှူရှင်မိသားစုများ စုံညီစွာတက်ရောက်၍ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်သန်းထွန်း(နတ်မောက်)**

## ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကျင်းပ

**သီပေါ ဇွန် ၄**

နွေရာသီကျောင်း ပိတ်ရက်ကာလအတွင်း သာသနာတော်ထွန်းကားပြန့်ပွားရေးနှင့် ကျောင်းသား ၊ ကျောင်းသူလေးများ လိမ္မာရေးခြားရှိစေရေးကို ရည်ရွယ်လျက် ဖွင့်လှစ်ခဲ့သော ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဆင်းပွဲကိုဇွန် ၁ ရက်က ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါ မြို့ သာသနာ ၂၅၀၀ တိုက်သစ်မွှာရုံ၌ကျင်းပရာသင်တန်းမှူး ပဓာနနာယကဆရာတော်မြို့နယ် သံဃနာယကအဖွဲ့အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တကောသလအရှင်သူမြတ်က သင်တန်းဆင်းလက်မှတ် ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

ခ ရီး သွ ား ဆော င် း ပါ း

# မြစ်ရောကမ်းခြေမှ ဟင်္သာတမြေသို့

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-မောင်ချစ်ကြည်

**ရန်ကုန်မြို့မှ နံနက် ၄ နာရီခန့်ထွက်လာသော ကျွန်တော်တို့ ဟင်္သာတမြို့ရောက်ချိန် နံနက် ၉ နာရီခန့်ရှိပြီဖြစ်သည်။ မိုးဦးဖြစ်သော်လည်း မိုးမရွာ၊ လေမတိုက်သဖြင့် အိုက်စပ်စပ်ရှိနေသည်။ လမ်းခရီးတွင် တစ်ကြိမ်၊ နှစ်ကြိမ်ခန့်သာ ခေတ္တရပ်နားခဲ့ရာ ဟင်္သာတမြို့ရောက်ချိန်တွင် လူကနုံးချည့်နေသည်။ လမ်းဘေးရှိ လက်ဖက်ရည်ဆိုင်အတွင်း ရောက်ရှိချိန်၌ပင် မိုးကသဲသဲမဲမဲရွာလေသည်။ ဟင်္သာတမြို့က ကျွန်တော်တို့ကို မိုးဖြင့်ကြိုပြီဟုတွေးမိသည်။**




ရန်ကုန်နှင့်ဟင်္သာတက ကီလိုမီတာ ၁၂၀ ကွာဝေးပြီး ဟင်္သာတနှင့် ပုသိမ်မြို့က ၁၂၃ ကီလိုမီတာဝေးသလို ဟင်္သာတနှင့် ညောင်တုန်းက ကီလိုမီတာ ၇၀ ခန့်ဝေးကြောင်း သိရသည်။ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ဒဂုံဧရာအဝေးပြေးကားစခန်းတွင် ရန်ကုန်-ဟင်္သာတ ခရီးစဉ်အား နေ့စဉ် နံနက်၊ ညနေ၊ နေ့ချင်းပြန်ပြေးဆွဲနေသော ခရီးသည်တင်ကားများရှိသဖြင့် သွားလာသူတို့အဆင်ပြေသည်။ ကျွန်တော်တို့က မိတ်ဆွေတစ်ဦး၏ အကူအညီဖြင့် ဟင်္သာတမြို့သို့ ၎င်း၏မော်တော်ကားဖြင့်လိုက်ခဲ့ခြင်းဖြစ်ရာ အခက်အခဲမရှိ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

“ဟင်္သာတမုန့်ဟင်းခါးက နာမည်ကြီးတယ်။ စားကြည့်” ဟု ဆိုသဖြင့် မုန့်ဟင်းခါးတစ်ပွဲမှာကာ စားကြည့်သည်။ ဟင်းရည်မပြစ်မကျဲ၊ ငါးဖတ်များကလည်း ငါးခူ၊ ငါးကျည်းများဖြင့်ချက်ထားသည်ဖြစ်ရာ ခံတွင်းလိုက်ပြီး စားကောင်းလေသည်။ မုန့်ဖတ်များကုန်သည်အထိ စားပြီးနောက် ဟင်းရည်ကိုမတောင်းရဘဲ အလိုက်သိစွာ လာထည့်ပေးသဖြင့် အံ့သြရသည်။ ရန်ကုန်မြို့၌ မုန့်ဟင်းခါးဆိုင် အတော်များများမှာ ဟင်းရည်ကို ထပ်တောင်းမှပေးသည်။ ပေးတော့လည်းအနည်းငယ်သာ၊ အခုဟင်္သာတမြို့မှ မုန့်ဟင်းခါးဆိုင်က ဟင်းရည်ပေါပေါများများထည့်ပေးသဖြင့် ကျေနပ်စရာဖြစ်သည်။ လက်ဖက်ရည်ဆိုင်တွင် မြန်မာမုန့်အချို့ရပြီး မုန့်ဟင်းခါးပါတွဲရောင်းသဖြင့် လာရောက်စားသုံးသူများအတွက် အဆင်ပြေသည်။

နံနက်စာ စားသောက်ပြီးနောက် ကျွန်တော်တို့ ဟင်္သာတမြို့တွင်းလှည့်လည်လေ့လာကြသည်။ ဟင်္သာတမြို့ အမည်မှာ မွန်ဘာသာမှ ဆင်းသက်လာခြင်းဖြစ်ပြီး ဟံဆာဒို့ ဟုဆိုသည်။ အဓိပ္ပာယ်မှာ ခန်းပင်ဟုဖြစ်ပြီး ရှေးယခင်က ဤနေရာဝန်းကျင်တွင် ခနုံးပင်များပေါက်ရောက်ခဲ့သည် ဟု ပြောဆိုကြသည်။ ဟင်္သာတမြို့ကို ကျိုက်ပတီဟုလည်း ခေါ်ဆိုခဲ့ကြကြောင်း သိရှိရသည်။ ကုန်းဘောင်ခေတ်ဦး ကာလတွင် မြန်မာဘုရင်များက ဟင်္သာတ၌မြို့သူကြီး တစ်ဦး ထားရှိအုပ်ချုပ်စေခဲ့သည်။ ဆင်ဖြူရှင်လက်ထက် တွင် မင်းရာဇာဗိုလ်က မြို့သူကြီးအဖြစ် အုပ်ချုပ်ခဲ့ပြီး ဘိုးတော်ဘုရားလက်ထက်၌ ဦးမြတ်သာထွန်းအား မြို့သူကြီးတာဝန်ပေးခဲ့သည်။ ဦးမြတ်သာထွန်း ပြီးနောက် ဦးပါရဲက မြို့သူကြီးဖြစ်ခဲ့ပြီး သာယာဝတီမင်း လက်ထက် တွင် ဟင်္သာတမြို့သူကြီးမှာ ဦးရွှေလူ ဖြစ်သည်ဟု မှတ်တမ်းများ၌ လေ့လာခဲ့ဖူးသည်ကို ပြန်တွေးနေမိသည်။

ဟင်္သာတမြို့တွင်းလမ်းများက အချို့ လမ်းကျယ်များ ရှိသော်လည်း လမ်းအများအပြားက ကျဉ်းသည်။ နေအိမ် အဆောက်အအုံများမှာ ပုံမှန်အားဖြင့် နှစ်ထပ်အိမ်၊ တစ်ထပ်အိမ်များသာဖြစ်သည်ကို တွေ့ရသည်။ လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်လာသည်နှင့်အမျှ ဟင်္သာတ မြို့လည်း တဖြည်းဖြည်းနှင့် တိုးတက်ဖွံ့ဖြိုးလာခဲ့သည်ကို သတိပြုမိသည်။ ပုသိမ်-ဟင်္သာတရထားလမ်း ရှိသကဲ့သို့ မော်တော်ကားလမ်း၊ ရေကြောင်းလမ်းများနှင့်လည်း သွားလာနိုင်သည်။ ရထားခရီးစဉ်အဖြစ် ကြံခင်း-ဟင်္သာတ-ပုသိမ် သို့ သွားလာနိုင်ပြီး ခရီးမိုင် ၁၄၇ မိုင်ရှိသည်။

ကျွန်တော်တို့ ဟင်္သာတမြို့ရှိ ဦးပါရဲဘုရားဘက်သို့ ထွက်လာခဲ့သည်။ ရွှေရောင်ဝင်းပနေသော စေတီကို အဝေးကပင် ဖူးမြင်ရသည်။ ဟင်္သာတမြို့သူကြီး ဦးပါရဲက ၁၈၀၂ ခုနှစ်တွင် တည်ထားခဲ့သော သမိုင်းဝင်စေတီဖြစ်သည်။ ရင်ပြင်တော်ပေါ်ရောက်ရှိခဲ့ပြီးနောက် ဘုရားကိုဖူးမြော်ကာ လှည့်လည်ကြည့်ရှုလေ့လာခဲ့သည်။ ဘုရားဒါယကာ ဦးပါရဲကို အစွဲပြုကာ ဦးပါရဲဘုရားဟု အမည်တွင်ခဲ့ခြင်းဖြစ်သည်။ စေတီတော်၏ အမြင့်မှာ ဉာဏ်တော် ၄၉ တောင် ၂ မိုက်ခန့်ရှိပြီး စေတီအောက်ခြေအကျယ်မှာ ၂၇ တောင် ဖြစ်လေသည်။ ဦးပါရဲစေတီ၏ ငှက်ပျောဖူးအတွင်း အပေါ်ပိုင်းတွင် ကြေးပုရပိုက် တစ်ဆူရှိကြောင်း သိရသည်။ ဦးပါရဲစေတီ၏ အထက်ပစ္စယာတွင် အရန်စေတီငယ်များ တည်ထားပြီး ရွှေချထားသဖြင့် ကြည်ညိုသပ္ပာယ်စရာအတိဖြစ်နေသည်။ ရင်ပြင်တော်ပေါ်တွင် ကျွေပြားခင်းထားသဖြင့် သန့်ရှင်းလျက်ရှိရာ ဘုရားဖူးများအတွက် စိတ်ကြည်လင်စရာဖြစ်ပြီး ဖူးမြော်ရသည်မှာ အဆင်ပြေသည်။ စေတီအောက်ခြေတွင် လိုဏ်ဂူသဖွယ် ပြုလုပ်ထားသဖြင့် ထူးခြားပြီး စေတီပရဝဏ်အတွင်း သစ်ပင်များ စိုက်ပျိုးထားသဖြင့် စိမ်းစိုအေးချမ်းနေသည်။ ရင်ပြင်တော်ပေါ်တွင် ဘုရားဖူးတစ်ဦးစ နှစ်ဦးစကို တွေ့မြင်ရသည်။ မိုးရာသီအဝင်မို့လားမသိ၊ ပြည်တွင်းဘုရားဖူးများ ကျဲပါးသွားသည်ကို သတိပြုမိသည်။

ဟင်္သာတမြို့သည် ဧရာဝတီတိုင်းဒေသကြီးအတွင်း ဒုတိယ အကြီးဆုံးမြို့တစ်မြို့ဖြစ်ကြောင်း၊ အဓိကမှာ ဆန်စပါးစိုက်ပျိုးခြင်းနှင့် ဆန်စက်လုပ်ငန်းများအပြင် အရောင်းအဝယ်လုပ်ငန်းများလည်း လုပ်ကိုင်ကြကြောင်း အတူလိုက်ပါလာသူ ဟင်္သာတမြို့သား ကိုအေးထွန်းက ပြောသည်။ သူကိုယ်တိုင်လည်း ဆန်စက်ပိုင်ရှင်တစ်ဦးဖြစ်ရာ မိဘဘိုးဘွားလက်ငုတ်လက်ရင်းဖြစ်သည့် ဆန်စက်လုပ်ငန်းကို ဦးစီးဦးဆောင် လုပ်ကိုင်နေသူဖြစ်သည်။ ဟင်္သာတခရိုင်အတွင်း ပြီးခဲ့သည့်နှစ်က ရာသီဥတုရိုက်ခတ်သဖြင့် ဆန်စပါးအထွက်နှုန်းများ လျော့ကျခဲ့ပြီး ဆန်စက်လုပ်ငန်းအချို့ ထိခိုက်မှုရှိခဲ့သည်ဟုလည်း ပြောပြသည်။

ကျွန်တော်တို့ ဦးပါရဲဘုရားမှ ပြန်ထွက်ခဲ့ပြီး ရွာမလမ်းမှတစ်ဆင့် ဟင်္သာတဘူတာဘက်သို့ သွားရောက်ခဲ့သည်။ ဟင်္သာတမြို့သည် ရထားခရီးစဉ်ဖြင့်လည်း အလွယ်တကူလာရောက်၍ရသည်ဖြစ်ရာ ဘူတာအတွင်း ခရီးသည်များ ရထားစောင့်ဆိုင်းနေသည်ကို တွေ့ရသည်။ ပုသိမ်-ဟင်္သာတ ရထားလမ်းပိုင်းက ဘူတာပေါင်း ၂၄ ဘူတာရှိပြီး ဟင်္သာတ-ကြံခင်းရထားလမ်းပိုင်းက ဘူတာပေါင်း ၁၉ ဘူတာရှိသည်။ ပုသိမ်ဘက်မှ ရထားဖြင့်လာလျှင် နိဗ္ဗာန်၊ နတ်မှော်တို့ပြီးလျှင် ဟင်္သာတဘူတာသို့ရောက်ပြီး ဟင်္သာတမှအထွက် တာဂူ၊ ဘုရားကုန်းတို့မှ ကြံခင်းမြို့သို့ ရထားခရီးစဉ်ဖြင့် သွားလာနိုင်သည်။ ကြံခင်း-ဟင်္သာတ-ပုသိမ်သည် ရထားသံလမ်း မိုင် ၁၉၁ ဒသမ ၇၀ ရှိပြီး ဘူတာပေါင်း ၄၂ ဘူတာရှိကြောင်း သိရသည်။ ဘူတာအတွင်း ကုန်ပစ္စည်းများ၊ ခရီးသည်များ၊ လာရောက်ကြိုဆိုသူများဖြင့် စည်ကားနေသည်။ ပုသိမ်ဘက်မှ ရထားဆိုက်ရောက်တော့မည်ဖြစ်ရာ ခရီးသည်များ လှုပ်လှုပ်ရွရွဖြင့် ဟန်တပြင်ပြင် ဖြစ်နေသည်ကို တွေ့ရသည်။ ရန်ကုန်-မန္တလေး၊ ရန်ကုန်-မော်လမြိုင်၊ သာစည်-ရွှေညောင် စသည့် ရထားခရီးစဉ်အတော်များများကိုစီးပြီး ခရီးသွားခဲ့ဖူးသော်လည်း ပုသိမ်-ဟင်္သာတ-ကြံခင်း ရထားခရီးစဉ်ကိုတော့ တစ်ကြိမ်မျှမစီးဖူးသေး၊ တစ်ချိန်ချိန်တွင် စီးခွင့်ကြုံမည်ဟု စိတ်ထဲတေးမှတ်ထားမိပါသည်။

မကြာမီရထားဆိုက်ရောက်လာရာ ဆင်းသူ၊ တက်သူများဖြင့် ဟင်္သာတဘူတာသည် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ရထားက မိနစ်ပိုင်းမျှသာ ရပ်နားသည်ဖြစ်ရာ ကုန်ပစ္စည်းများကို အပြေးအလွှားတင်ကြ၊ ရထားပေါ် တက်ကြ၊ ဆင်းကြနှင့် ဘူတာမြင်ကွင်းက အသက်ဝင်နေသည်။ ခဏမျှအကြာ ရထားထွက်ခွာသွားရာ ဘူတာသည်လည်း ပြန်လည်တိတ်ဆိတ်သွားသည်။ ကျွန်တော်တို့က ဟင်္သာတဘူတာမှ ပြန်ထွက်လာခဲ့သည်။

ဟင်္သာတမြို့သည် ဧရာဝတီမြစ်ကမ်းပေါ်တွင် တည်ရှိသည်ဖြစ်ရာ ရေလမ်းခရီးလည်းသွားလာအသုံးပြု၍ ရသည်။ ကျွန်တော်တို့ကမ်းနားဘက်သို့သွားရောက်ခဲ့ရာ တသွင်သွင်စီးဆင်းနေသော ဧရာဝတီမြစ်ရေပြင်ကို တွေ့ရသည်။ စက်တပ်ရေယာဉ်ငယ်များ၊ ငါးဖမ်းစက်လှေများက မြစ်ရေပြင်တွင် သွားလာခုတ်မောင်းနေကြသည်။ ဧရာဝတီမြစ်သည် ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအကြား ဖြတ်သန်းစီးဆင်းပြီးနောက် ဟင်္သာတမြို့အနီးမှစတင်ကာ ဧရာဝတီတိုင်းဒေသကြီးအတွင်းသို့ စတင်စီးဝင်ခြင်းဖြစ်သည်။ ဟင်္သာတမြို့အထက်နားတွင် မြစ်လက်တက်အဖြစ် ငဝန်မြစ်စတင်ဖြစ်ပေါ်ကာ အခြားမြစ်လက်တက်များအဖြစ် ပုသိမ်မြစ်၊ သက္ကယ်သောင်မြစ်၊ ရွှေးမြစ်၊ ပြန်မလော့မြစ်၊ ဘိုကလေးမြစ်၊ ဖျာပုံမြစ်၊ တိုးမြစ်တို့ ဖြာထွက်စီးဆင်းကာ ကပ္ပလီပင်လယ်အတွင်း စီးဝင်ခြင်းဖြစ်သည်။

ဟင်္သာတမြို့ဧရာဝတီမြစ်ကမ်းတွင် ခေတ္တရပ်ရန် လေ့လာကြည့်စဉ် လယ်တီဆရာတော်ဘုရားကြီးကို သတိရစိတ်ဖြစ်မိသည်။ လွန်ခဲ့သည့် ၁၂၆၈ ခုနှစ်က ဟင်္သာတခရိုင်အတွင်း မိုးခေါင်ခဲ့ရာ ဒေသခံပြည်သူအများအပြား ဘေးဒုက္ခကြုံတွေ့နေကြသည်။ ခလေ့ထုံးတမ်းအရ အမျိုးမျိုးသောနည်းလမ်းများဖြင့် ကြိုးစားခဲ့သော်လည်း မိုးမရွာသဖြင့် လယ်တီဆရာတော်ကြီးအား ပင့်ဆောင်ကာ မိုးရွာစေရန် လျှောက်တင်ခဲ့ရာ ဆရာတော်ကြီး ဟင်္သာတဆိပ်ကမ်းဆိုက်ကပ်လုအချိန်တွင်ပင် ထူးခြားစွာ မိုးများရွာသွန်းခဲ့ရာ ဟင်္သာတဝန်းကျင်ပြည်သူများ ဘေးဒုက္ခကင်းဝေးခဲ့ကြရသည်ကို ပြန်ပြောင်း တွေးမိရင်း ဆရာတော်ကြီး၏ ပညာဂုဏ်၊ သီလဂုဏ်၊ သမာဓိဂုဏ်တို့ကို ကြည်ညိုစိတ်ပွားနေမိသည်။

ဟင်္သာတမြို့ကမ်းနားမှနေ၍ ကျွန်တော်တို့ မြို့သူကြီးဘုရားဆီသို့ ထွက်လာခဲ့ကြသည်။ ဟင်္သာတမြို့သည် စက်ဘီး၊ ဆိုင်ကယ်စီးသူများပြီး လမ်းတိုင်း စက်ဘီး၊ ဆိုင်ကယ်၊ ကားများစီးနင်း၊ မောင်းနှင်သွားလာနေကြသည်ကို တွေ့ရသည်။ မနော်ဟရီလမ်းဘက်မှ ဝင်လာခဲ့ကြရာ မကြာမီ မြို့ သူကြီးဘုရားသို့ ရောက်ရှိခဲ့ကြသည်။ မြို့သူကြီးဘုရားသည် ဟင်္သာတမြို့တွင် တန်ခိုးကြီးစေတီတစ်ဆူဖြစ်ရာ ဘုရားဖူးများအတွက် ဟင်္သာတမြို့ရောက်လျှင် မဖြစ်မနေသွားရောက်ဖူးမြော်ကြသည့် စေတီတစ်ဆူလည်းဖြစ်သည်။ မြို့သူကြီးဘုရားသို့ ကျွန်တော်တို့ ရောက်ခဲ့သည်။

ရွှေရောင်လွှမ်းနေသော မြို့သူကြီးဘုရားက ကြည်ညိုဖွယ်ရာအတိ ဖြစ်နေသည်။ ရင်ပြင်တော်ရှိ စေတီခြေရင်းလေးထောင့်တွင် စေတီငယ်များတည်ထားပြီး ဂြိုဟ်တိုင်တစ်ခုနှင့်တစ်ခုအကြား၌ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူစီကိုလည်း ဖူးတွေ့ရသည်။ အတန်ငယ်အမြင့်တွင် တပ်ဆင်ထားသော မီးဆလိုက်များကြောင့် ညအချိန်များတွင် မြို့သူကြီးစေတီကို မီးဆလိုက်ထိုးပြီး အလင်းရောင်ဖြင့် ပူဇော်ထားကြောင်း သိရသည်။ မြို့သူကြီးဘုရားကို ဟင်္သာတမြို့သူကြီး ဦးမြတ်သာထွန်းက ၁၇၈၆ ခုနှစ်တွင် ယခုလက်ရှိ ရွှေကူတောင်အရပ်တွင် တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်သည်။ စေတီဉာဏ်တော်အမြင့်မှာ ၄၉ တောင်ရှိပြီး စေတီအခြေမှာ အတောင် ၄၀ ရှိကြောင်း သိရသည်။ မြို့သူကြီးဘုရားကို လှည့်လည်ဖူးမြော်ပြီးနောက် ပြန်ထွက်လာခဲ့သည်။

ဟင်္သာတမြို့တွင် ရှေးဟောင်းဘုရားများရှိသည်။ ကျော်ထင်အနော်ရထာဘွဲ့ခံ မြန်အောင်မြို့သူကြီး ဦးပုက ၁၈၁၅ ခုနှစ်တွင် တည်ထားခဲ့သော ငါးမျက်နှာဘုရား၊ ၁၉၁၀ ပြည့်နှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် စတင်အုတ်မြစ်ချ တည်ထားခဲ့သည့် ဆယ်ထပ်ကြီး ဗုဒ္ဓရုပ်ပွားတော်တို့လည်း တည်ရှိနေသည်။ ဟင်္သာတမြို့ ဥယျာဉ်မြောက်ရပ်ကွက်အတွင်း တည်ရှိသော မြစ်ကွေ့ကျောင်းတိုက်သည်လည်း ဗုဒ္ဓစာပေကျမ်းတတ်အကျော် ဆရာတော်များ ထွက်ရှိရာ နာမည်ကြီးကျောင်းတိုက်လည်း တည်ရှိနေသည်။

ဟင်္သာတမြို့တွင်းလှည့်လည်လေ့လာစဉ် အမျိုးသားပညာဝန် ဦးဖိုးကျားကိုသတိရမိသည်။ ဟင်္သာတမြို့အနီး နိဗ္ဗာန်ရွာဇာတိ ဦးဖိုးကျားသည် မျိုးချစ်စိတ်ဓာတ်ပြင်းထန်သူ၊ ဆရာပီသသော ကျောင်းဆရာ၊ အမျိုးဘာသာသာသနာကို စောင့်ရှောက်သည့်ပုဂ္ဂိုလ်၊ နောင်လာနောက်သားတို့အတွက် တိုးတက်သောအယူအဆနှင့် သင်ခန်းစာများကို ကိုယ်တွေ့ဖြစ်ရပ်များမှတစ်ဆင့် စာပေဖြင့်ဖော်ပြပေးခဲ့သူတစ်ဦးအဖြစ် လေးစားထိုက်သူတစ်ဦးဖြစ်သည်။ ထိုသို့လေးစားဂုဏ်ပြုထိုက်သူဖြစ်ရာ ဦးဖိုးကျား နေထိုင်ခဲ့သော ရန်ကုန်မြို့ကန်တော်ကလေးအရပ်တွင် ဦးဖိုးကျားထူထောင်ခဲ့သော မြန်မာ့ဂုဏ်ရည်ပုံနှိပ်စက်ကိုအစွဲပြုပြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကာလဘတ်လမ်းကို မြန်မာ့ဂုဏ်ရည်လမ်းဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ ထို့အပြင် ဦးဖိုးကျားနေထိုင်ခဲ့သောကန်တော်လေးရပ်ကွက်အတွင်းရှိလမ်းကို ဦးဖိုးကျားလမ်းအဖြစ် ဂုဏ်ပြုအမည်ပေးခဲ့ခြင်းဖြစ်သည်။

ဦးဖိုးကျားအကြောင်းတွေးနေရာမှ ဟင်္သာတမြို့အနီး ညောင်ပင်ရွာဇာတိဖြစ်သော ကောလိပ်ဂျင်နေဝင်း၊ ယုန်သလင်းရွာဇာတိ အာဇာနည်ခေါင်းဆောင် မန်းဘခိုင်၊ ကွင်းကောက်ရွာဇာတိ ဝိဓူရသခင်ချစ်မောင်၊ ဟင်္သာတ ဦးမြစသည်တို့မှာလည်း မြန်မာ့သမိုင်းတွင် ထင်ရှားသော ပုဂ္ဂိုလ်များအဖြစ် သတိတရရှိနေမိပြန်သည်။ ဟင်္သာတမြို့တွင် အတုယူအားကျဖွယ်ရာကောင်းသည့် အချက်မှာ တစ်နှစ်ပတ်လုံး ဆွမ်းလောင်းပွဲ ကျင်းပနိုင်ခြင်းပင်ဖြစ်သည်။

ဟင်္သာတမြို့တွင် သက္ကရာဇ် ၁၂၆၄ ခုနှစ်မှ စတင်ကာ သုံးပင်ကွင်းရပ်ရှိ ဘုရားငါးဆူဝင်းအတွင်း ဆွမ်းချက်လောင်းလှူမှုကို တနင်္ဂနွေနေ့တိုင်း စတင်ခဲ့ရာမှ ယခုအခါ တစ်ပတ်လုံးနေ့စဉ်ရက်ဆက်နှင့် နှစ်လုံးပတ်ဆွမ်းလောင်းလှူပွဲကိုပြုလုပ်နိုင်ခဲ့ရာ ယခုအခါနှစ်ပေါင်း ၁၀၀ ကျော်ရှိခဲ့ပြီဟုသိရသဖြင့် သဒ္ဓါတရားဖြင့် ကုသိုလ်စိတ်ပွားများရသည်မှာ အမှန်ပင်။ အလှူရေစက် လက်နှင့်မကွာသည့် ဟင်္သာတမြို့သူမြို့သားများပင်ဖြစ်သည်။

ဟင်္သာတမြို့တွင်းလှည့်လည်လေ့လာနေရာမှ ညနေ ၃ နာရီရှိပြီဖြစ်ရာ ရန်ကုန်ပြန်ရန်ပြင်ရသည်။ နေ့ချင်းပြန်ခရီးလာရောက်သည်ဖြစ်ရာ ခရီးစဉ်တစ်ခုအဖြစ် အချိန်ရသမျှလေ့လာခဲ့ခြင်းဖြစ်၍ မနှံ့စပ်၊ အချိန်ရလျှင်တစ်ခေါက်ထပ်လာပြီး လေ့လာချင်စိတ်ရှိနေသေးသည်။ အခုတော့ ရန်ကုန်သို့ ပြန်ရပေဦးမည်။

# တစ်ခါတုန်းက နယ်စပ်ဒေသမှာ (၁၆)

**မြင့်စိုး (နတလ)**

**မြို့နယ်ချင်း မတူသော၊ ပြည်နယ်/တိုင်း ဒေသကြီးချင်းမတူသော၊ နေရပ်ဒေသ အသီးသီးမှ တိုင်းရင်းသားသွေးချင်း များသည် ခရီးစဉ်ကာလအတွင်း အတူ တကွ ရင်းနှီးချစ်ကြည်စွာ နေထိုင်ကြ ရင်းဖြင့် လူမျိုးတစ်မျိုး၏ ရိုးရာယဉ် ကျေးမှုဓလေ့ထုံးစံများကို အခြားလူမျိုး များက တွေ့မြင်လေ့လာ သိရှိခွင့်ရမည်**



နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ရက်ပေါင်း ၁၀၀ အတွင်း ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရာတွင် လုပ်ငန်းစဉ်(၉)ရပ် ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က ရုပ်မြင်သံကြားနှင့် သတင်းစာများမှတစ်ဆင့် ပြည်သူလူထုထံ ရှင်းလင်းချပြခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်မည့် လုပ်ငန်းစဉ်(၉)ရပ်ထဲမှ ဆဋ္ဌမလုပ်ငန်းစဉ်မှာ နယ်စပ်ဒေသများတွင် နေထိုင်လျက်ရှိကြသော တိုင်းရင်းသားသွေးချင်းများကို နေပြည်တော်သို့ဖိတ်ကြားခေါ်ယူ၍ လေ့လာရေးခရီးစဉ်များ စီစဉ်ပို့ဆောင်ပေးရန်ဖြစ်ပါသည်။ မြို့နယ်ချင်းမတူသော၊ တိုင်းဒေသကြီး / ပြည်နယ်ချင်းမတူသော၊ နေရပ်ဒေသအသီးသီးမှ တိုင်းရင်းသားသွေးချင်းများသည် ခရီးစဉ်ကာလအတွင်း အတူတကွရင်းနှီးချစ်ကြည်စွာ နေထိုင်ကြရင်းဖြင့် လူမျိုးတစ်မျိုး၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို အခြားလူမျိုးများက တွေ့မြင်လေ့လာ သိရှိခွင့်ရမည်။ အချင်းချင်းဖလှယ်ခွင့်ရမည်။ ထို့အပြင် မိမိတို့တိုင်းရင်းသားအားလုံးသည် ရှေးနှစ်ပေါင်းများစွာကပင် အမိနိုင်ငံတော်ကြီးအတွင်း အေးအတူပူအမျှ ဥမကွဲသိုက်မပျက် အတူလက်တွဲနေထိုင်လျက်ရှိကြသည်ဟူသော အသိ၊ အတွေးအမြင်တို့နှင့်အတူ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာ ထွန်းကားပြန့်ပွားလာစေရန်ကိုလည်း ရည်ရွယ်ပါသည်။ ယင်းအပြင် လေ့လာရေးခရီးစဉ်များမှရရှိသော အသိပညာ ဗဟုသုတများကို မိမိတို့ရပ်ရွာဒေသအကျိုးအတွက် ပြန်လည် ဝေမျှအသုံးချနိုင်သကဲ့သို့ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း မျက်ဝါးထင်ထင် ကြည့်ရှုလေ့လာခွင့်ရမည်ဖြစ်ပေသည်။

နိုင်ငံတော်အစိုးရသစ်လက်ထက် နယ်စပ်ရေးရာဝန်ကြီးဌာနက ပထမဆုံးဖိတ်ကြားခေါ်ယူမည့် တိုင်းရင်းသားအဖွဲ့များမှာ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီး၊ မြဝတီ၊ ကော့ကရိတ်၊ လှိုင်းဘွဲ့နှင့် ဘားအံမြို့နယ်များမှ ကရင်တိုင်းရင်းသား တိုင်းရင်းသူ ၂၅ ဦး၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်နှင့် မန်တုံမြို့နယ်များအတွင်းမှ ပလောင်တိုင်းရင်းသား တိုင်းရင်းသူ ၂၅ ဦး၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံနှင့် ပင်းတယမြို့နယ်များအတွင်းမှ ဓနုတိုင်းရင်းသား တိုင်းရင်းသူ ၂၀ စုစုပေါင်း ၇၀ တို့ဖြစ်ပါသည်။ တိုင်းရင်းသားအဖွဲ့များ ရောက်ရှိလာချိန်တွင် တည်းခိုနေထိုင်ရေး ကိစ္စအဝဝတို့အတွက် ကြိုတင်ညှိနှိုင်းစီစဉ်ထားရှိပြီး ဖြစ်သည်။ နေပြည်တော်တွင် ရောက်ရှိနေထိုင်စဉ် ဉပ္ပါတသန္တိစေတီတော်မြတ်ကြီးကို ဖူးမြော်ခွင့်ရမည်ဖြစ်သကဲ့သို့ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်နှင့် သံဝေဇနီယလေးဌာနတို့ သို့လည်းကောင်း၊ မဟာသကျရံသီ ရုပ်တော်မူရုပ်ပွားတော်မြတ်ကြီးသို့လည်းကောင်း ပို့ဆောင်ဖူးမြော်စေပါမည်။ နေပြည်တော်တွင် ကြည့်ရှုလေ့လာစရာ နေရာဌာနများကလည်း အသင့်ရှိနေပါသည်။ နိုင်ငံတော်အတွက် အရေးကြီးကိစ္စရပ်များကို အဆုံးအဖြတ် ပေးနေသော ပြည်သူ့လွှတ်တော်ကျင်းပနေပုံများကိုလည်းကောင်း၊ ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်းမှသည် မြန်မာ့လက်မှု အနုပညာပြခန်းနှင့် အာဆီယံပြခန်းများအထိ စနစ်တကျခင်းကျင်းပြသထားသော အမျိုးသားပြတိုက်ကြီးကိုလည်းကောင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို အသက်ပေး၍ ကာကွယ်စောင့်ရှောက်နေသော တပ်မတော်အကြောင်း သိကောင်းစရာ ကြည်း၊ ရေ၊ လေပြခန်းများနှင့် လက်ရုံးတပ်ဖွဲ့ပြခန်းများကို ကျယ်ကျယ်ပြန့်ပြန့် ခင်းကျင်းပြသထားသည့် တပ်မတော်စစ်သမိုင်းပြတိုက်ကြီး သို့လည်းကောင်း လေ့လာခွင့်ရအောင် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ယင်းအပြင် ဓာတုဆေးဝါးကင်းလွတ် သြဂဲနစ်စိုက်ခင်းများဆီသို့လည်း ရောက်ရှိမည်ဖြစ်ပါသည်။

**မကြာမီကာလ၌ ကရင်၊ ပလောင်နှင့် ဓနုတိုင်းရင်းသား တိုင်းရင်းသူများ နေပြည်တော်သို့ ရောက်ရှိလာကြပေဦးမည်။ ရင်းနှီး ချစ်ကြည်စွာ အတူတကွ သွားလာနေထိုင်ကြပါမည်။ ၎င်းတို့သည် ယင်းဒေသအတွက် အမှတ်တရ များစွာကို ယူဆောင်သွားမည်ဖြစ်သကဲ့သို့ အမှတ်တရများစွာကိုလည်း ချန်ရစ်ခဲ့ကြပါလိမ့်မည်။ သေချာတာတစ်ခုကတော့ ပြည်ထောင်စုစိတ်ဓာတ် ပန်းရနံ့တွေ ထုံမွှမ်းသင်းပျံ့လို့နေမည်မှာ အမှန်ပင်**

ဤမျှမကသေးပါ။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းတည်းဟူသော တိုင်းရင်းသားသွေးချင်းများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အထိမ်းအမှတ်များ၊ လူမှုစီးပွားဘဝ အခြေအနေများကို တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း ကြည့်ရှုလေ့လာနိုင်သော အမျိုးသားအထိမ်းအမှတ်ဥယျာဉ်သို့လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တောရိုင်းတိရစ္ဆာန် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် ဆက်နွှယ်လေ့လာနိုင်သော နေပြည်တော်တိရစ္ဆာန်ဥယျာဉ်သို့လည်းကောင်း၊ ရုပ်မြင်သံကြား ရိုက်ကူးထုတ်လွှင့်ပုံအဆင့်ဆင့်နှင့် တိုင်းရင်းသားဘာသာ ထုတ်လွှင့်မှုတို့ကို လေ့လာနိုင်မည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားတို့သို့လည်းကောင်း၊ တိုင်းရင်းသား တိုင်းရင်းသူများ အပန်းဖြေနားနေကြည့်ရှုခံစားနိုင်မည့် နေပြည်တော် ရေပန်းဥယျာဉ်သို့လည်းကောင်း၊ ဒေသထွက်ကုန်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ဝယ်ယူနိုင်ရန်အတွက် ဈေးများသို့လည်းကောင်း စီစဉ်ပို့ဆောင်ပေးမည်ဖြစ်ပါသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်နှင့်အတူ ပြန်လည်ပေါ်ထွက်လာသည့် တိုင်းရင်းသားအဖွဲ့များ လေ့လာရေးခရီးစဉ်ကို လှိုက်လှဲဝမ်းသာစွာ ကြိုဆိုမိပါသည်။ ထိုအစီအစဉ်မျိုး ယခင်ကမရှိမဟုတ် ရှိခဲ့ဖူးပါသည်။ တိုင်းရင်းသားအဖွဲ့ပေါင်းများစွာကို ဖိတ်ကြားခေါ်ယူ၍ စီစဉ်ဆောင်ရွက်ပေးခဲ့ဖူးကြပါသည်။ နေပြည်တော်တွင် မဟုတ်ပါ။ ဝန်ကြီးဌာနများ ရန်ကုန်တွင်ရှိစဉ်ကာလ ၂၀၀၄ ခုနှစ်အချိန်ထိဖြစ်ပါသည်။ ထို့နောက်ပိုင်း အဆက်ပြတ်သွားသည်မှာ ဆယ်စုနှစ်တစ်ခုတိုင် ကျော်လာခဲ့ပြီဖြစ်၏။ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးရဲနိုင်ကပြီးခဲ့သည့် ၂၀၁၅ခုနှစ် ဒီဇင်ဘာလကတည်းက ထိုကိစ္စကို ပြန်လည်အကောင်အထည်ဖော်ကြရန် ၎င်း၏ စိတ်ကူးစိတ်သန်းကို ထုတ်ဖော်ပြောပြခဲ့ဖူးသည်။ တိုင်းရင်းသား လေ့လာရေးခရီးစဉ်များသည် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အမှန်တကယ် အထောက်အကူဖြစ်စေသောကြောင့် မပြတ်ထိတွေ့ဆောင်ရွက်ပေးသင့်သော လုပ်ငန်းစဉ်တစ်ရပ်လည်း ဖြစ်ပေသည်။ ရှေးယခင်ကာလက ဆောင်ရွက်ပေးခဲ့ဖူးသော လေ့လာရေးခရီးစဉ်ပေါင်းများစွာ၊ တိုင်းရင်းသားအဖွဲ့ပေါင်းများစွာကို သတိရမိသည်။ အမှတ်တရ အကြောင်းအရာများစွာလည်း ရှိခဲ့ဖူးပါသည်။

'ဝ'ဒေသမှ ဦးပေါက်ယူချမ်း၏ဇနီးခေါင်းဆောင်သော အမျိုးသမီးရေးရာအဖွဲ့ရန်ကုန်မြို့သို့ လာရောက်လေ့လာစဉ် ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့အထိ ပို့ဆောင်ပေးခဲ့ဖူးကြသည်။ RCSS/ SSA မှ ဒုတိယဗိုလ်ချုပ်ကြီး ရွက်ဆစ်၏ ဆွေမျိုးသားချင်းများ အခြေချနေထိုင်ရာ ရှမ်းပြည်နယ်တောင်ပိုင်း ကျိုင်းတောင်း/ကျိုင်းခမ်းဒေသမှ ရှမ်းတိုင်းရင်းသား ရှမ်းတိုင်းရင်းသူ ၅၁ ဦးသည် ၂၀၀၁ခုနှစ် နိုဝင်ဘာလ၌ လေ့လာရေးခရီး ရောက်ရှိလာကြရာ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီးဘုရားများ ဖူးမြော်ကြည်ညိုခြင်း၊ လေ့လာကြည့်ရှုစရာနေရာများကို ပို့ဆောင်ပေးခဲ့ခြင်းတို့ အပြင် မျက်စိဆေးရုံကြီးတွင် ဆေးရုံအုပ်ကြီးဦးချစ်ကြည်နှင့် ဆရာဝန်၊ ဆရာမများက မျက်စိစမ်းသပ်မှုများပြုလုပ်ပေးခြင်း၊ မျက်မှန်များပြုလုပ်ပေးခြင်းတို့ကြောင့် သူတို့တစ်တွေ ကျေးဇူးတွေတင်ခဲ့ကြသည်။ ဒေသအခေါ် တက်ဘုံအန်ဟုခေါ်သော ကျိုင်းတောင်း ရေတံခွန်ကြီးမှ ရေအားလျှပ်စစ်ထုတ်ယူသုံးစွဲနိုင်ရေး ဆန္ဒပြင်းပြခဲ့ကြရာ တိုင်းတာရေးလုပ်ငန်းစဉ်များ အဆင့်ဆင့်ဆောင်ရွက်ပြီးနောက် ၂၀၀၉ခုနှစ်တွင် တစ်နှစ်လျှင် ကီလိုဝပ်နာရီ သန်းပေါင်း ၃၇၇ ဒသမ ၆ သန်း ထုတ်လုပ်သုံးစွဲနိုင်သော ရေအားလျှပ်စစ်စက်ရုံ တစ်ရုံပေါ်ပေါက်လာခဲ့သည်။ ၁၉၉၈ ခုနှစ်ခန့်တွင် မောင်တောဒေသမှ ရောက်ရှိလာသည့် လေ့လာရေးအဖွဲ့၌ ပန်းရှင်ထွီးဟု အမည်ရသည့် ကျောင်းသူလေးတစ်ဦးပါဝင်လာပြီး ၎င်း၏မျက်လုံးတစ်ဖက် ခွဲစိတ်ကုသနိုင်ရေးအတွက် မျက်စိအထူးကု ဆရာဝန်ကြီး ဦးကံညွန့်ထံ ပြသပေးခဲ့ဖူးသည်ကိုလည်း အမှတ်ရမိပါသည်။ တနင်္သာရီ တိုင်းဒေသကြီး မေတ္တာ / တောင်သုံးလုံးနှင့် မောတောင်ဒေသများမှ လေ့လာရေးအဖွဲ့ဝင်များ လာရောက်စဉ်ကလည်း မေတ္တာကျေးရွာကို မြို့အဆင့် ဖြစ်စေလိုကြောင်း ရင်ထဲကဆန္ဒတွေ ဖွင့်ဟပြောပြခဲ့ဖူးကြသည်။ ယနေ့တော့ မေတ္တာရွာသည်လည်း ထည်ထည်ဝါဝါ ဖွံ့ဖြိုးတိုးတက်လာခဲ့ပေပြီ။ ထိုအဖွဲ့တွင် မွေးချင်းမောင်နှမ ၁၃ ယောက်တိတိရှိသော နော်ဆာရင်းဒါးအမည်ရှိ ကရင်တိုင်းရင်းသူ လေးတစ်ဦး၊ အရပ်သုံးပေကျော်ကျော်လေးသာရှိသော ကရင်တိုင်းရင်းသားလေး မောင်စောအယ်က လို့ထူးတို့ ပါဝင်ကြသည်။ ၎င်းတို့အဖွဲ့ ပြန်သွားပြီးနောက် "မေတ္တာအရပ်ဆီမှ လာသော" ဟု အမည်ပေးထားသည့် ဆောင်းပါးတစ်ပုဒ် အမှတ်တရ ရေးခဲ့ဖူးပါသည်။

ယခုလည်း မကြာမီကာလ၌ ကရင်၊ ပလောင်နှင့် ဓနုတိုင်းရင်းသား တိုင်းရင်းသူများ နေပြည်တော်သို့ ရောက်ရှိလာကြပေဦးမည်။ ရင်းနှီးချစ်ကြည်စွာ အတူတကွ သွားလာနေထိုင်ကြပါမည်။ ၎င်းတို့သည် ယင်းဒေသအတွက် အမှတ်တရများစွာကို ယူဆောင်သွားမည်ဖြစ်သကဲ့သို့ အမှတ်တရများစွာကိုလည်း ချန်ရစ်ခဲ့ကြပါလိမ့်မည်။ သေချာတာတစ်ခုကတော့ ပြည်ထောင်စုစိတ်ဓာတ် ပန်းရနံ့တွေ ထုံမွှမ်းသင်းပျံ့လို့နေမည်မှာ အမှန်ပင်။

## နယ်မြေတည်ငြိမ်မှုမရှိသေးသည့်ဒေသမှ ကျောင်းသားကျောင်းသူများ နီးစပ်ရာကျောင်း၌ ပညာသင်ကြား



**သီပေါ ဇွန် ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် အခြေခံပညာကျောင်းများ ဇွန် ၁ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ခဲ့သဖြင့် ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြင့် ကျောင်းတက်ကာ ပညာသင်ကြားလျက်ရှိကြသည်။

နယ်မြေအေးချမ်းတည်ငြိမ်မှုမရှိသေးသည့်ဒေသမှ ကျောင်းသားကျောင်းသူလေးများ ပညာသင်ကြားရေးတွင် လစ်ဟာမှုမရှိစေရေးအတွက် မိမိတို့နှင့်နီးစပ်ရာကျောင်းများ၌ ကျောင်းတက်စေပြီး တည်ငြိမ်အေးချမ်းမှ မိမိဌာနေကျောင်းသို့ ပြန်ကြစေရန် စီစဉ်ပေးထားကြောင်း မြို့နယ်ပညာရေးမှူးဒေါ်ခင်မမလတ်ထံမှသိရသည်။

**စိုင်း(သီပေါ)**

# ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကြမ်း

**အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်**

*ယမန်နေ့မှအဆက်*

၂၆။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ဤဥပဒေအရဆောင်ရွက်သော ရေနံနှင့်ရေနံထွက်ပစ္စည်း စမ်းသပ်မှုအားလုံးတွင် အောက်ပါတို့အပါအဝင် လိုက်နာရန်လိုအပ်သည့်စည်းကမ်းချက်များကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်-

(က) စမ်းသပ်မှုစံကိရိယာသတ်မှတ်ခြင်း၊ စမ်းသပ်အတည်ပြုခြင်း၊ ပြုပြင်ခြင်းနှင့် အစားထိုးခြင်း၊

(ခ) စမ်းသပ်မှုစံကိရိယာဖြင့် စမ်းသပ်စစ်ဆေးမှုအတွက် အဖိုးအခများ သတ်မှတ်ခြင်း၊

(ဂ) စမ်းသပ်သည့်ကိရိယာတစ်ခုကို စမ်းသပ်မှုစံကိရိယာနှင့် နှိုင်းယှဉ်စစ်ဆေးသည့် လုပ်ထုံးလုပ်နည်း သတ်မှတ်ခြင်း၊

(ဃ) ထိုသို့နှိုင်းယှဉ်စမ်းသပ်သည့်ကိရိယာအတွက် ထုတ်ပေးမည့် သက်သေခံလက်မှတ်ပုံစံနှင့် တရားဝင်ကာလကို သတ်မှတ်ခြင်း၊

(င) ယင်းသက်သေခံလက်မှတ်များ၏ မှတ်ပုံတင်ပုံစံကို သတ်မှတ်ခြင်း၊

(စ) စမ်းသပ်သည့်ကိရိယာတစ်ခုအား စမ်းသပ်မှုစံကိရိယာနှင့် နှိုင်းယှဉ်စစ်ဆေးခြင်းအတွက် အဖိုးအခများ သတ်မှတ်ခြင်း၊

(ဆ) စမ်းသပ်သည့်အရာရှိများက ရေနံနှင့်ရေနံထွက်ပစ္စည်းစမ်းသပ်မှုပြုလုပ်ခြင်း၊ နမူနာများကို စမ်းသပ်စစ်ဆေးသည့်အခါ ရလဒ်များကို ပျမ်းမျှအဖြေထုတ်ခြင်းနှင့် စံအပူချိန်များမှ ပြောင်းလဲနိုင်သောအပူချိန်များကို ခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်း သတ်မှတ်ခြင်း၊

(ဇ) ရေနံနှင့်ရေနံထွက်ပစ္စည်းစမ်းသပ်မှု သက်သေခံလက်မှတ်ပုံစံနှင့် ယင်းအတွက် စည်းကြပ်မည့် အဖိုးအခများကို သတ်မှတ်ခြင်း၊

(ဈ) အုပ်စုတစ်ခုခုမှ ရေနံနှင့်ရေနံထွက်ပစ္စည်းကို စမ်းသပ်သည့် အရည်အသွေးတူညီမှုရလဒ်အပေါ် သံသယဝင်လျှင် အုပ်စုခွဲများခွဲပြီး အုပ်စုခွဲအလိုက် နမူနာရွေးချယ်ရယူ စမ်းသပ်ပြခြင်းနှင့် ယင်းနမူနာ စမ်းသပ်မှုများမှရရှိသည့် ရလဒ်များအလိုက် ပျမ်းမျှရလဒ်ရှာခြင်းကို သတ်မှတ်ခြင်း၊

(ည) ပြန်လည်စမ်းသပ်ခြင်းအတွက် အဖိုးအခများသတ်မှတ်ခြင်းနှင့် မူလစမ်းသပ်မှုသည် မှားယွင်းပါက ယင်းအဖိုးအခများကို ပြန်လည်ထုတ်ပေးရန်သတ်မှတ်ခြင်း၊

(ဋ) စမ်းသပ်ခြင်းနှင့်ဆက်နွှယ်သည့် တာဝန်များကိုဆောင်ရွက်သည့် အရာရှိ သို့မဟုတ် အဖွဲ့ အစည်းအားလုံးလိုက်နာရမည့် လုပ်ထုံးလုပ်နည်းကို သတ်မှတ်ခြင်းနှင့် ယင်းစမ်းသပ်မှုနှင့်သက်ဆိုင်သည့်ကိစ္စများကို သတ်မှတ်ခြင်း။

၂၇။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်း အခြားပုံစံတစ်မျိုးမျိုးကို စမ်းသပ်စစ်ဆေးရန် စမ်းသပ်မှုစံကိရိယာနှင့် စမ်းသပ်သည့် နည်းစနစ်များကို နည်းဥပဒေ ထုတ်ပြန်သတ်မှတ်နိုင်သည်။

**အခန်း (၅)**

**တားမြစ်ချက်များ**

၂၈။(က) မည်သူမဆို ဤဥပဒေအရ လိုင်စင်တစ်ခုခုရယူရန် လိုအပ်သည့် လုပ်ငန်း၊ ဆောင်ရွက်မှုတစ်ခုခုကို သက်ဆိုင်ရာလိုင်စင်မရရှိဘဲ ဆောင်ရွက်ခြင်းမရှိစေရ။

(ခ) မည်သူမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်များ သို့မဟုတ် ဤဥပဒေအရ ထုတ်ပေးသည့် လိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်သည်မှအပ ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ နိုင်ငံတော်အတွင်း သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားခြင်း၊ ချက်လုပ်ခြင်း၊ ရောနှောပြုပြင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ စမ်းသပ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ထုတ်လုပ်ခြင်းမပြုရ။

**အခန်း(၆)**

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း**

၂၉။ လိုင်စင်ရရှိသူက ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်တစ်ခုခုအရဖြစ်စေ၊ သက်ဆိုင်ရာလိုင်စင်ပါ စည်းကမ်းချက်အရဖြစ်စေ သတ်မှတ်ထားသော တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်လည်းကောင်း၊ လိုက်နာဆောင်ရွက်ရမည့် တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ခြင်းမရှိလျှင်သော်လည်းကောင်း သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသည့် လုပ်ငန်း၊ ဌာနသည် လိုင်စင်ရရှိသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသော ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ဂ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) လိုင်စင်ကို ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း။

၃၀။ ပုဒ်မ ၂၉ ပါ သက်ဆိုင်ရာလိုင်စင်ထုတ်ပေးသည့်လုပ်ငန်း၊ ဌာနက ချမှတ် သည့် စီမံခန့်ခွဲရေး ဆိုင်ရာအမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းအမိန့် ချမှတ်သည့်နေ့မှ ရက် ၃၀ အတွင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနသို့ အယူခံဝင်ရောက်နိုင်သည်။ ယင်းဝန်ကြီးဌာနက သက်ဆိုင်ရာလိုင်စင်ထုတ်ပေးသည့်လုပ်ငန်း၊ ဌာနကချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင် သည်။

၃၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများပါ သတ်မှတ်ချက်များနှင့်အညီ မည်သည့်လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ရုပ်စဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ ထို့ပြင် မူလကသတ်မှတ်ထားသော လိုင်စင်စည်းကမ်းချက်များကိုလည်း ပြင်ဆင်သတ်မှတ်နိုင်သည်။

**အခန်း (၇)**

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၃၂။ (က) မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ဖောက်ဖျက်ခြင်း သို့မဟုတ် ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း သို့မဟုတ် ဆောင်ရွက်ရန်တာဝန်ကို ဆောင်ရွက်ရန်ပျက်ကွက်ခြင်းပြုလျှင်၊ ပထမအကြိမ် ကျူးလွန်သောပြစ်မှုအတွက် ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက အနည်းဆုံးဒဏ်ငွေငါးသိန်းမှ အများဆုံးဒဏ်ငွေ သိန်း ၅၀ အထိ စီရင်ခြင်းခံရမည်-

(၁) အခန်း ၂ ပါ ပြဋ္ဌာန်းချက်တစ်ခုခု သို့မဟုတ် ယင်းအရ ထုတ်ပြန်သော စည်းကမ်းချက်တစ်ခုခုကို ဖောက်ဖျက်လျက် ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ နိုင်ငံတော်အတွင်း သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားခြင်း၊ ချက်လုပ်ခြင်း၊ ရောနှောပြုပြင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ စမ်းသပ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ထုတ်လုပ်ခြင်း၊

(၂) ပုဒ်မ ၁၃ အရ ထုတ်ပေးထားပြီး၊ ယင်းရရှိထားသည့် လိုင်စင်တစ်ခုခု၏ စည်းကမ်းချက်ကို ချိုးဖောက်ခြင်း၊

(၃) ရေနံနှင့်ရေနံထွက်ပစ္စည်း ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ထုတ်လုပ်ခြင်း၊ ချက်လုပ်ခြင်း၊ ရောနှောပြုပြင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းပြုသည့်နေရာတစ်ခုခုကို ကြီးကြပ် သို့မဟုတ် အုပ်ချုပ်ထားသည့်အခါတွင်ဖြစ်စေ၊ ရေနံနှင့်ရေနံထွက်ပစ္စည်းကို သယ်ယူပို့ဆောင်ဆဲအချိန်တွင်ဖြစ်စေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က) အရ အခွင့်အာဏာအပ်နှင်းထားသောအရာရှိ သို့မဟုတ် အဖွဲ့အစည်းအား ရေနံနှင့် ရေနံထွက်ပစ္စည်းနှင့်စပ်လျဉ်း၍ အသုံးပြုသည့် ထုပ်ပိုးထည့်သွင်းပစ္စည်း၊ စက်ရုံ၊ အလုပ်ရုံ၊ ကိရိယာတစ်ခုခုကို ပြသရန်ငြင်းဆန်ခြင်း သို့မဟုတ် မသိကျိုးကျွံပြုခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့်နှောင့်ယှက်ခြင်း သို့မဟုတ် စစ်ဆေးနေစဉ်အတွင်း ထိုအရာရှိ သို့မဟုတ် အဖွဲ့အစည်းအား သင့်လျော်သော အကူအညီမပေးခြင်း၊

(၄) ရေနံနှင့်ရေနံထွက်ပစ္စည်းကို ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ထုတ်လုပ်ခြင်း၊ ချက်လုပ်ခြင်း၊ ရောနှောပြုပြင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းပြုသည့်နေရာတစ်ခုခုကို ကြီးကြပ် သို့မဟုတ် အုပ်ချုပ်ထားသည်တွင် ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ခ) အရ အခွင့်အာဏာအပ်နှင်းထားသော အရာရှိ သို့မဟုတ် အဖွဲ့အစည်းအား ထိုနေရာရှိ ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို ပြသရန် သို့မဟုတ် ထိုရေနံနှင့်ရေနံထွက်ပစ္စည်းကို စစ်ဆေးရန်အတွက် လိုအပ်သော အကူအညီပေးရန် ငြင်းဆန်ခြင်း သို့မဟုတ် မသိကျိုးကျွံပြုခြင်း သို့မဟုတ် ရေနံနှင့်ရေနံထွက်ပစ္စည်း နမူနာရယူရေးအတွက် ခွင့်ပြုရန် ငြင်းဆန်ခြင်း၊

(၅) ပုဒ်မ ၃၃ အရ မတော်တဆဖြစ်ရပ်တစ်ခုခု၏ သတင်းအချက်အလက်ကိုပေးရန် တောင်းဆိုသည့်အခါ ထိုပုဒ်မအရ လိုအပ်သည့် သတင်းအချက်အလက်ကိုပေးရန် ပျက်ကွက်ခြင်း။

(ခ) မည်သူမဆို ပုဒ်မခွဲ(က)အရ ပြစ်ဒဏ်ချမှတ်နိုင်သော ပြစ်မှုတစ်ခုခုဖြင့် ပြစ်ဒဏ်စီရင်ခံရပြီးနောက်၊ ထိုပုဒ်မခွဲအရ ပြစ်ဒဏ်စီရင်ခံရနိုင်သော ပြစ်မှုတစ်ခုခုဖြင့် ထပ်မံပြစ်ဒဏ်စီရင်ခံရလျှင် ဆက်လက်ကျူးလွန်သော ပြစ်မှုတိုင်းအတွက် အနည်းဆုံးဒဏ်ငွေ ၁၀ သိန်းမှ အများဆုံးဒဏ်ငွေကျပ်သိန်း ၁၀၀ အထိဖြစ်စေ၊ ထောင်ဒဏ်အနည်းဆုံး ခြောက်လမှ အများဆုံးတစ်နှစ်အထိဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

**အခန်း (၈)**

**အထွေထွေ**

၃၃။ လူ့အသက်ဆုံးရှုံးမှု သို့မဟုတ် လူ့ခန္ဓာကိုယ်ကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ အပြင်းအထန်ထိခိုက်နစ်နာမှုဖြစ်စေသော ပေါက်ကွဲမှု သို့မဟုတ် မီးလောင်မှုတစ်ခုခုသည် ရေနံနှင့်ရေနံထွက်ပစ္စည်း မီးလောင်မှုကြောင့်ဖြစ်ပွားလျှင် သို့မဟုတ် ရေနံနှင့်ရေနံထွက်ပစ္စည်းထားရှိရာနေရာတွင်ဖြစ်စေ၊ ယင်းအနီးအနားတွင်ဖြစ်စေ ဖြစ်ပွားပြီး၊ အခြေအနေများအရ မီးလောင်မှုကြောင့် ဖြစ်ပွားတန်ရာရှိလျှင် ယင်းအချိန်က ရေနံနှင့်ရေနံထွက်ပစ္စည်းကို ကြီးကြပ်အုပ်ချုပ်ရသူသည် အနီးဆုံးသက်ဆိုင်ရာ အာဏာပိုင်ထံ ချက်ချင်းသတင်းပို့ရမည်။

၃၄။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို ပြည်တွင်းသို့တင်သွင်းခြင်း ၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားခြင်း၊ ထုတ်လုပ်ခြင်း၊ ချက်လုပ်ခြင်း၊ ရောနှောခြင်း၊ လွှဲပြောင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ စမ်းသပ်ခြင်းပြုသည့်နေရာမှ သတ်မှတ်သည့်နယ်နိမိတ်အတွင်း နေအိမ်၊ အဆောက်အအုံတည်ဆောက်ခြင်း၊ နေထိုင်ခြင်းမပြုရဟု လည်းကောင်း၊ မီးဘေးအန္တရာယ်ဖြစ်ပေါ်စေနိုင်သည့် ဆောင်ရွက်မှုတစ်စုံတစ်ရာ မပြုလုပ်ရဟုလည်းကောင်း တားမြစ်နိုင်သည်။

၃၅။ ဤဥပဒေမပြဋ္ဌာန်းမီက တည်ထောင်ထားသော ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများသည် ဤဥပဒေနှင့် ဤဥပဒေအရ ဆက်လက်ထုတ်ပြန်မည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြရမည်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနသည် ယင်းစီမံခန့်ခွဲမှုအစီအစဉ်ကို အတည်ပြုရေးအတွက် စိစစ်သုံးသပ်ရမည်။ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်သူသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်သည့် အချိန်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၃၆။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် မိမိဌာနအောက်ရှိ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းတစ်ခုခုကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေပါ လုပ်ငန်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပိုသောလုပ်ငန်းများကိုဖြစ်စေ စီးပွားရေးဆန်ဆန်ဆောင်ရွက်နိုင်ရန် အများနှင့်သက်ဆိုင်သော ကော်ပိုရေးရှင်းအဖြစ် သင့်လျော်သည့်အချိန်တွင် တည်ထောင်ဆောင်ရွက်နိုင်သည်။

၃၇။ ဤဥပဒေ ပုဒ်မ ၃၂ အရ အရေးယူသည့်ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် မှတ်ယူရမည်။

၃၈။ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သော ရေနံအက်ဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များသည် ဤဥပဒေနှင့်မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၉။ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သော ရေနံအက်ဥပဒေအရ ထုတ်ပေးခဲ့သော လိုင်စင် သို့မဟုတ် ခွင့်ပြုချက်များကို ဤဥပဒေအရ ထုတ်ပေးသောလိုင်စင် သို့မဟုတ် ခွင့်ပြုချက်များအဖြစ်မှတ်ယူ၍ ယင်းတို့တွင်ပါရှိသော သက်တမ်းနှင့် စည်းကမ်းချက်များအတိုင်း ဆက်လက်တည်ရှိစေရမည်။

၄၀။ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် မိမိ၏လုပ်ငန်းကြောင့် ပတ်ဝန်းကျင်ကိုမထိခိုက်စေရန် တည်ဆဲဥပဒေ၊ စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄၁။ ဤဥပဒေအရ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ လိုင်စင်တစ်မျိုးမျိုး ရယူရန်လိုအပ်သော လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်သူသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကဖြစ်စေ၊ အခြားသက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းတစ်ခုခုကဖြစ်စေ ထုတ်ပေးသည့် လုပ်ငန်းဆိုင်ရာခွင့်ပြုချက်ရရှိပြီးသော်လည်း ဤဥပဒေအရ ဆောင်ရွက်ရန်လိုအပ်သည့် လိုင်စင်လျှောက်ထားရယူခြင်းများ ပြုရမည်။

၄၂။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်ခုခု၏ အမျိုးအစားနှင့် အရည်အသွေးသတ်မှတ်ချက်ကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်။

၄၃။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်းများ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ ချက်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများတွင် ဘေးအန္တရာယ်လုံခြုံမှုရှိစေရန်အတွက် သက်ဆိုင်ရာလုပ်ငန်းများမှ တာဝန်ရှိသူများအတွက် လိုအပ်သော သင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲ၊ သရုပ်ပြပွဲနှင့် အစည်းအဝေးများကျင်းပနိုင်သည်။

၄၄။ ဤဥပဒေဆိုင်ရာ အခွန်အခများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့အကြား မည်သို့ခွဲဝေကောက်ခံသုံးစွဲရမည်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ရမည်။

၄၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ကော်မတီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၆။ ရေနံအက်ဥပဒေ (The Petroleum Act, Act No. XXX, 1934) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

# မြန်မာသင်္ဘောများ မှတ်ပုံတင်ဥပဒေကြမ်း

**အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်**

*(ယမန်နေ့မှအဆက်)*

၂၁။ မှတ်ပုံတင်အရာရှိသည် -

(က) စင်းလုံးငှားရမ်းသည့် သင်္ဘောမှတစ်ပါး အခြားသင်္ဘောများ မှတ်ပုံတင်ရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ဦးစီးဌာနက ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၂) အရ မှတ်ပုံတင်ခွင့်ပြုရန် ညွှန်ကြားသည့်အခါ လျှောက်ထားသူအား မှတ်ပုံတင်ခ၊ သင်္ဘော၏ လုံးပေါင်းတန်ချိန် နှစ်စဉ်ကြေးနှင့် အခြားအခကြေးငွေတို့ကို ပေးသွင်းစေပြီး သတ်မှတ်ချက်များနှင့်အညီ အောက်ဖော်ပြပါ အချက်အလက်များကို ယာယီမှတ်ပုံတင်စာရင်းနှင့်မှတ်ပုံတင်စာရင်းတို့တွင် သင်္ဘောအမျိုးအစားနှင့် လုပ်ငန်း အမျိုးအစား အလိုက် ခွဲခြား၍ မှတ်တမ်းတင်ပြီး မြန်မာသင်္ဘောအဖြစ် ယာယီမှတ်ပုံတင်ခြင်း သို့မဟုတ် မှတ်ပုံတင်ခြင်း ပြုလုပ်ရမည်-

(၁) သင်္ဘော၏ အမည်နှင့် သင်္ဘော၏ မှတ်ပုံတင်ဆိပ်ကမ်း အမည်၊ ယခင် မှတ်ပုံတင် သင်္ဘော၏ အမည်နှင့် ဆိပ်ကမ်းအမည် (ရှိလျှင်)၊

(၂) တိုင်းတာစစ်ဆေးရေးမှူး သို့မဟုတ် စစ်ဆေးရေးအရာရှိ၏ စစ်ဆေးချက်လက်မှတ်တွင် ပါရှိသော လုံးပေါင်းတန်ချိန်၊ အတိုင်းအတာ၊ အလျားမီတာနှင့် ရေစူးမီတာ အပါအဝင် အသေးစိတ် အချက်အလက်များ၊

(၃) သင်္ဘောပိုင်ရှင်ဖြစ်ကြောင်း ကြေညာချက်တွင် ပါရှိသော သင်္ဘော၏ မူရင်းနှင့်ဆိုင်သည့် အချက်အလက်များ၊

(၄) သင်္ဘောပိုင်ရှင်၏ အမည်၊ ရာထူးတာဝန်နှင့် နေရပ်လိပ်စာများ၊ အကယ်၍ သင်္ဘောပိုင်ရှင်တစ်ဦးထက်ပိုပါက ပိုင်ရှင်တစ်ဦးစီက သင်္ဘောတွင် ပိုင်ဆိုင်မှု အချိုးအစားများ၊

(၅) သင်္ဘောတည်ဆောက်သူ အမည်၊ နေရပ်လိပ်စာနှင့် သင်္ဘောတည်ဆောက်ခြင်းဆိုင်ရာ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဂ) ပါ အချက်အလက်များ၊

(၆) သင်္ဘောရေယာဉ်မှူး၏ အမည်နှင့် ရေယာဉ်မှူး သက်သေခံလက်မှတ် အထောက်အထား၊

(၇) သင်္ဘောအား ပေါင်နှံသူနှင့် အပေါင်ခံသူ အမည်၊ နေရပ်လိပ်စာနှင့် စာချုပ်ပါ အဓိကအချက်များ (ရှိလျှင်)၊

(၈) ယခင် သင်္ဘောမှတ်ပုံတင်လက်မှတ်အား ဆိုင်းငံ့ခြင်း၊ ရပ်စဲခြင်းနှင့် ပယ်ဖျက်ခြင်းများ (ရှိလျှင်)၊

(၉) အပြည်ပြည်ဆိုင်ရာသုံး သိသာထင်ရှားစေသည့် သင်္ကေတနှင့် စာလုံးများ (distinctive number and call sign) အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်က သတ်မှတ်ပေးသော နံပါတ် ( IMO number ) (ရှိလျှင်)၊

(၁၀) ဤဥပဒေအရ ထုတ်ပြန်သည့် သတ်မှတ်ချက်များပါ အခြား သတ်မှတ်ချက်များ။

(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ခြင်းကို မှတ်တမ်းတင်ပြီးနောက် ဦးစီးဌာနက သတ်မှတ်သော တရားဝင်မှတ်ပုံတင်အမှတ်နှင့် မှတ်ပုံတင် စည်းကမ်းချက်များနှင့်အတူ လျှောက်ထားသူအားယာယီ မှတ်ပုံတင်လက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ထုတ်ပေးသော ယာယီမှတ်ပုံတင်လက်မှတ် ကိုင်ဆောင်သူက သတ်မှတ်ထားသော ယာယီမှတ်ပုံတင်သက်တမ်း ကာလအတွင်း လိုအပ်သော သက်သေခံလက်မှတ်နှင့် အထောက်အထားများကို ပြည့်စုံစွာ တင်ပြပါက ထိုယာယီ မှတ်ပုံတင်လက်မှတ်ကို သိမ်းဆည်းပြီး ဦးစီးဌာနက သတ်မှတ်သော တရားဝင်မှတ်ပုံတင် အမှတ်နှင့် မှတ်ပုံတင် စည်းကမ်းချက်များနှင့်အတူ လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

၂၂။ မြန်မာ့ရေပြင်၊ နိုင်ငံခြားရေပြင်နှင့် အပြည်ပြည်ဆိုင်ရာရေပြင်တို့တွင် အသုံးပြုရန် အလို့ငှာ စင်းလုံးငှားရမ်းသည့် နိုင်ငံခြားသင်္ဘောကို ဤဥပဒေအရ သင်္ဘောမှတ်ပုံတင်ရန် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံလျှင် ဦးစီးဌာနသည် စင်းလုံးငှားရမ်းသည့် မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ပြီး မှတ်ပုံတင်လက်မှတ် ထုတ်ပေးနိုင်သည်။

၂၃။ မှတ်ပုံတင် အရာရှိသည် -

(က) စင်းလုံးငှားရမ်းသည့် သင်္ဘောအား မှတ်ပုံတင်ရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ဦးစီးဌာနက ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၂) အရ မှတ်ပုံတင်ခွင့်ပြုရန် ညွှန်ကြားသည့်အခါ လျှောက်ထားသူအား မှတ်ပုံတင်ခ၊ သင်္ဘော၏ လုံးပေါင်းတန်ချိန်၊ နှစ်စဉ်ကြေး နှင့် အခြားအခကြေးငွေတို့ကို သတ်မှတ်ချက်များနှင့်အညီ ပေးသွင်းစေပြီး အောက်ဖော်ပြပါအချက်အလက်များကို သင်္ဘောစင်းလုံးငှားရမ်းခြင်း မှတ်ပုံတင် စာရင်းတွင် စင်းလုံးငှားရမ်းသည့် သင်္ဘောအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားအလိုက် ခွဲခြား၍ မှတ်တမ်းတင်ပြီး ပြည်ပမှ စင်းလုံးငှားရမ်းသည့် သင်္ဘောအဖြစ် ယာယီမှတ်ပုံတင်ခြင်း သို့မဟုတ် မှတ်ပုံတင်ခြင်း ပြုလုပ်ရမည် -

(၁) စင်းလုံးငှားရမ်းသည့် သင်္ဘော၏ အမည်၊ သင်္ဘော၏ မှတ်ပုံတင်ဆိပ်ကမ်း အမည် နှင့် သင်္ဘောစင်းလုံးငှားရမ်းသည့် ကာလ၊

(၂) သင်္ဘောပိုင်ရှင်နှင့် စင်းလုံးငှားရမ်းသူတို့၏ အမည်၊ ရာထူးတာဝန်များ၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ၊ ဖုန်း၊ ဖက်စ်နှင့် အီးမေးလ်လိပ်စာများ၊

(၃) ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က) ၌ ပါရှိသော အချက်အလက်နှင့် အထောက်အထားများ။

(ခ) ပုဒ်မခွဲ (က)အရ မှတ်ပုံတင်ပြီးနောက် စင်းလုံးငှားရမ်းသည့် သင်္ဘောအား ယာယီမှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း၊ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းတို့နှင့် စပ်လျဉ်း၍ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၄။ (က) ဦးစီးဌာနသည် ပုဒ်မ ၁၇ အရ ယာယီမှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် လျှောက်ထားသည့် သင်္ဘောများနှင့်စပ်လျဉ်း၍ လိုအပ်သော သင်္ဘောတိုင်းတာ စစ်ဆေးချက်လက်မှတ်နှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ သက်သေခံလက်မှတ်တစ်ခုခု မပြည့်စုံသေးမီ ယာယီမှတ်ပုံတင်ပြီး ယာယီမှတ်ပုံတင်လက်မှတ် ထုတ်ပေးနိုင်သည်။

(ခ) ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပေးသည့် ယာယီ မှတ်ပုံတင်လက်မှတ်၏ သက်တမ်းသည် ခြောက်လထက် မပိုစေရ။

(ဂ) ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပေးသည့် ယာယီ မှတ်ပုံတင်လက်မှတ်ကို ကိုင်ဆောင်သူသည် ထိုသက်တမ်း ခြောက်လအတွင်း သို့မဟုတ် ဦးစီးဌာနက တိုးမြှင့်ပေးသည့် ကာလ အတွင်း လိုအပ်သော သင်္ဘောတိုင်းတာ စစ်ဆေးချက်လက်မှတ်နှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ သက်သေခံလက်မှတ်တို့ကို တင်ပြပြီး ယာယီ သက်သေခံလက်မှတ်ကို ပြန်လည်အပ်နှံ၍ မှတ်ပုံတင်လက်မှတ်ကို ထုတ်ယူရမည်။

၂၅။ (က) ပြည်တွင်းရေကြောင်းသွားသင်္ဘောငယ်များမှအပ ပုဒ်မ ၂၁၊ ပုဒ်မခွဲ(ဂ) အရ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်၏သက်တမ်းသည် တစ်ဆက်တည်း ငါးနှစ်ဖြစ်ပြီး သက်တမ်းတိုးခွင့်ရှိသည်။

(ခ) ပုဒ်မ ၂၂ အရ မှတ်ပုံတင်သော စင်းလုံးငှားရမ်းသည့် သင်္ဘော၏ မှတ်ပုံတင်လက်မှတ်သက်တမ်းသည် တစ်နှစ်ဖြစ်သည်။

၂၆။ ဝန်ကြီးဌာနသည် မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သင်္ဘောအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားအပေါ် အခြေပြု၍ မှတ်ပုံတင်ခ၊ သက်တမ်းတိုးမြှင့်ခ၊ သင်္ဘောအား နှစ်စဉ်စစ်ဆေးခ၊ ရက်လွန်ကြေးနှင့် အခြား အခကြေးငွေများကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ရမည်။

၂၇။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ပြီးသည့်အခါ အောက်ပါ စာတမ်းအမှတ်အသားများကို မှတ်ပုံတင်ရုံးတွင် ထိန်းသိမ်းထားရမည် -

(က) တိုင်းတာစစ်ဆေးရေးမှူး သို့မဟုတ် စစ်ဆေးရေးအရာရှိ၏ စစ်ဆေးချက်လက်မှတ်၊

(ခ) သင်္ဘော တည်ဆောက်သူ၏ သက်သေခံလက်မှတ်၊

(ဂ) သင်္ဘောအား ရောင်းချခြင်း၊ ပေါင်နှံခြင်း သို့မဟုတ် အခြား တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းရှိပါက ထိုလွှဲပြောင်းသည့် စာချုပ်၊

(ဃ) အရေးယူမှု သို့မဟုတ် ပြစ်ဒဏ် တစ်ရပ်ရပ် ချမှတ်ခြင်းခံခဲ့ရပါက ထိုအရေးယူမှု သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခံရသော စာတမ်းအမှတ်အသားမိတ္တူ။

၂၈။ မှတ်ပုံတင်လက်မှတ်ကို -

(က) သင်္ဘောဖြင့် တရားဝင် ရေကြောင်း သယ်ယူပို့ဆောင်ရေး ကိစ္စအတွက်သာ အသုံးပြုရမည်။

(ခ) သင်္ဘောနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်မှု၊ ရပိုင်ခွင့် သို့မဟုတ် အဖိုးအခနှင့် စပ်လျဉ်းသည့် အကြောင်းကြောင့်သော်လည်းကောင်း၊ သင်္ဘောပိုင်ရှင်၊ သင်္ဘောအပေါင်ခံသူ သို့မဟုတ် အခြား ပုဂ္ဂိုလ်တစ်ဦးက တောင်းဆိုသည့် အကျိုးသက်ဆိုင်ခွင့်နှင့် စပ်လျဉ်းသည့် အကြောင်းကြောင့် သော်လည်းကောင်း ထိန်းသိမ်းခြင်းမပြုရ။

၂၉။ ဤဥပဒေအရ မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်လက်မှတ် ထုတ်ပေးထားသော သင်္ဘောကိုသော်လည်းကောင်း၊ ယာယီ မှတ်ပုံတင်လက်မှတ် ထုတ်ပေးထားသော သင်္ဘောကိုသော်လည်းကောင်း အဆိုပါ မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း မပြုရသေးလျှင် နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ ဥပဒေအရ ထပ်မံ၍ ထိုသင်္ဘောအား မှတ်ပုံတင်ခြင်း မပြုရ။

၃၀။ (က) သင်္ဘောပိုင်ရှင်သည် မြန်မာသင်္ဘောကို နိုင်ငံခြားတိုင်းပြည် တစ်ခုခု၏ ဥပဒေအရ ထပ်မံ၍ မှတ်ပုံတင်လိုပါက မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ပေးရန် မြန်မာသင်္ဘော မှတ်ပုံတင်လက်မှတ်ကို ပူးတွဲ၍ ဦးစီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

(ခ) သင်္ဘောပိုင်ရှင်နှင့် သင်္ဘောစင်းလုံး ငှားရမ်းသူတို့သည် မြန်မာသင်္ဘောကို နိုင်ငံခြား တိုင်းပြည်တစ်ခုခု၏ ဥပဒေအရ စင်းလုံးငှားရမ်းခြင်းအတွက် မှတ်ပုံတင်၍ နိုင်ငံခြားရေပြင်နှင့် အပြည်ပြည်ဆိုင်ရာရေပြင်တို့တွင် အသုံးပြုလိုလျှင် မှတ်ပုံတင်လက်မှတ်ကို ရပ်ဆိုင်းထားရန် သို့မဟုတ် ပယ်ဖျက်ပေးရန် သော်လည်းကောင်း၊ ဦးစီးဌာန၏ သဘောတူညီချက် သို့မဟုတ် ထောက်ခံချက်ထုတ်ပေးရန်သော်လည်းကောင်း မှတ်ပုံတင်လက်မှတ်ကို ပူးတွဲ၍ ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့် အညီ လျှောက်ထားရမည်။

(ဂ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ လျှောက်ထားချက်ကို စိစစ်ပြီး မှတ်ပုံတင်လက်မှတ်ကို သတ်မှတ်ချက်များနှင့်အညီ ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း သော်လည်းကောင်း၊ သဘောတူညီချက် သို့မဟုတ် ထောက်ခံချက် လက်မှတ်ထုတ်ပေးခြင်းသော်လည်းကောင်း ပြုနိုင်သည်။

၃၁။ (က) သင်္ဘောပိုင်ရှင်သည် မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်၍ မှတ်ပုံတင်လိုလျှင် မှတ်ပုံတင်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး သုံးလ ကြိုတင်၍ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ပေးရန် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုအပ်သော တိုင်းတာစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ညီညွတ်ပါက စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်လက်မှတ်ကို သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

(ဂ) မှတ်ပုံတင်အရာရှိသည် ဦးစီးဌာနက မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခွင့်ပြုပါက မှတ်ပုံတင် သက်တမ်းတိုးမြှင့်ခ ပေးသွင်းစေပြီး သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အတူ သက်တမ်းတိုးမြှင့်ပေးသည့် မှတ်ပုံတင်လက်မှတ်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၃၂။ မည်သည့် ပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းမဆို သင်္ဘောမှတ်ပုံတင် စာရင်းကို သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်း ပြုနိုင်သည်။

၃၃။ မှတ်ပုံတင်အရာရှိကဖြစ်စေ၊ တိုင်းတာစစ်ဆေးရေးမှူးကဖြစ်စေ၊ စစ်ဆေးရေး အရာရှိကဖြစ်စေ၊ ဦးစီးဌာန၏ အခွင့်ရအရာရှိတစ်ဦးဦးကဖြစ်စေ လိုအပ်ချက်အရ တောင်းခံသည့်အခါ ရေယာဉ်မှူး သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးသည် မှတ်ပုံတင်လက်မှတ်ကို တင်ပြရမည်။

၃၄။ (က) သင်္ဘောပိုင်ရှင်သည် သင်္ဘောနှင့် စပ်လျဉ်း၍ ပေးလျော်ရန် တောင်းဆိုမှု သို့မဟုတ် တရားစွဲဆိုမှု မရှိပါက မှတ်ပုံတင် သက်တမ်းကုန်ဆုံးသည့် အခါဖြစ်စေ၊ မှတ်ပုံတင် သက်တမ်းကာလအတွင်းဖြစ်စေ နိုင်ငံခြား သင်္ဘောအဖြစ် မှတ်ပုံတင်လိုလျှင် နိုင်ငံခြား မှတ်ပုံတင်အဖြစ်သို့ ပြောင်းလဲ၍ မှတ်ပုံတင်လိုသည့် အကြောင်းပြချက်နှင့်အတူ ခွင့်ပြုချက် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လျှောက်ထားသည့် သင်္ဘောနှင့်စပ်လျဉ်း၍ ပေးလျော်ရန် တောင်းဆိုမှု သို့မဟုတ်တရားစွဲဆိုမှုမရှိသည့်အပြင် သင့်လျော်သည်ဟု ထင်မြင်ပါက လျှောက်ထားချက်ကို ခွင့်ပြုနိုင်သည်။ ထိုသို့ခွင့်ပြုပါက မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည်။

၃၅။ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် မြန်မာသင်္ဘောများ မှတ်ပုံတင်အက်ဥပဒေ ( The Myanmar Registration of Ships Act ) အရ မှတ်ပုံတင်ထားသည့် သင်္ဘော၏ သင်္ဘောပိုင်ရှင်သည် ထိုသင်္ဘောကို ဤဥပဒေ အာဏာတည်ပြီးနောက် တစ်နှစ်အတွင်း သတ်မှတ်ချက်များနှင့် အညီ ပြန်လည်မှတ်ပုံတင်ရမည်။ ထိုကာလ အတွင်း ပြန်လည်မှတ်ပုံတင်ခြင်းမပြုပါက မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

## အခန်း (၉)
## မှတ်ပုံတင်လက်မှတ် ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်းနှင့် ပြောင်းလဲခြင်း

၃၆။ (က) ရေယာဉ်မှူး သို့မဟုတ် သင်္ဘောပိုင်ရှင်သည် အကြောင်းတစ်ခုခုကြောင့် မှတ်ပုံတင်လက်မှတ်ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းဖြစ်သည့်အခါ မူရင်းခွဲ မိတ္တူထုတ်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး သတ်မှတ်ထားသော မိတ္တူကူးခပေးသွင်းစေပြီး မူရင်းခွဲမိတ္တူကို လျှောက်ထားသူအား ထုတ်ပေးနိုင်သည်။

၃၇။ သင်္ဘောပိုင်ရှင်သည် မြန်မာသင်္ဘောနှင့် စပ်လျဉ်း၍ -

(က) နေရပ်လိပ်စာနှင့် အခြားအချက်အလက်များ ပြောင်းလဲသည့်အခါ ပြောင်းလဲသည့်နေ့မှ ၁၀ ရက် အတွင်း ထိုပြောင်းလဲချက်ကို မှတ်ပုံတင်အရာရှိထံ အကြောင်းကြားရမည်။

(ခ) သင်္ဘော၏ အမည်ပြောင်းလဲလိုလျှင် သော်လည်းကောင်း၊ သင်္ဘောငယ်မှတစ်ပါး သင်္ဘော၏ မူလတည်ဆောက်ထားသည့် ဒီဇိုင်းပုံစံ၊ မှတ်ပုံတင်အတိုင်းအတာပမာဏ၊ ပင်မစက်များ၊ လုံးပေါင်းတန်ချိန်နှင့် ပိုင်ဆိုင်မှု အစုရှယ်ယာတို့ကို ပြောင်းလဲပြင်ဆင်လိုလျှင်သော်လည်းကောင်း ဦးစီးဌာန၏ စစ်ဆေးချက်နှင့် ခွင့်ပြုချက် ရရှိမှသာ ပြောင်းလဲရမည်။ ထိုပြောင်းလဲချက်ကိုလည်း ပြောင်းလဲပြီးသည့် နေ့မှ ၁၀ ရက်အတွင်း မှတ်ပုံတင်အရာရှိထံ အကြောင်းကြားရမည်။

(ဂ) နိုင်ငံတော်အတွင်း မှတ်ပုံတင်ဆိပ်ကမ်းတစ်ခုမှ အခြားတစ်ခုခုသို့ ပြောင်းလဲမှတ်ပုံတင်လိုလျှင် မှတ်ပုံတင်လက်မှတ်နှင့်အတူ ခွင့်ပြုချက် ရရှိရန် ဦးစီးဌာနသို့ လျှောက်ထားပြီး ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ပြောင်းလဲမှတ်ပုံတင်ရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ ဆားတိုင်ကျေးရွာနေ မဝေနှင်းထက် ၈/ရနခ(နိုင်)၁၅၂၀၆၅ ၏ ဖခင်အမည်မှန်မှာ ဦးအောင်တင်သောင်း ၈/ရနခ(နိုင်)၀၇၂၅၈၀ ဖြစ်ပါကြောင်း။

**ဦးအောင်တင်သောင်း**
**၈/ရနခ(နိုင်)၀၇၂၅၈၀**

### ဖခင်အမည်မှန်

ကျိုက်ထိုမြို့၊ သိမ်ဇရပ်ကျေးရွာနေ မအင်ကြင်းဖြူ၊ မသံသာမင်းတို့၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်း ၇/ဝမန(နိုင်)၀၇၉၈၉၅ ဖြစ်ပါကြောင်း။ **ဦးမင်းမင်း**

### အမည်ပြောင်း

ဦးလှိုင်ကြည်မိုး ၁၀/မဒန(နိုင်)၀၁၁၇၇၆ ၏သမီး ပန်းတနော်မြို့၊ အထက(၁)၊ တတိယတန်းမှ မယူမီလင်းအား မဟန်ရတီမိုး(ခ)မယူမီလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မဟန်ရတီမိုး(ခ) မယူမီလင်း**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉င/၃၂၈၆၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/8929 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 1E/6358 NISSAN CONDOR MK 254 ယာဉ်လက်ဝယ်ရှိသူ ဦးကျဝလိုး ၁၃/ပပက(နိုင်)၀၀၈၁၄၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8H/7601 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**

**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဆ/၉၂၉၉ Golden Light Truck (GL-01), P/U(4×2) ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာဘုန်းမြင့် ၁၂/စခန(နိုင်)၀၇၃၉၉၂က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊**

**ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊အင်းစိန်**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/6234 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ အာဟာရသုခဈေး၊ ပွဲရုံဆိုင်ခန်းအမှတ် (ပ-၃၉)အား ရန်ကုန်တိုင်းဒေသကြီး၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ရွှေဂုံတိုင်ရပ်ကွက်၊ အိမ်အမှတ်(၇၀/၂A)နေ ဒေါ်နီလာမြင့် ၁၃/လရန(နိုင်)၀၀၇၆၆၀ အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ကျီးအင်းရွာနေ ဒေါ်ဟသာ်စိုး ၉/ပမန(နိုင်)၁၈၃၃၁၁ အမည်သို့ အခွန်ထမ်းအမည် ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ဒက္ခိဏသီရိအရှေ့ရပ်၊ မြေကွက်/ဦးပိုင်အမှတ် ဒ-၂၁၈၂၊ ဧရိယာ ၀ ဒသမ ၂၂၉၈ဧကရှိ ဦးသောင်းမြင့်အမည်ပေါက် အငှားဂရန်မြေကွက် အား ဦးသောင်းမြင့် ၉/မမန(နိုင်)၀၀၅၁၃၀ (ဘ)ဦးတင်အောင်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် (၁၀၅/၁၀၆) လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ထောက်ကြန့်တိုးချဲ့ ၂/၁၊ မြေကွက်အမှတ် ၁၅၊ ဧရိယာ ၀ဒသမ ၀၂၈၈ဧ၊ မြေကွက်တည်နေရာအမှတ်-၁၅၊ ပုလဲလမ်း၊ ထောက်ကြန့်တိုးချဲ့ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် (ဦးသန်းထွန်း)အမည်ပေါက် ပါမစ်မြေအား အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူသူ ဒေါ်ဟေမာလှိုင် ၁၂/လကန(နိုင်)၁၉၈၄၀၆ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးတင်ဌေး ၁၂/မဂဒ(နိုင်)၀၇၂၄၀၈မှ ကိုယ်စားလှယ်လွှဲစာမရပ်သိမ်းကြောင်း ကျမ်းကိုန်လွှာ၊ ပါမစ်ပျောက်ဆုံးကြောင်းရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ မင်္ဂလာဒုံမြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့ကိုတင်ပြ၍ ပါမစ်ပျောက်ဆုံးဖြင့် နှစ်(၆၀)ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## တေးသီချင်းအသုံးပြုခွင့်(မူပိုင်ခွင့်)နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုလမ်း၊ အမှတ် (၇၇/E)၊ ပထမထပ် (Myanmar Event Park) ရှေ့တွင်တည်ရှိသော မြန်မာနိုင်ငံတေးသီချင်းမူပိုင်ရှင်များအသင်း (Myanmar Performance Rights Organization) (အသင်းအဖွဲ့မှတ်ပုံတင်လက်မှတ် အမှတ်နံပါတ်-၁/ ပြည်တွင်း/၀၀၂၀)အဖွဲ့ဝင်များဖြစ်ကြသော တေးရေးသူများ၏ လွှဲအပ်ညွှန်ကြားချက်များအရ အများသိစေရန် ကြေညာချက်ကို ၂၉-၃-၂၀၁၆ ကြေးမုံသတင်းစာနှင့် ၂၈-၃-၂၀၁၆ မြန်မာ့အလင်းသတင်းစာတို့တွင် အောက်ပါအတိုင်း ထည့်သွင်းကြေညာခဲ့ပါသည်။

၎င်းကြေညာချက်တွင် အောက်ပါအမည်ဖော်ပြထားသော တေးရေးသူများရေးသားပိုင်ဆိုင်သည့် တေးသီချင်းများ၏ သံစဉ်ကိုဖြစ်စေ၊ စာသားကိုဖြစ်စေ၊ ခေတ်မီတိုးတက်လာသော တေးသီချင်းအသုံးပြုမှုများဖြစ်သည့် **စင်တင်ဖျော်ဖြေခြင်း၊ ရုပ်သံထုတ်လွှင့်ခြင်း၊ Online ရောင်းဝယ်ဖြန့်ချိခြင်း၊ Telephone, Ring Tunes, Ring Tones အဖြစ် အသုံးပြုခြင်း၊ ကာရာအိုကေအဖြစ် စီးပွားဖြစ်သုံးစွဲခြင်း၊ ရန်ပုံငွေပွဲ၊ သင်္ကြန်ဖျော်ဖြေပွဲ** တို့တွင် အသုံးပြုခြင်း၊ အခြားနည်းလမ်းတစ်စုံတစ်ရာဖြင့် စီးပွားဖြစ်သုံးစွဲခြင်းတို့ကို ပြုလုပ်မည်ဆိုပါက Myanmar PRO အဖွဲ့ရုံး ဖုန်း-၀၉-၂၆၀၆၉၁၆၀၀ ထံသို့ ကြိုတင်၍လိုအပ်သော ညှိနှိုင်းဆောင်ရွက်သဘောတူခွင့်ပြုချက်ရရှိပြီးမှသာ တေးသီချင်းများကို အသုံးပြုကြပါရန်နှင့် ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာတရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးခဲ့ပါသည်။

**Myanmar Performance Rights Organization (Myanmar PRO) အဖွဲ့ဝင်များ**

(၁) စိုင်းခမ်းလိတ်၊ (၂) သုခမိန်လှိုင်၊ (၃) ဝင်းမင်းထွေး၊ (၄) မင်းချစ်သူ၊ (၅) မြင့်မိုးအောင်၊ (၆) ရွှေဂျော်ဂျော်၊ (၇) ညီညီသွင်၊ (၈) နောင်နောင် (S.F)၊ (၉) စောခူဆဲ၊ (၁၀) ဇဝါ၊ (၁၁) R ခိုင်၊ (၁၂) ပုသိမ်မောင်စိမ်းသူ၊ (၁၃) မောင်ဆွေနွယ်၊ (၁၄) စောဘွဲ့မှူး၊ (၁၅) ထူးအိမ်သင်၊ (၁၆) ကေအေတီ၊ (၁၇) ရယ်ဂျီ၊ (၁၈) သော်ဒီဝေ၊ (၁၉) စောလင်းမိုး၊ (၂၀) ကောင်းဇော်၊ (၂၁) မိုးမင်းအိမ်၊ (၂၂) ညီညီစံ၊ (၂၃) နေဒီလင်း၊ (၂၄)မောင်ဇော်သစ်၊ (၂၅) သက်ဝင်းအောင်၊ (၂၆)ဆလိုင်း၊ (၂၇) စိုးလွင်လွင်၊ (၂၈) သန်းမောင်(စစ်တွေ)၊ (၂၉)စတုန်း၊ (၃၀) မျိုးသိမ်၊ (၃၁) ယံယံ၊ (၃၂) ဆဲလ်၊ (၃၃) လူမောင်(ဆေး/၁)၊ (၃၄) စောရန်နိုင်၊ (၃၅) ဗဒင်၊ (၃၆)ကလိုမှူး၊ (၃၇)ဖိုးခွား၊ (၃၈)ငယ်ဆူးသစ်၊ (၃၉) ကိုမျိုး (PTL)

၎င်းကြေညာချက်ထည့်သွင်းခဲ့ပြီးချိန်မှ ယခုအချိန်ထိ ပြုလုပ်ခဲ့သောစီးပွားဖြစ်သုံးစွဲမှုများအတွက် အနုပညာရှင်အချို့နှင့်စီစဉ်သူအချို့က Myanmar PRO ရုံးတွင် ညှိနှိုင်းဆောင်ရွက်သဘောတူညီမှု ရယူခဲ့ကြသဖြင့် ကျေးဇူးအထူးတင်ရှိပါသည်။

သို့ရာတွင် ထိုသို့တာဝန်သိစွာ ညှိနှိုင်းဆောင်ရွက်ရန် ဆက်လက်ပျက်ကွက်သူများလည်း ကျန်ရှိနေသေးသည်ကို ဝမ်းနည်းစွာ တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ အထက်ပါကြေညာချက်ကို လိုက်နာရန် ပျက်ကွက်ခဲ့သော အနုပညာရှင်များနှင့် ပွဲစီစဉ်သူများကို ၎င်းတို့နောက်နောင် လုပ်ဆောင်မည့်စီးပွားဖြစ်သုံးစွဲမှု အစီအစဉ်များအပါအဝင် အခြားမည်သည့်အစီအစဉ်များတွင်မဆို Myanmar PRO အဖွဲ့ဝင်သီချင်းရေးဆရာများ၏ တေးသီချင်းများအား လုံးဝသုံးစွဲခွင့်ပြုတော့မည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ယင်းပျက်ကွက်သူများအနေဖြင့် ဤကိစ္စရပ်များအား Myanmar PRO အဖွဲ့နှင့် ပြေလည်အောင် ဖြေရှင်းပြီးမှသာ တေးသီချင်းများအသုံးပြုခွင့်ကို တရားဝင်ပြန်လည်ခွင့်ပြုပေးသွားမည်ဖြစ်ပါသည်။

အထက်ပါအတိုင်း ညှိနှိုင်းဆောင်ရွက်နိုင်ပါလျက်နှင့် ညှိနှိုင်းဆောင်ရွက်ရန် ဆက်လက်၍ ပျက်ကွက်နေသူများအားလည်းကောင်း၊ နောက်နောင် Myanmar PRO ၏ မူပိုင်ခွင့်များကို ချိုးဖောက်သူများအားလည်းကောင်း၊ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာတရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးတက်ဝင်းမြင့်** | **ဦးတင်မောင်ဝင်း** |
| **တရားလွှတ်တော်ရှေ့နေ (1953/80)** | **တရားလွှတ်တော်ရှေ့နေ (1916/80)** |

**Law Office of WYNN & WIN**
**အမှတ် ၁၀/၁၂၊ ပထမထပ်၊ အခန်း (ဘီ-၅)၊ ၃၅လမ်း(လမ်းတို)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၀၇၉၇၀၇၇၊ ၀၉-၅၁၇၁၁၃၈**

## မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## မြေငှားစာချုပ်(ဂရန်)ပေးရန်အတွက် ကန့်ကွက်လွှာခေါ်ယူသည့်ကြော်ငြာစာ
## [အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများနည်းဥပဒေပုဒ်မ ၁၉(၁)နှင့် (၂)အရ]

မုံရွာခရိုင်၊ မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက်အတွင်းရှိ အောက်ဖော်ပြပါပုဂ္ဂိုလ်များမှ အောက်ဖော်ပြပါအစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေများကို မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မုံရွာမြို့သို့ မြေငှားစာချုပ်(ဂရန်)ထုတ်ပေးရန် လျှောက်ထားလာပါသည်-

| စဉ် | လျှောက်ထားသူ | | မြေဆိုင်ရာဖော်ပြချက် | | | အလားလေးရပ်ဖော်ပြချက် | | | | လျှောက်ထားသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|---|---|
| | အမည် | မှတ်ပုံတင်အမှတ် | ကွင်း/အကွက် | ဦးပိုင် | ဧရိယာ | အရှေ့ | တောင် | အနောက် | မြောက် | |
| ၁ | ဒေါ်ခိုင်စိုးမိုး | ၅/မရန(နိုင်)၁၄၀၄၇၆ | ၆၇၈-ရွာသစ် | ၃၀/၁၂ | ၀.၁၀ | ဦးဝင်းကျော်ဦး | လမ်း | ဦးသိန်းထွန်း | လမ်း | မြေငှားစာချုပ်(ဂရန်) |
| ၂ | ဦးသူရအောင် | ၅/မရန(နိုင်)၁၇၃၇၉၃ | ၆၇၈-ရွာသစ် | ၃၀/၁၃ | ၀.၁၂ | Dr ဆုမွန်မွန်အောင် | လမ်း | ဒေါ်နန်းမိုဟိန်း | လမ်း | မြေငှားစာချုပ်(ဂရန်) |
| ၃ | Dr ဆုမွန်မွန်အောင် | ၅/မရန(နိုင်)၁၅၂၂၁၂ | ၆၇၈-ရွာသစ် | ၃၀/၁၄ | ၀.၁၂ | ဒေါ်ခင်မော်နိုင် | လမ်း | ဦးသူရအောင် | လမ်း | မြေငှားစာချုပ်(ဂရန်) |
| ၄ | ဦးဝင်းကျော်ဦး | ၅/မရန(နိုင်)၀၆၄၂၄၇ | ၆၇၈-ရွာသစ် | ၃၀/၁၀ | ၀.၃၁ | လမ်း | လမ်း | - | - | မြေငှားစာချုပ်(ဂရန်) |
| ၅ | ဦးဝင်းကျော်ဦး | ၅/မရန(နိုင်)၀၆၄၂၄၇ | ၆၇၈-ရွာသစ် | ၃၀/၁၁ | ၀.၁၃ | လမ်း | ဦးပေါဆင့် | ဒေါ်ခိုင်စိုးမိုး | လမ်း | မြေငှားစာချုပ်(ဂရန်) |
| ၆ | ဦးအောင်ကျော်ဆန်း | ၅/ဘတလ(နိုင်)၀၁၉၈၉၃ | ၆၇၈-ရွာသစ် | ၃/၃ | ၀.၀၇ | - | လမ်း | ဒေါ်ခင်မော်နိုင် | လမ်း | မြေငှားစာချုပ်(ဂရန်) |
| ၇ | ဒေါ်ခင်မော်နိုင် | ၅/ဘတလ(နိုင်)၀၂၀၈၀၃ | ၆၇၈-ရွာသစ် | ၃/၄ | ၀.၀၈ | ဦးအောင်ကျော်ဆန်း | လမ်း | - | - | မြေငှားစာချုပ်(ဂရန်) |
| ၈ | ဦးသိန်းထွန်း | ၅/ဘတလ(နိုင်)၀၆၁၆၅၇ | ၆၇၈-ရွာသစ် | ၃၀/၁၅ | ၀.၁၉ | ဒေါ်ခိုင်စိုးမိုး | လမ်း | ဦးစောထွန်းသိန်း | လမ်း | မြေငှားစာချုပ်(ဂရန်) |
| ၉ | ဒေါ်မြရွှေ | ၅/ဘတလ(နိုင်)၀၈၄၃၈၂ | ၆၇၈-ရွာသစ် | F-19 | ၀.၁၉ | ဒေါ်နန်းမိုဟိန်း | လမ်း | ဒေါ်စန်းစန်းဝင်း | လမ်း | မြေငှားစာချုပ်(ဂရန်) |
| ၁၀ | ဦးဝင်းကျော်ဦး | ၅/မရန(နိုင်)၀၆၄၂၄၇ | ၆၇၈-ရွာသစ် | ၃/၅ | ၀.၁၀ | ဦးပေါဆင့် | လမ်း | - | - | မြေငှားစာချုပ်(ဂရန်) |

အထက်ဖော်ပြပါ အစိုးရစီမံခန့်ခွဲခွင့်ရှိသောမြေများကို ကန့်ကွက်လိုပါက မည်သည့်အတွက် မြေငှားစာချုပ်(ဂရန်)မပေးသင့်ကြောင်း ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် တင်ပြနိုင်သူ မည်သူကိုမဆို သိစေအပ်သည်မှာ မြေငှားစာချုပ်(ဂရန်)ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ ပြည့်မြောက်သည့်ရက် (သို့မဟုတ်) ထိုနေ့မတိုင်မီပေးပို့ရမည်။ ကန့်ကွက်လွှာအားလုံးကို စာဖြင့်ရေးသားရမည်။ ကြော်ငြာသည့်ရက်မှ ရက်ပေါင်း ၃၀ ပြည့်သည့်နောက်ပိုင်းတွင် ပေးပို့မည့်ကန့်ကွက်လွှာများကို လက်ခံလိမ့်မည်မဟုတ်ကြောင်းသိစေအပ်ပါသည်။

အကယ်၍ သတ်မှတ်သည့်ရက်(သို့မဟုတ်) ထိုနေ့မတိုင်မီ ကန့်ကွက်လွှာများကို လက်ခံရရှိခြင်းမရှိပါက အဆိုပါမြေကို မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(ဂရန်)ထုတ်ပေးမည်ဖြစ်သည်။

**ကော်လိတ္တော်အရာရှိ**



အထက်ကြည့်မြင်တိုင်ရှိ ပေ ၂၀ အကျယ် ရေမြောင်းကြီးတစ်လျှောက် အမှိုက်များပြည့်နှက်နေမှုကြောင့် မြစ်အတွင်းသို့ စီးဝင်မည့်ရေများ မစီးဆင်းတော့ဘဲ မြို့ပေါ်ရပ်ကွက်များ၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းနေမှုကိုတွေ့ရစဉ် သတင်း၊ စာမျက်နှာ-၄    ဓာတ်ပုံ-တင်ဝင်းလေး(ကြည့်မြင်တိုင်)

# မြန်မာ ယူ-၁၄ အမျိုးသမီးအသင်း တတိယနေရာလုပွဲသာ ကစားရမည်

**ဖိုးသော်ဇင်**

**ရန်ကုန် ဇွန် ၄**

လာအိုနိုင်ငံ၌ ကျင်းပလျက်ရှိသည့် အာရှ ယူ-၁၄ (အာဆီယံဇုန်) အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ မြန်မာ ယူ-၁၄ အမျိုးသမီးအသင်းမှာ ရှုံးပွဲကြုံတွေ့ပြီး တတိယနေရာလုပွဲသာ ကစားရမည်ဖြစ်သည်။

ဆီမီးပွဲစဉ်များတွင် မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ အခြားဆီမီးပွဲစဉ်တွင် ထိုင်းအသင်းက ဗီယက်နမ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းသည် တတိယနေရာလုပွဲအဖြစ် ဗီယက်နမ်အသင်းနှင့် ကစားရမည်ဖြစ်ပြီး ဗိုလ်လုပွဲတွင် ထိုင်းနှင့် ဖိလစ်ပိုင်အသင်းတို့ တွေ့ဆုံလျက်ရှိသည်။ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဇွန် ၅ ရက် (ယနေ့)တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

## မြန်မာအမျိုးသမီး လက်ရွေးစင် ဘောလုံးအသင်း အာရှထိပ်သီး တောင်ကိုရီးယားကို ဂိုးပြတ်ရှုံးနိမ့်

စာမျက်နှာ-၁၄

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၄-၆-၂၀၁၆

| | |
|---|---|
| ဂွမြို့ | ၃ ဒသမ ၁၁လက်မ |
| ခရမ်းမြို့ | ၁ ဒသမ ၆၂ လက်မ |
| ကော့ကရိတ်မြို့ | ၁ ဒသမ ၆၂ လက်မ |
| သထုံမြို့ | ၁ ဒသမ ၅၄ လက်မ |
| ဖြူးမြို့ | ၁ ဒသမ ၄၁ လက်မ |
| နမ့်စန်မြို့ | ၁ ဒသမ ၁၄ လက်မ |
| ဟသ်ာတမြို့ | ၁ ဒသမ ၀၆ လက်မ |
| သိမ်ဇရပ်မြို့ | ၁ ဒသမ ၀၂ လက်မ |

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇွန် ၄**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ မွန်ပြည်နယ်တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရခိုင်ပြည်နယ်တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာကျဲကျဲနှင့်နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။ **(မြန်မာ့အလင်း)**

# ပင်လယ်ဒီရေမြင့်တက်၍ ကုန်းတွင်းပိုင်းထိ ရေဝင်ရောက်

**ရွှေသောင်ယံ ဇွန် ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့ ကမ်းခြေတစ်လျှောက်တွင် ဇွန် ၄ ရက် နံနက်ပိုင်းက ပင်လယ်ဒီရေများ မြင့်တက်၍ ကုန်းတွင်းပိုင်းကားလမ်းနားထိ ဒီရေများလျှံတက်ရောက်ရှိလျက်ရှိသည်ကို တွေ့ရှိရသည်။ ဒီရေမြင့်တက်မှုနှင့်ပတ်သက်၍"မြန်မာရက်စွဲ ၁၄ ရက်နဲ့ဒီလောက်ရေကြီးတာ တစ်ခါမှမတွေ့ဖူးဘူး"ဟု ဒေသခံများက ဆိုကြသည်။

"အချို့နေရာတွေမှာ မာလာမုန်တိုင်းတိုက်ခတ်စဉ်က တစ်ကြိမ်သာ ရေကြီးမှုကြုံခဲ့တယ်။ ရာသီဥတုကောင်းမွန်ချိန်တွင် ဒီရေမြင့်တက်လေ့ မရှိဘူး။ မြန်မာလ ၁၅ ရက်၊ ၁ ရက်၊ ၂ ရက်နဲ့ ၃ ရက်စတဲ့ ရေထရက်တွေမှာ ဒီရေပိုမိုမြင့်တက်လာနိုင်တယ်"ဟု ဒေသခံများက ပြောသည်။ **ကိုကိုမောင် (ပြန်/ဆက်)**






